တံခွန်တိုင်
စာအုပ်တိုက်

# ညွန်းထားထား

ဆေးတက္ကသိုလ်

## သူ့ရင်ဘတ်ရဲ့ဘယ်ဘက်တစ်နေရာတွင်

သူမ-----နေထိုင်သည်



# အခန်း(၁)

ဝိုင်းစက်နက်မှောင်လွန်းသော မျက်ဝန်းရွဲကြီးတွေက မျှော်လင့်ထက်သန်မှုတွေနှင့် တလက်လက်တောက်ပလွန်းနေ ခဲ့သည်။ အခန်းကလေးထဲမှာ တိတ်ဆိတ်လွန်းပေမယ့် မျှော်လင့်ချက်တွေကတော့ ဆူညံလို့....။

"ပြောပါဦး၊ သမီးရဲ့ရည်ရွယ်ချက်ကို......"

သူ့မေမေက ကလေးမလေးကိုကြည့်ပြီး နူးညံ့သိမ်မွေ့လွန်းသောအသံဖြင့် မေးလိုက်သည်။ သူငယ်မကလေးက မြင်လိုက်ရုံနှင့်ပင် အထက်စားအသွက်စား လိမ္မာပါးနပ် ထက်မြက်သူကလေးမှန်း သိသာပေါ်လွင်လွန်းလှသည်။ သူကတော့ မပြောသေးဘဲ ကောင်မလေးကိုသာ အကဲခတ်မျက်ဝန်းများဖြင့် ခပ်ဆဆငေးစိုက်ကြည့်နေမိသည်။

"သမီး ပညာတတ်ကြီးဖြစ်ချင်ပါတယ် ကြီးကြီး၊ အတိအကျပြောရရင် ဆရာဝန်မကြီး ဖြစ်ချင်တာပါ"

သူမလေးသံက တစ်ချက်ကလေးမှ တွန့်ဆုတ်တွေဝေခြင်းမရှိဘဲ အရွယ်နှင့်မလိုက်ဖက်လှစွာပင် ပြတ်သားကြည်လင် စွာ ထွက်ပေါ်လာသည်။ မေမေက မျက်ခုံးကလေးပင့်တက်သွားကာ သဘောကျစွာ ပြုံးလိုက်စဉ် ဆရာတော်က အသံထွက် အောင် ရယ်မောတော်မူသည်။

"အဲဒါသာကြည့်တော့ ဒကာမကြီးရေ၊ ဒီ မိန်းမသား ဘယ်လောက်ပြတ်သားသလဲဆိုတာ၊ ဉာဏ်ကလည်း ထက်သလားမမေးနဲ့၊ ဖြစ်ချင်စိတ်ကလည်း အားပြင်း၊ ဖွဲလုံ့လဝီရိယကလည်း သူမတူအောင်ပဲ၊ အသက်က ဆယ့်တစ်နှစ်၊ စိတ်ဓာတ်က ဆယ်နှစ်စာလောက် ရှေ့ကို ပြေးနှင့်နေတာ၊ ကလေးက တော်လွန်းထက်လွန်းတော့ ဘုန်းကြီးတို့လို ဝေးလံသီ ခေါင်တဲ့ ရွာကလေးမှာ သူ့ကိုဆက်ထားရင် သူဖြစ်ထွန်းသင့်သလောက် ဖြစ်ထွန်းမှာမဟုတ်ဘူးလို့

ဘုန်းကြီးက ထင်တယ်လေ.... ဟုတ်ရဲ့လား၊ ဒီနှစ် ငါးတန်းကို မြို့နယ်တစ်မြို့နယ်လုံးမှာ သူပထမရတယ်၊ သူ့ကို မြေတောင်မြှောက်ပေး နိုင်ရင် ဒီကလေး ထူးချွန်ပေါက်မြောက်ဦးမှာ အသေချာပဲ၊ ဒကာမကြီးတို့ ဘယ်လိုသဘောရတုံး၊ ကလေးက မိဘတွေလည်း မရှိတော့ဘူး၊ တစ်ကောင်ကြွက်ကလေး၊ ဘာသံယောဇဉ် အနှောင်အဖွဲ့မှလည်း မရှိဘူး၊ ဘုန်းကြီးကတော့ ဒီကလေးကို ပညာတတ်ကြီးတစ်ယောက် ဖြစ်စေချင်စိတ်ပဲ ရှိတယ်လေ.....၊ ဒကာမကြီး ဆုံးဖြတ်ပါ ”

“ မှန်ပါဘုရား ....၊ တပည့်တော်ကလည်း ပညာပါရမီ ကလေးလည်း ဖြည့်ပေးချင်ပါတယ်၊ ပြီးတော့ မွေးထားတာ သားတစ်ယောက်တည်းဆိုတော့ သမီးလေးတစ်ယောက် အရမ်းလိုချင်ခဲ့တာပါ ဘုရား၊ သားကလည်း အခုဆရာဝန်တောင် ဖြစ်နေပြီဆိုတော့ ကိုယ့်အနားမှာ တီးတိုးဖော် သမီးအဖော်ကလေးလည်း လိုချင်မိပါတယ်ဘုရား၊ အရှင်ဘုရားကသာ ခွင့်ပြုတော်မူမယ်ဆိုရင် ဒီက သမီးလေးလည်း ဆန္ဒရှိမယ်ဆိုရင် တပည့်တော်က သူ့ကို ရန်ကုန်ထိခေါ်သွားပြီး ပညာသင်ပေး ပါ့မယ်ဘုရား”

“အိမ်း ......... ကောင်းလိုက်လေဗျာ၊ ဘုန်းကြီးတော့ ကြားရတာ နဲ့တင် တော်တော်စိတ်ချမ်းသာသွားပြီ၊ ကဲ “ ပန်း သတင်း ” ညည်းသဘောကို ပြောဦးလေ ”

“တပည့်တော် လိုက်သွားချင်ပါတယ် ဘုရား၊ ခွင့်ပြုပေးတော်မူပါ၊ တပည့်တော် ပညာတွေ သင်ချင်လို့ပါ ”

ကလေးမက မဆိုင်းမငံ့ပင် အဖြေပေးလျှောက်ထားရင်း ဆရာတော်ကို ဦးခိုက်ရှိခိုးကာ တဆက်တည်း မေမေနှင့် သူ့ကိုပါ ဦးခိုက်ရှိခိုးလိုက်ပါသည်။

“ သမီးကို ပညာတွေသင်ပေးမယ်ဆိုရင် ကျေးဇူးတင်လိုက်တာ ကြီးကြီးနဲ့ အစ်ကိုကြီးရယ်၊ သမီး ကျေးဇူးမမေ့ပါဘူး၊ သမီးကြိုးစားပါ့မယ်၊ ထိပ်ဆုံးရောက်အောင် ကြိုးစားပါ့မယ်၊ ကတိပေးပါတယ်၊ ဒီကျေးဇူးတွေကို

တစ်သက်မမေ့ပါဘူးရှင့် ....”

“ အဲဒါသာကြည့်တော့ဟေ့ .... ရန်ကုန်ကို ဘယ်လောက်လိုက်ချင်သလဲဆိုတာ......”

ဆရာတော်ဘုရားက ကျေနပ်စိတ်ချသွားသလို မိန့်မိန့်ကြီး ပြုံးတော်မူလေသည်။ မေမေကတော့ ပီတိပြုံးကလေးဖြင့် သူ့ကို လှမ်းကြည့်ပြီး သားသဘော ဘယ်လိုရှိသလဲဆိုသော ပုံစံမျိုး မေးကလေးဆတ်ပြသည်။ သူပြုံး၍ ခေါင်းသာညိတ်ပြ လိုက်ပါသည်။ တကယ်တော့ အဲဒီ ကလေးမကလေးရဲ့ ထက်မြတ်ရဲရင့်ဟန်ကလေးကို သူလည်း သဘောကျနေခဲ့တာပါ။ တောက်ပရွှန်းလက်သော မျက်ဝန်းတွေကို သူသဘောကျ အနှစ်ခြိုက်ဆုံး။ သူ့ကိုယ်တိုင်လည်း ပညာရေးကို အရေးထားသူမို့ ပညာသင်ချင်သူကလေးတစ်ယောက်ကို ရန်ကုန်ထိခေါ်ပြီး ပညာသင်ပေးမည့်ကိစ္စကိုသူ သဘောမတူနိုင်စရာ အကြောင်း တော့မရှိပါ .....။

ပန်းသတင်းဘေးမှာ ဘဝတူ သူငယ်ချင်းကလေးတွေ ဝိုင်းအုံနေကာ တစ်ယောက်တစ်ခွန်း အားကျစကား၊ နှုတ်ဆက် စကားတွေဆိုနေသမျှကို ပန်းက တစ်ယောက်ချင်းကို စိတ်ရှည်လက်ရှည် နှုတ်ဆက်နေခဲ့သည်။

“ပန်းရယ်.... ညည်း ကံကောင်းလိုက်တာအေ၊ စာတွေဆက်သင်ရတော့မှာပေ့ါ၊ နောင်တော့ ငါတို့ ရွာကလေးကို ညည်းမေ့သွားမှာပါအေ၊ ညည်းက ဆရာဝန်မကြီးတကယ်ဖြစ်မှာ စိတ်ချ၊ ငါ ဗေဒင်ဟောလိုက်မယ် ”

“မေ့စရာလားအေ၊ ငါ ဆရာဝန်မကြီးဖြစ်တော့ ညည်းတို့ကို ပြန်လာပြီး ဆေးကုပေးလို့ရတာ ပေ့ါအေ့၊ ဟုတ်ဘူးလား ”

“သူတို့ကားကြီးက အကောင်းစားကြီးနော်၊ ဇိမ်ရှိမှာပဲ၊ တစ်ရွာလုံးကို ထမင်းနဲ့ဟင်းကျွေးတဲ့ အလှူရှင်တွေဥစ္စာ၊ မနည်းချမ်းသာမှာအေ့၊ ညည်းတော့

ချမ်းချမ်းသာသာနေရတော့မှာ ”

“ဪ ….. ချမ်းသာဖို့ သွားတာမှ မဟုတ်တာ ရွှေရင်အေးကလည်း၊ ငါက ပညာသင်ချင်လွန်းလို့သာ လိုက်သွားရ မှာပါဟယ်”

“အစ်ကိုကြီးက ချောချက်တော် … မှုန်နေတာပဲနော်၊ ဆရာဝန်တဲ့ …… မင်းသားနဲ့တူတယ်၊ ညည်း ကံကောင်းချက်”

“ဟဲ့…. အစ်ကိုကြီးချောတာနဲ့ ငါ့ကံကောင်းတာနဲ့ ဘာဆိုင်လို့တုံး၊ အရှည်မကတော့ လုပ်တော့မယ်၊ ကဲပါ ညည်းတို့အားလုံးဆီငါစာမှန်မှန်ရေးပါ့မယ်၊ ကြီးကြီးတို့က ဆရာတော်ရဲ့ ဒကာရင်းတွေဟဲ့၊ အဆက်အသွယ် မပြတ်ပါဘူး…. သိလား၊ အဆင်ပြေရင်ပြေသလို ငါလာလည်မှာပါအေ”

ပန်းအတွက် သိမ်းစရာပစ္စည်း သိပ်များများစားစားမရှိပါ။ အဝတ်အစား သုံးစုံလောက်နှင့် စာအုပ်တချို့။ အထုပ် ကလေးပိုက်ပြီး ဆရာတော်ကို ကန်တော့ကာ ဆရာတော် သွန်သင်ဆုံးမသမျှကို တရိုတသေနာယူသည်။ ကြီးကြီးနှင့် အစ်ကို ကြီးလည်း ဆရာတော့်ကို ရှိခိုးနှုတ်ဆက်ပြီး ရန်ကုန်ပြန်ဖို့ အဆင်သင့်ဖြစ်နေပြီ။ တကယ်တမ်းခွဲရတော့မည်ဆိုတော့မှ ပန်းရင်ထဲ နင့်ခနဲဟာလာကာ မျက်ရည်ဝိုင်းချင်လာတာကို မနည်းစိတ်ထိန်းချုပ်ထားရပါသည်။ ဒီခရီးဟာ အလည် သက်သက် အပျော်သဘောသွားသော ခရီးမှမဟုတ်ဘဲ ရွာကလေးရယ်။ ပန်းပညာတွေသင်ချင်လွန်းလို့သာ ရွာကလေးနဲ့ သူငယ်ချင်းတွေကို ခွဲထားခဲ့ရမှာပါ……။

မျက်ရည်ကို ခပ်ကြမ်းကြမ်းပွတ်သုတ်ပြီး ကြွေဖြူရောင်လက်နေသော ကားကြီး၏ နောက်ခန်းထဲ တက်ထိုင်လိုက်မိ သည်။ မွှေးပျံ့အေးစက်လှသော ကားထဲမှာ ပန်း ကိုယ်ကလေးသေးနုပ်သိမ်ငယ်သွားသလို ခံစားလိုက်ရပေမယ့် ချက်ချင်းပင် အားပြန်တင်းမိသည်။ ဟင့်အင်း…. ငါဘယ်တော့မှ အားမငယ်ဘူး။ ဖွဲ့မလျှော့ဘူး၊ အမြင့်ဆုံးထိရောက်အောင် တက်ဖို့ …ပထမဆုံး ခြေလှမ်းကို

စလှမ်းရတာ ပဲ။ ဘဝမှာ ငါအဖြစ်ချင်ဆုံးအရာဟာဘာလဲ၊ ပညာတွေ သင်ချင်တာမှလား၊ ဒါဆိုရင် ပညာတွေရှိရာဆီ ငါလိုက်ရမယ်လေ။

တစ်ရွာလုံးက ကလေးတွေ ကားနောက်ကနေ တအုံတမကြီးလိုက်ပြီး အောင်ဟစ်နှုတ်ဆက်လက်ပြကြသည်။ ပန်း ရှိုက်မငိုမိလေအောင် စိတ်ကို တင်းကြပ်နေအောင် ချုပ်ထိန်းထားရင် အံကိုတင်းတင်းကြိတ်ထားခဲ့မိသည်မှာ ပါးစောင်နှစ်ဖက် စလုံးသွေးစို့လာတဲ့အထိပင်ဖြစ်သည်။

"သမီး အဆင်ပြေရဲ့လား၊ နောက်တော့လည်း နေသားတကျဖြစ်သွားမှာပါကွယ် "

ကြီးကြီးက ညင်သာနူးညံ့သောအသံကလေးဖြင့် လှမ်းပြောသည်။ ပန်းက ကိုယ့်ကိုယ်ကိုယ် ချုပ်ထိန်းထားရင်း ကားမောင်း နေသော အစ်ကိုကြီးဆီ တစ်ချက်လှမ်းကြည့်လိုက်မိစဉ် ဖျတ်ခနဲ နောက်ကြည့်မှန်ကနေတဆင့် လှမ်းကြည့်လိုက် သောမျက်ဝန်းညိုများကို မြင်ရသည်။ ထိုအခိုက်မှာ သူက ပြုံးပြနေပါသည်။ အို...... နွေးထွေးလိုက်တဲ့ အပြုံး။ ပန်းရင်ထဲက အားငယ်ကြေကွဲခြင်းတွေပင် လွင့်ပြယ်သက်သာသွားသယောင်။ ပန်း မရဲတရဲကလေး ပြန်ပြုံးပြလိုက်မိပါသည်။

ကိုကို ဘာခိုင်းမလဲ .... အရိပ်ကြည့်ကာ

ခိုင်းသမျှကို တသဝေမတိမ်း လုပ်ဆောင်

ပေးရတာ ကို ပန်း ကျေနပ်။ ကိုကိုရဲ့

တင်းကြပ်သော စည်းမျဉ်းစည်းကမ်းတွေ

ကိုလည်း ပန်း နာခံလိုသည်။ ကိုကို့ရဲ့

" ညီမလေး " ဟုခေါ်သံကို မက်မက်မောမော

တန်ဖိုးထားကာ စွဲလန်းမိပါသည်။

*

## အခန်း(၂)

ကျောင်းတွေပြန်ဖွင့်ချိန်မှာ ပန်း ခြောက်တန်းစ, တက်ခွင့်ရပါသည်။ ရောက်စ,က ရွာကလေးကို လွမ်းလွန်းလှပေမယ့် ခုတော့ ကြီးကြီးပြောသလိုပင် နေသားတကျဖြစ်ခဲ့ပြီ။ ကြီးကြီးတို့က မျှော်လင့်ထားတာထက်တောင် ပို၍ ချမ်းသာကြွယ်ဝ လွန်းပါသည်။ ကြီးကြီးရဲ့ ခင်ပွန်း ဘဘက အခန်းထဲကနေ အပြင်သိပ်မထွက်။ သူနာပြုဆရာမတစ်ယောက် နေ့ညမပြတ် ထားပေးထားရသော အယ်လ်ဇိုင်းမားဝေဒနာသည် တစ်ယောက်ဖြစ်သည်။ ပန်းသိပ်နား မလည်ပေမယ့် ကိုကိုရှင်းပြ သလောက်တော့ မှတ်ဉာဏ်တွေ ချွတ်ယွင်း မေ့လျော့လာသော ရောဂါတစ်မျိုးဟု အကြမ်းဖျင်းသိခွင့်ရပါသည်။ မိသားစု ကိုပင် တစ်ခါတစ်ရံ မမှတ်မိတော့ပါတဲ့။ အစစ အရာရာ အားလုံးကို မေ့လျော့နေခဲ့ပြီ။

ဒီအိမ်ကြီးကို ရောက်ပြီးကတည်းက ပန်းက အလိုက်တသိ လိမ္မာပါးနပ်စွာနေတတ်သူမို့ ကြီးကြီးနှင့်လည်း အလွမ်းသင့်သလို ကိုကို့ရဲ့ ပုံဖော်ထုဆစ်စရာ ပုံကြမ်းကလေးလည်း ဖြစ်လာခဲ့သည် ဆိုပါစို့။ ပန်းက ကိုကို့ကို အထင်ကြီး လေးစားသလို ကိုကိုပုံသွင်းအမိန့် ပေးသမျှကိုလည်း ကျေနပ်စွာ နာယူဖို့ အဆင်သင့်။ ပန်းကို ကိုကိုလည်း ကျေနပ် အထင်ကြီးစေချင်သော ဆန္ဒကလေး ပန်းရင်ထဲမှာ ဘယ်အချိန်ကတည်းက အမြစ်တွယ်စွဲကပ်ခဲ့သည်မသိ။ ကိုကို သဘောကျ ကျေနပ်အောင် မျက်နှာလုပ်ရတာ အမော။

ဆရာဝန်တစ်ယောက်လည်းဖြစ်သလို ကိုယ်ပိုင်ဆေးခန်းကြီးတစ်ခုလည်း ဖွင့်ထားခဲ့သော ကိုကို့ကို ပန်း အရမ်း အထင်ကြီး လေးစားရလွန်းသည်။ သူ့လိုတော်ချင်ကာ သူ့လိုအလုပ်တွေ များချင်သည်။ ကြည့်ပါဦး .... ကိုကို့အသက်ဟာ ခုမှ နှစ်ဆယ့်ခြောက်နှစ်ပဲ ရှိသေးတာ။ ရောမ လူကြီးတစ်ယောက်လိုပင် ကိုယ်ပိုင်ဆေးခန်းတစ်ခုကို ဦးဆောင်ဖွင့်ထားနိုင်ပြီ။ ပန်းနှင့်ဆို အသက် ဆယ့်ငါးနှစ်ကွာသော ကိုကို့ကို ပန်းက လေးစားအထင်ကြီးလွန်းရသော ဆရာတစ်ဆူသဖွယ် ကိုးကွယ်

ဆည်းကပ်မိပါသည်။ ကိုကို ဘာခိုင်းမလဲ.... အရိပ် ကြည့်ကာ ခိုင်းသမျှကို တသဝေ မတိမ်း လုပ်ဆောင်ပေးရတာ ကို ပန်း ကျေနပ်၏ ။ ကိုကိုရဲ့ တင်းကြပ်သော စည်းမျဉ်းစည်းကမ်းတွေကိုလည်း ပန်းနာခံလိုသည်။ ကိုကို့ရဲ့ “ ညီမလေး ” ဟု ခေါ်သံကို မက်မက်မောမော တန်ဖိုးထားကာ စွဲလန်းမိပါသည်။

“ဘဝမှာ အနိုင်ရယ် အရှုံးရယ် နှစ်မျိုးပဲရှိတယ် ညီမလေး၊ နိုင်ချင်ရင် သူများထက် နှစ်ဆပိုကြိုးစားရမယ်၊ ဘယ်တော့ မှ အရှုံးမပေးရဘူး ကြားလား၊ ညီမလေးအတွက် ကိုကို အချိန်ဇယားဆွဲပေးထားမယ်၊ အဲဒီ အတိုင်း လိုက်နာနိုင်ရမယ်၊ ကျောင်းဖွင့်တာနဲ့ စာတွေကို တစ်နေ့စာတစ်နေ့ မှန်မှန်ကျေညက်နေအောင် ကျက်ရမယ်၊ ပြင်ပ ဗဟုသုတ စာဖတ်ချိန်... လေ့ကျင့်ခန်းလုပ်ချိန်ဇယားနဲ့ စနစ်တကျ ကြိုးစားလာခဲ့လို့ အခု ဒီအရွယ်မှာ ဒီလိုအောင်မြင်မှုမျိုးကို ပိုင်ဆိုင်ထားနိုင်တာ၊ ညီမလေး ပညာတတ်ဖြစ်ချင်တာမှတ်လား၊ အမြဲတမ်း ပထမရနေအောင် ကြိုးစား .....၊ အဲဒါ ကိုကို့ရဲ့ မူပဲ .....”

ဟု ဆိုကာ ပန်းအတွက် အချိန်ဇယားဆွဲပေးခဲ့ပါသည်။ ပန်းက ကျေကျေနပ်နပ်ပင် လိုက်နာခဲ့သည်။ ကျောင်းမဖွင့်ခင် ကတည်း က ကိုကိုပေးထားသော စာအုပ်တွေ၊ လေ့ကျင့်ခန်းတွင်၊ အင်္ဂလိပ်စာအုပ်တွေ၊ သင်္ချာပုစ္ဆာတွေ၊ အလီဇယားတွေနှင့် ပန်းလုံးထွေးနေခဲ့ရ သည်။ ကိုကို့စနစ်က ဆုပေး၊ ဒဏ်ပေး စနစ်ဖြစ်သည်မို့ ကိုကို့ဆီမှ ဆုတွေကို လိုချင်မက်မောစွာနှင့် ပန်း အရွယ်နှင့် မလိုက်အောင်ပင် အဆမတန် ကြိုးစားခဲ့ရပါသည်။

“ သားရယ်.... ကလေးကို ဇွတ်အတင်း Push မလုပ်ပါနဲ့ကွယ်၊ သားစိတ်ကြိုက် ပုံသွင်းယူနေမှန်း မေမေ သိပါတယ်၊ ဒါပေမယ့် ကလေးက လန့်သွားဦးမယ်၊ သူ့ခမျာ ပညာသင်ချင်လွန်းလို့ မေမေတို့နဲ့ အားကိုတကြီး လိုက်လာရှာတာလေ၊ သား သူ့ကို ကိုင်တွယ်တာ သိပ်များ ပြင်းထန်လွန်းနေသလားလို့ ”

ကြီးကြီးကပင် သူ့သားကို ကြိတ်ပြီး သတိပေးသူရတဲ့အထိ။ ထမင်းစားရင်း ပြောခဲ့တာမို့ ပန်းလည်း ကြားခွင့်ရပါ သည်။ ကိုကို့အပြုံးက ခေါင်းမာသူတစ်ယောက်၏ အပြုံးမျိုးဟု ပန်းထင်သည်။

" မေမေကလည်း ….. အိုးကောင်းကောင်းတစ်လုံးရဖို့ နာနာရိုက်မှ တော်ရုံကျမှာလေ၊ သူက ပညာသင်ချင်တာ၊ ဒီလောက်တော့ ကြိုးစားရမှာပေ့ါ၊ အားလုံးနဲ့ ယှဉ်ရင် သူထိပ်ဆုံးရောက်နေမှ ကျွန်တော်ကျေနပ်မှာ၊ သူ့ကို ဖြစ်နိုင်သရွေ့ အစွမ်းကုန်တော့ ကျွန်တော် ပုံသွင်းပေးမှာပဲ "

"အင်း…. မင်းကလည်း မင်းအဖေနဲ့ တစ်လေသံတည်းကို ထွက်နေတော့ပါလား ရွှယ်ရည်… ရယ်၊ မင်းတုန်းကလည်း မင်းအဖေ ပုံသွင်းယူခဲ့တာ အဲဒီ အတိုင်းပဲ၊ စည်းကမ်းတင်းကြပ်လွန်းလို့ မေမေ့မှာ အသက်ရှူရကြပ် ရင်မောခဲ့ရတာ ၊ အခုတစ်လှည့်လာပြန်ပြီ၊ ပန်းသတင်းကို ရွှံ့စေးတုံးတစ်တုံးရသလို မင်းစိတ်ကြိုက် ပုံသွင်းထုဆစ်တော့မှာကို မေမေမြင်ယောင်နေသေးတော့တယ်ဟေ့"

" မေမေ သဘောပေါက်သားပဲ၊ တွေ့လား၊ ညီမလေး၊ မင်းကြီးကြီး ဆူတာကို ခံပြီးတော့ကို မင်းကို ကိုကို စိတ်ကြိုက် ပုံသွင်းယူမှာ၊ မင်း ကြိုးစားဖို့ပဲ လိုတယ်"

" ဟုတ်ကဲ့ပါ ကိုကို …."

" တွေ့လား…..၊ လိုက်လည်းလိုက်တဲ့ ဆရာတပည့်ပါလားအေ "

ကြီးကြီး၏ စိတ်ပျက်ညည်းညူဟန်ကို ပန်း သဘောကျစွာ ရယ်မိပါသည်။ ပန်းကိုက ကိုကိုဆိုတဲ့ ပန်းပုဆရာကြီး ရဲ့လက်နဲ့ စိတ်ကြိုက်ထုဆစ်ပုံ သွင်းတာကို ခံယူချင်လွန်းလှတဲ့ ရွှံ့စေးတုံးကလေး ဖြစ်နေတာကို ကြီးကြီးမှ မရိပ်မိခဲ့ဘဲလေ။

ကားကို ကျောင်းရှေ့မှာ ရပ်ပေးလိုက်ပြီး ကျောင်းစိမ်းဝတ်စုံကလေးနှင့်

တက်ကြွရွှင်လန်းစွာ ပြုံးပြနှုတ်ဆက် ထွက်ခွာသွားသော သူငယ်မလေးကို မျက်စိတဆုံးငေးကြည့်ကျန်ခဲ့ရင်း သူ့နှုတ်ခမ်းက သူငယ်မလေးကို မျက်စိတဆုံး ငေးကြည့်ကျန်ခဲ့ရင်း သူ့နှုတ်ခမ်းက အလိုလိုပြုံးရိပ်သမ်းနေခဲ့တာကို သူကိုယ်တိုင်ပင် သတိမထားမိခဲ့။ ဆံပင်ရှည်နှစ်ဖက် ကျစ်ဆံမြီးရှည် နှစ်ဖက်ခွဲချည်ကာ ရင်ဖုံးအဖြူလွလွ ထဘီအစိမ်းကလေးနှင့် ထိုမိန်းကလေးကိုသူ အချိန်တိုတိုကလေး အတွင်းမှာပင် သံယောဇဉ်ဖြစ်လွယ်လွန်းခဲ့သည်။ နုနယ်ပျိုမျစ်ငယ်ရွယ် လွန်းသည်နှင့် မလိုက်အောင် အလိုက်သိလွန်း၊ ရင့်ကျက်လွန်းကာ သူ့အလိုကျ နာခံတတ်လွန်းသူကလေးမို့လည်း သူ စေတနာပိုခဲ့ခြင်း ဖြစ်သည်။ သူ့စကားတစ်ခွန်းဆို အမိန့်တစ်ခုကို နာခံတတ်တာကလေးကိုက ချစ်စရာအကောင်းဆုံး စရိုက်ကလေးဖြစ်သည်။ သူဆွဲပေးသော အချိန်ဇယား အတိုင်း တစ်သဝေမတမ်း လိုက်နာနိုင်စွမ်းရှိသည်။ ရေသာမခို မပျင်းမရိ၊ ရှေ့တစ်မျိုးကွယ်ရာတစ်မျိုး မလုပ်တတ်သော ကောင်မလေး။ မျက်လုံးတောက်တောက် ရွှန်းစိုစိုကလေးတွေနှင့် သူ့ကိုလေးစားအထင်ကြီးစွာ ကြည့်တတ်သော သူငယ်မလေး။ တစ်ခါမှညီမလေးရယ်လို့ မရှိခဲ့ဘဲ ရုတ်တရက်ကောက်ရသလို ရရှိလိုက်သော ညီမထွေးကလေးတစ်ယောက် လို သူမကို သံယောဇဉ်တွယ်မိလေသည်။

စာအုပ်ဆိုင်တွေဆီရောက်လျှင် သူမအတွက် သင့်တော်မည့်စာအုပ်တွေ ရှာဖွေဝယ်ယူရသော အလုပ်တစ်ခု သူ့မှာပိုလာခဲ့ပေမယ့် ဒါကိုဝန်တစ်ခုအနေဖြင့် သူမခံယူ။ ဆယ့်တစ်နှစ်အရွယ် ကလေးမလေးတွေရဲ့ အသုံးအဆောင်ကလေး တွေကို သူမကိုဆုချဖို့ အတွက် သူဝယ်ယူတတ်လာသည်။ ခေါင်းစည်းကလစ်လှလှကလေးတွေ၊ ဖိနပ်ကလေး၊ ဂါဝန်လှလှ ကလေး..... စသဖြင့်ပေါ့လေ။

အရင်က သူဆေးခန်းမှာ ပြန်လာလျှင် တကူးတကရယ်လို့ ဆီးကြိုမည့်သူမရှိခဲ့ပေမယ့် ခုတော့ အင်မတန် ဖားတတ်သော ဒီကောင်မလေးက

သူပြန်အလာကို ခြံဝကနေထွက်ပြီး ကြိုတတ်ပြီး သူ့အတွက် အမောပြေသစ်သီး ဖျော်ရည်အေးအေးကလေး အသင့် ဖျော်ထားတတ်သူ......။ သူက ကျောင်းပို့ရုံသာပို့ထားခဲ့ပြီး ကျောင်းဆင်းလျှင်တော့ အိမ်က ဒရိုင်ဘာကပဲ ကြိုပေးတတ်သည်။ သူ့ဆေးခန်းက အပြန်ဆို နောက်ကျတတ်သောကြောင့်ဖြစ်သည်။

တကယ်တော့လည်း သူ့ဘဝက ထူးထူးခြားခြား စိတ်ဝင်စားစရာရယ်လို့ မရှိခဲ့တာပါ။ အချိန်ဇယားနှင့် စနစ်တကျ ကြိုးစားရင်း ကြီးပြင်းခဲ့ရသူမို့ လူက စက်ရုပ်တစ်ရုပ်ပုံ ထွက်နေခဲ့တာ။ ကျောင်းတက်တုန်းကလည်း စာမှစာ။ စာနှင့် အားကစားကိုသာ စိတ်ဝင်စားခဲ့သူမို့ နှလုံးသားရေးရာကိစ္စတွေကို သူစိတ်ကိုမဝင်မစားနိုင်ခဲ့တာပါ။ မိန်းကလေးတွေကို အချိန်မပေးနိုင်တာကြောင့်လည်းပါမည်။ သူ့မှာ ရည်မှန်းချက်တွေက အပြည့်။ ဆရာဝန်ဘွဲ့ရပြီးတော့ အလုပ်တစ်ဖက်နှင့် Private Clinic တစ်ခုစတင်ဖွင့်လှစ်နိုင်အောင်သူကြိုးစား အားထုတ်ခဲ့သည်။ Clinic ဖွင့်နိုင်ခဲ့တာ တစ်နှစ်ပင် မပြည့်သေးပါ။ ခုချိန်ထိ သူကြိုးစားဆဲ . . . အောင်မြင်မှုအတန်အသင့် ရနေပြီဖြစ်ပေမယ့် သူမကျေနပ်နိုင်သေးပါ။ လုပ်စရာတွေအများကြီးပဲ သူ့မှာရှိသေးသည်။ သူပြောချင်တာက စက်ရုပ်တစ်ရုပ်လို သူ့ဘဝရဲ့ ပုံမှန်လည်ပတ်မှုတွေထဲမှာ “ပန်းသတင်း”ဆိုသော သံယောဇဉ်ပွင့် ကလေးတစ်ပွင့် စတင်ဖူးပွင့်သက်ဝင်လှုပ်ရှားလာခဲ့ခြင်းကိုဖြစ်သည်။ တခြားမိန်းကလေးတွေကို အချိန်မပေး ချင်လို့ကို ချစ်သူရည်းစားမထားခဲ့ပေမယ့် ဒီကောင်မလေးကိုကျ သူ့ညီမအထွေးဆုံးကလေးကို သံယောဇဉ်ပိုကာ အချိန်ပေး မိမှန်းမသိ ပေးတတ်လာခဲ့မိခြင်းဖြစ်သည်။

*

# အခန်း(၃)

ဒီနေ့တော့ ခါတိုင်းထက်ပို၍ တစ်နာရီလောက်စောကာ ပန်းအိပ်ရာက ထပါသည်။ အလွတ်ရနေပြီဖြစ်သော ကိုကိုဆွဲထားပေးသည့် ပန်း၏ စာကြည့်စားပွဲရှေ့နံရံမှာကပ်ထားသော အချိန်ဇယားအတိုင်း မနက်အိပ်ရာထသည်နှင့် အိပ်ရာ သိမ်းပြီးလျှင်သွားတိုက်၊ မျက်နှာသစ်ကာ ဘုရားခန်းသို့ တန်းဝင်ရပါသည်။ ဘုရားဆွမ်းတော်တို့ . . . ရေချမ်းဆီမီးတို့ကိုတော့ ကြီးကြီးပဲပုံမှန်ကပ်လေ့ရှိမြဲ။ ပန်းက ဘုရားရှိခိုးအမျှဝေ မေတ္တာပို့ပြီး ဆယ်မိနစ်တရားထိုင်ရသည်။ အလွန်တိကျသော ကိုကို့ရဲ့ အချိန်ကကွက်တိ။ ပြီးလျှင် ကိုယ်လက် လေ့ကျင့်ခန်းလုပ်ပြီး နံနက်ခင်းစာစားချိန်။ ပန်းက လေ့ကျင့်ခန်း အရင်လုပ်ပြီး မိုးဖိုဆောင်ဘက်သို့ ခပ်သွက်သွက်ကလေး ထွက်လာခဲ့သည်။ တစ်နာရီစောပြီး နိုးစက်ပေးကာ ထ,ထားသူမို့ ဒေါ်ကြီးပင် ဘာမှ မပြင်ဆင်ရသေး။

“ဟဲ့ . . . ကလေးမ၊ စောလှချည်လား . . . ဗိုက်ဆာပြီလား”

“ဟုတ်ပါဘူး ဒေါ်ကြီးရဲ့၊ ဒီနေ့ ကိုကို့အတွက် ပန်းကိုယ်တိုင်ထမင်းကြော်ပေးမလို့၊ ကာဖီရည်လည်း ပန်းပဲ ဖျော်မယ်နော်၊ ဒေါ်ကြီး ပန်းကို သင်ပေး”

“အံမယ် . . . ထူးထူးဆန်းဆန်းပါလားအေ့၊ သင်ပေးပ့ါမယ်တော်၊ ကျုပ် သက်သာတာပေ့ါ”

ထမင်းကြော်တာကတော့ ပန်းအတွက် လွယ်ကူပါသည်။ ဘုန်းကြီးကျောင်းမှာနေတုန်းက ဘုန်းကြီးတွေကို အာရုံဆွမ်းကပ်ဖို့ အတွက် ပန်းပဲကြော်ပေးရတာ လေ။ ပဲငံပြာရည်ကလေး၊ ပဲပြုတ်ကလေးတွေနှင့် အညိုရောင် ထမင်းကြော် ပူပူကလေးကို ပန်းအကြိုက်ဆုံး။ လျှပ်စစ်မီးဖိုနှင့်မို့ မီးမွှေးရတောင် သက်သာသေး။ ဒယ်အိုးထဲ ဆီထည့်၊ ကြက်သွန်နီ ကလေးတွေ ပါးပါးလှီးကာ

ကြွပ်ရှနေအောင် အရင်ကြော်ပြီးမှ ပဲပြုတ်နှင့်ထမင်းကို ပဲငံပြာရည်နှင့် အရောင်လှအောင် နယ်ထားသမျှကို ထည့်ကြော်မွှေပေးရသည်။
ထောပတ်ဆီမွှေးကလေးပါထည့်လျှင် မွှေးပျံ့လို့။ ဒေါ်ကြီးဆီက ကိုကို့အကြိုက် ကော်ဖီနှပ်နည်း၊ ဖျော်နည်းကို လက်တွေ့သင်ထား ကိုယ်တိုင်ဖျော်ပြီး ထမင်းစားခန်းထဲက စားပွဲပေါ်မှာ အဆင်သင့် ပြင်ဆင်ပြီးချိန်တွင် ပန်းကိုယ်တိုင် ခေါင်းလောင်းကလေး လှုပ်ခါပြီးခေါ်လိုက်သည်။ အချိန်က နံနက်ခင်းစာစားချိန် အတိအကျ။ ခဏနေတော့ ကြီးကြီးနှင့် ကိုကိုဆင်းလာသည်။

"ပန်းက စောလှချည်လား၊ မျက်နှာက ချွေးတဝင်းဝင်းနှင့် ဘာတွေလုပ်ထားတာတုံး"

"ကိုကို့အတွက် ထမင်းကြော်နှင့် ကာဖီရည် ပန်းကိုယ်တိုင်လုပ်တာ"

ပန်းက ပြုံးစိစိမျက်နှာကလေးဖြင့် ကိုကို့ကို မျက်နှာလိုမျက်ရဟန်ကလေးနှင့် ပြောလိုက်သည်။ ကိုကို့မျက်နှာက ပြုံးသွားသလို ကြီးကြီးက သဘောတကျရယ်မောရင်း . . .

"အောင်မယ် . . . အစ်ကိုကို ကပ်ပြီး ဖားနေပြန်ပြီ၊ ဒီကလေး"

ဟုပြောသည်။ ကိုကိုက ဘာမှမတော့မပြော။ ဒါပေမယ့် ကျေနပ်နှစ်သိမ့်နေသော မျက်နှာထားကတော့ ပေါ်လွင်၏ ။ ထမင်းကြော်ကို ပန်းကိုယ်တိုင်ပင် ထည့်ပေးလိုက်သည်။ ကိုကိုက တစ်ဇွန်းစားကြည့်ပြီး . . .

"ဟ . . . တယ်ကောင်းပါလားဟ၊ မွှေးမွှေးလေး . . . ကိုကို့အကြိုက်ပဲ၊ ကျေးဇူးပဲ ညီမလေး"

ဟုပြောရင်း ကော်ဖီကိုပါ မြည်းကြည့်သည်။

"ဒီကောင်မလေး တယ်တော်ပါလား၊ ကော်ဖီလည်း ကောင်းတယ်"

ဟု ချီးကျူးဖော်ရလေသည်။ ကြီးကြီးကတော့ တပြုံးပြုံး။

စားသောက်ပြီးတော့ စာကျက်ချိန်ရသေးသဖြင့် စာကျက်ကာ ရေမိုးချိုး
ကျောင်းဝတ်စုံလဲလှယ်ပြီးသည်နှင့် ပန်းဧည့်ခန်းထဲသို့ ကြိုဆင်းနှင့်သည်။
ကိုကိုစီးနေကျ ကတ္တီပါ အခင်း ဖိနပ်ကလေးကို ထုတ်ယူကာ ဘရပ်ရှ်ကလေးနှင့်
ပွတ်တိုက်သန့်စင်ပေးထားပြီး ကိုကိုအသင့်စီးလို့ရအောင် ချထား ပေးလိုက်၏ ။
ဆေးအိတ်ကလေးဆွဲကာ ဆင်းလာသော ကိုကိုက
ဖိနပ်ကလေးဖုန်စင်ပြောင်လက်နေတာကို သတိထားမိသွား ပြီး ပန်း၏
ခေါင်းကလေးကို တစ်ချက်ပုတ်လိုက်သည်။

“ဒီ ကောင်မလေး . . . ဒီနေ့ တော်တော်ထူးခြားနေတယ်ဟ၊

ဘာပူဆာချင်တယ် မသိဘူး၊ သိသိသာသာကို ဖားနေတာ၊

ကဲ ကဲ . . . ကားပေါ်တက်၊ ကားပေါ်ရောက်မှပြော . . .

ဟုတ်လား”

ကိုကိုက ကားကို သူကိုယ်တိုင်ပဲ မောင်းလေ့ရှိသည်။

ဒါရိုက်ဘာမောင်းတာကို ထိုင်ပြီးမစီးတတ် . . . ဟု ပြောဖူးသည်။
ပန်းကရှေ့ခန်းမှာဝင်ထိုင်ပြီး ကိုကို့မျက်နှာရိပ် မျက်နှာကဲကို အကဲခတ်ရသေးသည်။
ကြည်ကြည်လင်လင်ပဲမို့ မနက်ဖြန်အတွက် ပူဆာစရာရှိတာလေးကို ဒီနေ့ကြိုပြီး
ပူဆာထားဖို့ ဆုံးဖြတ်လိုက်သည်။

“ကဲ . . . ပြော. . . ညီမလေး၊ ကိုကို့ကို
ပူဆာချင်တာတစ်ခုခုရှိတယ်မှလား”

ကားမောင်းရင်းမှ ကိုကိုက စ၍ မေးပါသည်။ ပန်းက ကိုကို့ကိုကြည့်ကာ
. . .

“ဟုတ် . . . ဟိုလေ မနက်ဖြန် ညနေကျရင် ပန်း သူငယ်ချင်းက
မွေးနေ့ပါတီဖိတ်ထားတယ်၊ သူတို့ခြံထဲမှာ ပျော်ပွဲရွှင်ပွဲလုပ်မှာ တဲ့၊ အဲဒါ

ပန်းသွားချင်လို့ပါ”

ဟု မရဲတရဲကလေးပြောလိုက်မိသည်။ ကိုကိုက ပန်းကို မကြည့်ပါ။ ကားကိုပဲ အာရုံစိုက်မောင်းနေခဲ့သည်။

“မင်းမေ့သွားပြီလား ပန်း”

“ရှင် . . . ဘာကိုလဲ ကိုကို”

“မင်း ဒီကိုလိုက်လာတာ မွေးနေ့ပါတီပွဲတက်ဖို့လား၊ ပညာသင်ဖို့လားဆိုတာ မေ့သွားပြီလားလို့”

“ပညာသင်ဖို့ပါ ကိုကို”

ပန်း ရိပ်မိလိုက်ပြီ။ မွေးနေ့ပွဲသွားတာ . . . အပျော်အပါးခုံမင်မှာကို ကိုကိုမကြိုက်ဘူးဆိုတာကိုလေ။

“အဲဒီ မွေးနေ့ပါတီသွားပြီးရင် ဟေးလားဝါးလား ပျော်မယ်၊ အရည်မရ အဖတ်မရစကားတွေပြောကြမယ်။ အပေါ်ယံ အပြင်အဆင် အဝတ်အစားအသုံးအဆောင်တွေ ကြွားဝါမယ်၊ ရယ်ကြမောကြ ကစားကြမယ်၊ အဲဒီ နှစ်နာရီသုံးနာရီကို သွားဖြုန်းမယ့်အစား စာအုပ်တစ် အုပ်ဖတ်မိရင် မင်းအတွက် ပိုအကျိုးရှိမယ် မဟုတ်လား ပန်း၊ မင်းဘာဖြစ်လို့ ဘဝမေ့ချင်တာလဲ၊ မင်းဟာ သူဌေးသမီးမဟုတ်ဘူး။ ဘုန်းကြီးကျောင်းကနေ လာခဲ့တာ၊ ပညာသင်ချင်လွန်းလို့ လိုက်လာခဲ့တာ မဟုတ်ဘူးလား”

“ဟုတ်ပါတယ် ကိုကို၊ ပန်း ဘဝမမေ့ပါဘူး”

ကိုကို့စကားသံက ဒေါသသံမပါပေမယ့် စကားလုံးတွေကတော့ ဓားအသွားလိုပဲ ပြတ်ရှလွန်းသည်မို့ ပန်း နှလုံးသား ကလေးကို ပါးပါးရှတစေခဲ့ပါသည်။ ဘာကြောင့်မှန်းသိ ရင်ထဲ နာကျင်အားငယ်သွားပြီး မျက်ရည်ဝိုင်းလာခဲ့သဖြင့် အံကြိတ်ကာ မျက်ရည် မကျအောင်

ချုပ်ထိန်းထားလိုက်မိသည်။ ပန်း ဘဝမမေ့ပါဘူး ကိုကို။ ပန်း အသက် ဆယ့်တစ်နှစ်ပဲရှိသေးတာ။ သူငယ်ချင်းတွေနဲ့ ပျော်ရွှင် ရယ်မောရတဲ့ ဘဂကလေးကိုတော့ မိန်းကလေးပီပီ ခုံမင်မက်မောမိသေးတယ်လေ။ ဒါကို ကိုကိုမကြိုက်ဘူးဆိုတော့ ပန်းရှောင်ပ့ါမယ်။ ကိုကိုက ထပ်ပြီး စကားမဆိုတော့ပါ။ ကိုကို စိတ်ဆိုးသွားပြီလားဟု . . . တွေးရင်း ပန်းမှာ နေမထိထိုင်မသာရှိလှသည်။ ကိုကို့မျက်နှာကို မကြာခဏလှည့်ပြီး အကဲခတ်ရတာ အမောပါ။ ကိုကို့မျက်နှာညိုရင် ပန်းမနေတတ်ပါ။ ကျောင်းရှေ့မှာ ကားရပ်ပေးပြီး နှုတ်မဆက်ဘဲ ကိုကို ကားမောင်းထွက်သွားတော့ ပန်း ရင်ထဲဟာသွားကာငိုချင်သွားမိသည်။ ကံဆိုးချင်တော့ မွေးနေ့ဖိတ်သော သူငယ်ချင်းနှင့် မျက်နှာ ချင်းဆိုင် တိုးမိသည်။

"စကားပွင့် . . . နင့်မွေးနေ့ကို ငါမလာဖြစ်ဘူးနော်"

ဟု . . . အားနာသံကလေးဖြင့် လှမ်းပြောလိုက်မိသည်။ စကားပွင့်က နားမလည်သလို မျက်မှောင်ကလေးကုပ်ကာ . . .

"ဘာဖြစ်လို့လဲ . . . ပန်းကလည်း . . . လာခဲ့ပါဟာ၊ ဂိမ်း(မ်) တွေ ကစားကြမှာဟ . . . ပျော်စရာကြီး၊ နင် လာဖို့ ကားအဆင်မပြေလို့လား၊ င့ါအိမ်က ကားလွှတ်ကြိုပေးမယ်လေ"

"မဟုတ်ဘူး စကား၊ င့ါကိုကိုက ခွင့်မပြုလို့ပါ၊ င့ါဘဝက နင်တို့လိုဘဝမျိုးမဟုတ်ဘူး စကား၊ ငါ ပညာသင်ဖို့ ကိုကိုတို့အိမ်မှာ လာနေရတာ ၊ အပျော်အပါးတွေအတွက် ငါအချိန်ပေးလို့မဖြစ်ဘူး"

ကိုကို့စကားအတိုင်းနင်းပြီး ပန်းပြောမိတော့ စကားပွင့်ပင်အမြင်ကတ်သွားပုံနှင့် မျက်စောင်းချီသည်။

"အံမယ် . . . ကြီးကျယ်လိုက်တာ၊ မွေးနေ့ပွဲဖိတ်ရင် လာရတာ ယဉ်ကျေးမှုဟဲ့၊ နင်မလာလို့ ဘာမှမဖြစ်သွားပါဘူး၊ နောက်မဖိတ်ရုံပဲရှိတယ်"

ပန်း အံကြိတ်သံကလေးနှင့် ပြန်ပြောလိုက်ရင်း ချာခနဲ လှည့်ထွက်ခဲ့၏ ။

စာမေးပွဲတိုင်းမှာပန်း ပထမရမြဲဖြစ်သည်။ ရီပို့ကဒ်ကို ကိုကို့ကိုပဲပြရသည်။ ပထမရတိုင်း ပန်းကို ကိုကိုက ဆုတစ်ဆုပေးမြဲ ဖြစ်သည်။ ပန်းဘာလိုချင်သလဲဟု ကိုကိုမေးလျှင် ပန်း ဘာဖြေရမှန်းမသိ။

"ကိုကိုပေးတာပဲ လိုချင်ပါတယ်"

ဟုသာ ပန်းဖြေခဲ့သည်။ ကိုကိုပေးသော "ဆု" ကလေးတွေတိုင်းကို ပန်း မက်မောခုံမင်စွာ တန်ဖိုးထားတတ်ခဲ့၏ ။ ဆဋ္ဌမ တန်းအတန်းတင်စာမေးပွဲအောင်စာရင်းထွက်လျှင် ပန်းပဲ ပထမရသည်။ ကိုကို့မျက်နှာ ပြုံးနေလိုက်တာများ။

"ဒါမှ ပန်းသတင်း၊ မင်း အမြဲတမ်း ပထမရအောင် လုပ်၊ မင်းတော်နေတာကိုပဲ ကိုကိုမြင်ချင်တယ်၊ ကဲ . . . မင်း ဘာလိုချင်လဲ ပန်း"

ဟု . . . ကိုကိုမေးတော့ ပန်း မဖြေတတ်ပြန်။ ဒီတစ်ခါတော့ ကိုကိုဆုချသည့် ပစ္စည်းကလေးကို ပန်းအမြတ်တနိုးပင်။ သားရေလက်ပတ်ကြိုးမည်းကလေးနှင့် နာရီအဝိုင်းသေးသေးလေးဖြစ်သည်။ ပြီးတော့ သတ္တမတန်း သင်ရိုးညွှန်းတမ်းစာအုပ်စည်း တစ်ထုပ် . . .။

"နွေရာသီကျောင်းပိတ်ရက်မှာ မင်း စာတွေကြိုပြီး လေ့လာထားရမယ်၊ ကျောင်းဖွင့်တော့ မင်းအဆင်သင့်ဖြစ်နေမှာ ပေါ့။ မင်းအတွက် အချိန်ဇယားအသစ် ပြန်ဆွဲပေးမယ်၊ ညပိုင်းမှာ မင်းမသိတာ နားမလည်တာရှိရင် ကိုကို့ကို စာလာမေးလို့ ရတယ် ဟုတ်လား"

ပန်းဖြင့် မောပန်းလှချည်ရဲ့လို့ပင် မညည်းတွားချင်ပါ။ ကြီးကြီးပြောသလို ကိုကို့ကို push လုပ်လွန်းသူရယ်လို့လည်း မမြင်နိုင်ခဲ့။ ကိုကိုက ဖြစ်စေချင်သည်ဆိုလျှင် ပန်းဘက်က အမိန့်နာခံကာ ဖြစ်အောင်လုပ်ပြဖို့ အဆင့်သင့်ပင်။ ကိုယ်ပိုင်အားလပ်ချိန် ကလေးမှာတော့ ပန်းက ဒေါ်ကြီးထံမှာ ဟင်းမျိုးစုံချက်နည်း၊ မုန့်မျိုးစုံလုပ်နည်းတွေ သင်ယူခဲ့၏ ။ ပန်းကိုယ်တိုင်

ချက်သောလက်ရာတွေ၊ ကိုကို့ကို စားစေချင်သောကြောင့် ဖြစ်သည်။ နွေရာသီကျောင်းပိတ်ရက်တွေသည် ပန်းအတွက် ဘယ်လိုကုန်ဆုံးသွားမှန်းပင် မသိလိုက်နိုင်အောင် မြန်ဆန်လွန်းခဲ့တယ်ထင်မိသည်။ ကိုယ့်ရွာကလေးကိုတော့ ပန်းသတိရမိပေမယ့် ပြန်ဖို့တော့ မပူဆာမိပါ။ ဆရာတော်ဘုရားနှင့် သူငယ်ချင်းတွေဆီတော့ စာတွေမှန်မှန် ရေးပို့ ဖြစ်ခဲ့ပါသည်။

ဒီနွေရာသီမှာ ပန်းနှင့်ကိုကို ပို၍ ခင်မင်ရင်းနှီးခွင့် ရခဲ့သည်ဟုဆိုရမည်။ ကြီးကြီးက ဘဘဘေးမှာ အနေများတတ်သည်။ သူနာပြု ဆရာမ, ရှိပေမယ့် စာဖတ်ပြတာမျိုး၊ ရုပ်ရှင်အတူထိုင်ကြည့်တာမျိုး၊ ခြံထဲ လမ်းအတူလျှောက်တာမျိုး၊ ထမင်းကျွေးတာမျိုးတွေကို ကြီးကြီး ကိုယ်တိုင်ပဲ လုပ်ပေးတတ်သည်။ ဘဘရဲ့ Alzheimer's ရောဂါအခြေအနေက တတိယဆင့်ပင် ရောက်နေပါပြီ။ ကိုယ့်မိသားစုကိုပင် သတိမရတော့ပါပဲ။ အဲဒီ လိုကြားရတော့ ကြေကွဲစရာကောင်းလှပေမယ့် ကြီးကြီးရော ကိုကိုပါ ကြေကွဲနာကျင်မနေကြပါ။ ထိုအခြေအနေကို အရှိအတိုင်း လက်ခံထားလျက် သူတို့ဘက်က အကောင်းဆုံး ဂရုစိုက်ကာ ပြုစုယုယ၊ ဂရုစိုက်ပေးကြသည်။ ကိုကိုဆို လည်း အချိန်ရတိုင်း ဘဘအခန်းဆီသွားကာ ကိုယ့် ကိုသားရယ်လို့ မမှတ်မိတော့သည့် အဖေနှင့် စကားတွေ သွားပြောရင်း အချိန်ပေးတတ်သူဖြစ်သည်။

ဒီလိုနှင့်ပဲ ပန်းတို့ကျောင်းတွေ ပြန်ဖွင့်ခဲ့ပါပြီ။ ပန်းလည်း ခွန်လထဲမှာ ဆယ့်နှစ်နှစ်ပြည့်ခဲ့ပြီ။ ကောင်းကောင်းနေ ကောင်းကောင်း စားရတော့ ပန်းရဲ့ အသွေးအမွေးတောင် ပြောင်းလို့။ ရွာကနေ ရောက်လာကာစလို မည်းမည်းပိန်ပိန်ကလေး မဟုတ်တော့ပါ။ အသားအရေတွေ ဝင်းပဖြူစင်လာပြီး အရပ်လည်း ရှည်ထွက်လာသည်။ လေ့ကျင့်ခန်း ပုံမှန်လုပ်ရသည်မို့ ခန္ဓာကိုယ်က ကျစ်လျစ်ဖွံ့ထွား လို့လာသည်။ ရွာကနေ ထွက်လာကတည်းက ပန်းဆံပင်မညှပ်ဖြစ်တော့ပါ။ ကျစ်ဆံမြီးရှည်နှစ်ဖက် အမြဲခွဲစည်းထားတတ်သည်မို့ ဆံပင်တွေက ခါးအထိပင် ရှည်လာခဲ့ပြီ။

*

# အခန်း(၄)

အစမ်းစာမေးပွဲတွေမှာ ပထမချည်း ချိတ်ခဲ့ပြီးမှ ပထမအစမ်း စာမေးပွဲ ရီပို့ကဒ်ထွက်လာသောအခါ ပန်းအဆင့်က "ဒုတိယ"ဖြစ်နေသောအခါ ပန်းမျက်လုံးတွေ ပြာ၍ ပင် သွားခဲ့သည်။ ချက်ချင်းသိလိုက်ပါပြီ။ ပထမအဆင့်ကို လုယူသွားသူဟာ ဒီနှစ်မှ ကျောင်းပြောင်းလာသည့် ကောင်လေးပဲဆိုတာ။ သူက တော်လွန်းသည်။ ဆရာတွေ ဆရာမတွေ စာမေးတိုင်း သူကပဲ ဦးဆောင် လက်ထောင်ပြီး ဖြေနေကျလေ။ ဖြေတိုင်းလည်း မှားသည်ရယ်လို့ မရှိ။ အမှန်တွေချည်း။ ပုံစံကို ကြည့်လိုက်တာနှင့်တင် ထက်ထက် မြက်မြက်နှင့် ဉာဏ်ကောင်းလွန်းကာ သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ရှိသော ဆရာကြီးစတိုင်လ်ထွက်နေသည်။ ပန်းအတွက် မမျှော်လင့်ဘဲ ပေါ်ပေါက်ခဲ့သော ထိုပြိုင်ဘက်ကြောင့် ပန်းမှာ ရင်တစ်ခုလုံးပူကာ နေမထိထိုင်မသာ ရှိလွန်းလှ၏ ။ သူ့ကိုလည်း အမြင်ကတ်လိုက် တာဆိုတာ။ သူ့ပုံစံကတော့ အောင်နိုင်သူတို့ရဲ့ ထုံးစံအတိုင်း ခေါင်းတမော့မော့ တပြုံးပြုံးနှင့် ဝင့်ဝင့်ကြွားကြွားရှိလှသည်။ "ဒုတိယ"ဆို သော အဆင့်အနေအထားကြီးကို ပန်းမကြိုက်လိုက်တာ။ ပြီးတော့ ရင်ထဲသို့ ဝင်ရောက်လာသော စိုးရိမ်သောကတစ်ခု။ ကိုကို စိတ်ဆိုးတော့မှာပဲ။ ပန်းကို အမြဲတမ်း ပထမရစေချင်တာလေ။ တစ်နေ့လုံး စိတ်လေးနေခဲ့ကာ ညနေကျောင်းဆင်း အိမ်ပြန်ရောက်တဲ့အထိ စိုးရိမ်ကြောင့်ကြစိတ်တို့ဖြင့် မပျော်နိုင်ခဲ့။ ကိုကိုနှင့် ရင်ဆိုင်ရမှာကို စိုးထိတ်ကြောက်ရွံ့နေခဲ့သည်။ ထုံးစံအတိုင်း ကိုကိုဆေးခန်းက ပြန်အလာကို ကြိုပြီး ရီပို့ကဒ် ပြရသည်။ ကိုကို့မျက်နှာကို ရင်တမမနှင့် စောင့်ကြည်နေခိုက် ကိုကို့နှုတ်ခမ်းနှစ်လွှာ တင်းတင်းစေ့သွားတာကို မြင်ရပါသည်။

"ဒါက ဘယ်လိုဖြစ်တာလဲ၊ ဒုတိယ မလိုချင်ဘူး၊ ပထမနေရာမှာပဲ ရှိနေမယ်လေ၊ ဒုတိယဖြစ်သွားတယ်ဆိုတာ ပထမရတဲ့သူကို နေရာဖယ်ပေးလိုက်ရတာ မင်းအရှုံးပေးလိုက်ရတာ ၊ သူကတော်လို့လား . . မင်းက

ညံ့သွားတာလား ပန်းသတင်း”

ကိုကို့အသံက အလိုမကျမှုဖြင့် အေးစက်နေသောကြောင့် ပန်းနှုတ်ခမ်းထောင့်စွန်းကလေးတွေပင် တုန်ယင်လာခဲ့အထိ ကြောက်ရွံ့လာမိသည်။

“မေးနေတာကို ဖြေလေ . . . ”

“သူ . . သူက တော်တယ် . . ကိုကို”

သူက တော်ရင် မင်းက သူ့ထက်ပိုတော်အောင် ကြိုးစားရမယ်ဆိုတာ နားမလည်ဘူးလား ၊ သူ့ထက်နှစ်စ ပိုကြိုးစားရမှာက မင်းတာဝန်လေ၊ ပြိုင်ဘက်ပေါ်လာရင် အဲဒီ ပြိုင်ဘက်ကို ဖြတ်ကျော်တက်နိုင်အောင် ကြိုးစားရမှာက မင်းရဲ့အလုပ်လေ၊ သူ့တော်တယ်ဆို တာနဲ့ပဲ မင်းက အလွယ်တကူ စိတ်လျှော့အရှုံးပေးလိုက်ရောလား၊ အဲဒါ လူညံ့လူဖျင်းတွေရဲ့ ဆင်ခြေကွ၊ စိတ်ပျက်ဖို့ကောင်းလိုက်တာ၊ သွား . . . မင်းတစ်ခြံလုံးမှာရှိတဲ့ ပန်းပင်တွေကို ရေလောင်း၊ မြက်ခင်းထဲက ပေါင်းပင်တွေလိုက်နှုတ်၊ အဲဒါ မင်းကို အပြစ်ပေးတာ . . . သွား”

ပန်းရင်ထဲ ရှက်ခြင်းနဲ့ သိမ်ငယ်ခြင်းတွေ စုပြုံ တိုးဝှေ့ ဝင်ရောက်လာခဲ့သည်။ ကိုကိုတို့ ခြံကြီးဟာ အကျယ်ကြီးပါ။ ပန်းတွေစုံလင် ပြီး မြက်ခင်းကလည်း အကျယ်ကြီး။ ဥယျာဉ်မှူးတစ်ယောက် သီးသန့်ငှားထားရတဲ့အထိ။ ခုတော့ ကိုယ့်အပြစ်နှင့် ကိုယ်မို့ ပန်းက ဥယျာဉ်မှူးကြီး ကိုယ်စား ခြံထဲမှာ ရေလောင်းပေါင်းနှုတ်အလုပ်တွေ သိမ်းကျုံးလုပ်ရပါသည်။ ကိုကို ပန်းကို စိတ်ဆိုးနေသည်ဆိုသော အသိက ပန်းကို ပို၍ နာကျင်ထိခိုက်စေပါသည်။ ကိုကိုက လေသာဆောင်ကနေ မတ်တပ်ရပ်ပြီး စောင့်ကြည့်နေခဲ့၏ ။

“သားရယ် . . . မင်းဟာက မဟုတ်သေးပါဘူးကွယ်၊ ဒုတိယရတာ နဲ့ပဲ ကလေးကို အဲဒီ လောက် အပြစ်ပေးစရာလား၊ မင်းဟာက လွန်လွန်းနေပြီ၊

မင်းတုန်းက မင်းကို ဖေဖေ push လုပ်ခဲ့တာထက်တောင် ပိုပြင်းထန်နေသေးတယ်”

မေမေက အနားမှာလာရပ်ပြီး သူ့ကို အပြစ်တင်ပါသည်။ သူက အပြစ်ပေးခံထားရသော ပန်းကို လှမ်းကြည့်ရင်း သက်ပြင်းဖွဖွချမိ သည်။ ဒီကလေးမအပေါ် သူ့စိတ် စေတနာတွေ ဘာကြောင့်များ ဒီလောက်ပြင်းပြထက်သန်စွာ ပုံချထားမိမှန်း သူမသိပါ။ သူမကို ဆယ်တန်းရောက်လျှင် မြန်မာတစ်နိုင်ငံလုံး ပထမအဆင့် ထိရောက်အောင်အထိ သူမျှော်လင့်ထားခဲ့မိသည်။ သူမကို အရမ်းတော်စေ့ချင် သည်။ ဆရာဝန်မ, ကလေးတစ်ယောက် ဖြစ်သည်အထိ ပြုစုပျိုးထောင် ပုံသွင်းချင်သည်။

“အဲဒါ သူ့အတွက်လေ မေမေ၊ သူ ပညာသင်ဖို့ လိုက်လာတာ၊ တော်ရုံတန်ရုံ ဘွဲ့ကလေးပိုက်ပြီး သူ့ရွာသူ ပြန်သွားတာမျိုး မဖြစ်စေချင်ဘူး၊ သား တာဝန်ယူထားပြီးမှတော့ သူ့ကို ရွှေပဲဖြစ်စေချင်တယ်၊ ရွှံ့စေးခြောက် မဖြစ်စေရဘူး၊ သူ့ကို ဒီလိုအပြစ်ပေးထားမှ သူရှုံးမှာကို ကြောက်တတ်မှာ . . ခါးသီးမှာ၊ သူ့ကို အလိုလိုက်လို့ မဖြစ်ဘူး”

“သားရယ် . . . မင်းမလည်း၊ ဒီအရွယ် ချစ်သူကလေး ဘာလေး ရှိဖို့ကောင်းပြီး၊ အသက်က မငယ်တော့ဘူး၊ ကိုယ့်မိသားစုဘဝ ကလေးတစ်ခု ပိုင်ဆိုင်ဖို့အတွက် ပြင်ဆင်သင့်ပြီး၊ ခုတော့ တခြားစိတ်ဝင်စရား အာရုံစိုက်စရာမရှိတိုင်း ဒီကလေးမကလေးကိုပဲ အာရုံစိုက်ပြီး ဖိအားပေးပုံသွင်းနေတော့တာပဲ၊ သူ့ခမျာ ကြိုးစားရှာပါတယ် သားရယ်၊ ဒီလောက်ပဲ ကြိုးစားနိုင်တော့မပေါ့၊ မင်း အမိန့်အတိုင်း နေတတ်တဲ့ ကလေးပါ၊ ကလေးပဲ ရှိပါသေးတယ်”

“အာ . . . ဘယ်က ကလေးကမှာလဲ မေမေရာ၊ သူ့အသက် ဆယ့်နှစ်နှစ်ရှိပြီ၊ မငယ်တော့ပါဘူး၊ သားအတွက်တော့ သူဟာ သားရဲ့ ဂုဏ်သိက္ခာရဲ့ သင်္ကေတပဲ မေမေ၊ သူ့ကို ထူးထူးချွန်ချွန် ပေါက်ပေါက်မြောက်မြောက်ဖြစ်အောင် လုပ်ပေးချင်တယ်”

“နေစမ်းပါဦး၊ သားက မိန်းမ မယူတော့ဘူးလား . . ကဲ”

“ယူရမယ့်မိန်းမမှ မရှိတဲ့ဟာကို မေမေကလည်းဗျာ၊ ကိုယ့်ဘာသာ အေးဆေးနေပါရစေ၊ မိန်းမတွေ အလုပ်ရှုပ်လွန်းလို့၊ ကိုယ့်အလုပ်နဲ့ကိုယ်တောင် မအားရတဲ့ကြားထဲ . . . ”

“သူပြောလိုက်ရင် ဒါပဲ”

မေမေက မျက်စောင်းထိုးပြီး လှည့်ထွက်သွားပါသည်။ သူ့မျက်လုံးတွေ ပန်းဆီ ရောက်သွားခိုက် မျက်ရည်တွေ သုတ်နေသော ကောင်မလေးကို ကြည့်ကာ သနားကြင်နာစိတ်ကလေး ပြန်ဝင်လာခဲ့သည်။ ဒီကလေးမကို သူ့ညီမ အထွေးဆုံးကလေးလို သူချစ်ခင် သံယောဇဉ် တွယ်တာနေခဲ့မိပြီ။ သူမကို သနားနေခဲ့ပေမယ့် ပေးပြီးသားအပြစ်ကို မလျှော့ပေါ့ချင်တာမို့ ရက်စက်သည်ပဲဆိုဆို ခေါင်းမာမာနှင့် ဆက်ကြည့်နေခဲ့လိုက်သည်။ အဲဒါမှ နောက်ဆို သူမ ပထမအဆင့်ကနေ မကျတော့မှာ။ သူ ငယ်ငယ်တုန်းကလည်း ဖေဖေ သူ့ကို တင်းကြပ်ပြတ်သားစွာ ပုံသွင်းပြုစုခဲ့တာဖြစ်သည်။ ဖေဖေ့ကျေးဇူးကြောင့်လည်း သူ ခုလို စည်းစနစ်တကျ နေတတ်သော လူတော်တစ်ယောက်ဖြစ်ခွင့်ရခဲ့တာပါ။ ဒါကြောင့်လည်း ဖေဖေကျေးဇူးကို သူ့ရင်ထဲမှာ အမြဲ နက်ရှိုင်းစွာ ကမ္ပည်းထိုး မှတ်ကျောက်တင်ထားခဲ့ခြင်း ဖြစ်သည်။ ပန်းသတင်းကို သူ့လိုပင် တော်သောသူတစ်ယောက် ဖြစ်စေချင်သော စေတနာ . . သူ့မှာ အပြည့်အဝရှိသည်။ ဒါကို ပန်း နားလည်တတ်ဦးမည်မထင်ပါ . . .။

နောက်တစ်နေ့မှာ ပန်း ပင်ပန်းပြီး တစ်ကိုယ်လုံး ကိုင်ရိုက်ထားသလို ကိုက်ခဲနာကျင်ကာ ဖျားပါသည်။ အဲဒီ အခါကျတော့ ကိုကိုက စွပ်ပြုတ်ပန်းကန်တစ်လုံးနှင့် ဆေးတိုက်ဖို့ သူကိုယ်တိုင် ရောက်လာသည်။ ပန်းက နာကျင်ဆဲ . . .။

“ကဲ . . . မှတ်ပြီလား သူငယ်မ၊ နောက်တစ်ခါ ဒုတိယ မလိုချင်ဘူးနော်၊

မင်းအတွက် အချိန်ဇယားအသစ် ပြန်ဆွဲပေးမယ်၊ ညတိုင်း ကိုကို ကိုယ်တိုင် နှစ်နာရီ စာသင်ပေးမယ် . . . ကြားလား”

ပန်းက မျက်ရည်တွေဝိုင်းကာ ခေါင်းညိတ်ပြရသည်။ မျက်ရည်က မျက်လုံးအိမ်ထဲမှာ ပြည့်သော် ပါးပြင်ဆီ လျှံကျစီးသွားလျှင် ကိုကိုက အသာအယာသုတ်ပေးလေသည်။

“မျက်ရည်မကျနဲ့ . . . မငိုနဲ့၊ ဘာအကြောင်းနဲ့မှ မငိုရဘူး၊ မျက်ရည်ကျတယ်ဆိုတာ စိတ်ဓာတ်ပျော့ညံ့တဲ့လူတွေရဲ့ အလုပ်၊ မင်းကို စိတ်ဓာတ်ပျော့ညံ့သူလို့ ကိုကို မထင်ပါဘူး၊ လူရယ်လို့ ဖြစ်လာရင် သူများလုပ်နိုင်တာ မှန်သမျှ ကိုယ်လည်းလုပ်နိုင်ရမယ်၊ သူများ တော်သလို ကိုယ်တော်ခွင့်ရှိတယ်၊ ကြိုးစားမှုဆိုတာ တစ်ပြားတစ်ချပ်မှ မပေးရတဲ့ ရင်းနှီးမြှုပ်နှံမှုပဲ၊ ပန်း မင်း သူများထက် ပိုတော်ရမယ်၊ ပြိုင်ဘက်ရှိလာရင် အရင်ကထက် နှစ်ဆ ပိုကြိုးစားရမှာပဲ၊ ဘယ်သူ့ကိုမှ မင်းရဲ့နေရာကို ဝင်မလုစေနဲ့၊ အခွင့်အရေး မပေးလိုက်နဲ့၊ မင်းပျော့ညံ့လို့ မင်းရှုံးရင် မင်းကို ဘယ်သူကမှ လှည့်ကြည့်မှာ မဟုတ်ဘူး၊ မင်းတော်ရင် မင်းထိပ်ဆုံးမှာရှိရင် မင်းကို လူတိုင်းက ဦးညွှန်ရလိမ့်မယ်၊ ဂရုစိုက်ရလိမ့်မယ် . . . ကြားလား”

အဲဒီ စကားတွေကို ကိုကိုက စွပ်ပြုတ်တစ်ဇွန်းချင်း ပန်းပါးစပ်ထဲ ခွံ့ပေးနေရင်း ပြောနေခဲ့ခြင်း ဖြစ်သည်။ စွပ်ပြုတ်ကြောင့်လား၊ ကိုကို့ အကြင်နာဓာတ်ငွေ့ကြောင့်လားတော့ မသိ . . . ပန်းရင်ထဲ နွေးထွေးကာ အင်အားရှိလာသည်။ နောင်ဘယ်တော့မှ ဒုတိယ မဖြစ်စေရဟုလည်း ပန်းဘာသာ ပန်းကြိတ်ပြီး ကတိပေးမိသည်။

“ပန်း ကြိုးစားပါ့မယ် ကိုကို၊ အရင်ကထက် နှစ်ဆပိုပြီး ပန်း ကြိုးစားပါ့မယ်”

ဟုလည်း ကိုကို့ကို ကတိပေးခဲ့မိသည်။

တကယ်လည်း အဲဒီ နောက်ပိုင်းကစပြီး ပန်း "ဒုတိယ" ဘယ်တော့မှ ထပ်မဖြစ်တော့ပါ။ ညတိုင်း ပုံမှန် ကိုကိုနှင့် စာသင်ခွင့်ရလာ သောကြောင့်လည်း ဖြစ်ပါလိမ့်မည်။ ခုတော့ ပန်း ဦးခေါင်းကလေး မော့မော့ထားနိုင်ခဲ့ပြီး။

ပန်းတို့ကျောင်းမှာ အိမ်တွင်း လက်မှုအချိန်ဆိုလျှင် ဇာထိုးပန်းထိုး သင်ရသည်။ ပန်းက လက်ကိုင်ပုဝါဖြူဖြူ ကလေးတွေရဲ့ ထောင်မှာ အတောင်ဖွင့်လျက် ပျံသန်းနေသော ငှက်ကလေးပုံထိုးရတာ ကို သဘောကျသည်။ ယောကျ်ားကိုင် လက်ကိုင်ပုဝါဖြူဖြူ ကလေးတွေချည်း ဝယ်ဖို့ မုန့်ဖိုးစုရပါသည်။ ပြီးမှ အဲဒီ ငှက်ကလေးပုံတွေကို ပုဝါထောင့်စွန်းမှာ အပ်ချည်အပြာနုနုကလေးဖြင့် ပုံဖော်သီချုပ် သည်။ မနက် ကိုကို ဆေးရုံ သွားခါနီး တိုင်း တစ်နေ့လျှင် တစ်ထည်ကျ ကိုကို့ကို လက်ဆောင်ပေးကျင့်ကလေး စတင်ခဲ့၏ ။ ကိုကိုက ချက်ချင်း သူ့ရှပ်အကျႌရင်ဘတ်အိတ်ထဲ သပ်သပ်ရပ်ရပ်ကလေး ထိုးထည့်လိုက်ပြီး . . .

"ကျေးဇူး ညီမလေး၊ လူနာစမ်းပြီးတိုင်း လက်ဆေးပြီးရင် လက်ကိုင်ပုဝါသန့်သန့်ကလေးနဲ့ သုတ်ရမှ ကိုကို စိတ်တိုင်းကျတယ် . . ." ဟု ပြောတတ်သည်။ ပန်းရသမျှ မုန့်ဖိုးတွေသည် ယောကျ်ားကိုင် လက်ကိုင်ပုဝါကလေးချည်း ဝယ်ဖို့ ဖြစ်လာခဲ့သည်။

သတ္တမတန်း အတန်းတင်စာမေးပွဲ ဖြေပြီးသောအခါ နွေကျောင်းပိတ်ရက်ရှည်ကို ရင်ဆိုင်ရပြန်လေသည်။ ပန်းအတွက်တော့ အားသည်ရယ်လို့မရှိပါ။ ၈တန်း သင်ရိုးညွှန်းတမ်းစာအုပ်ပုံကြီးက ပန်းကို စောင့်ကြိုလျက်။ ကြိုးစားနေရတာ ကို ပန်း ကျေနပ်ပေမယ့် တစ်ခါတစ်လေတော့လည်း ဆယ်ကျော်သက် မိန်းကလေးတို့ ထုံးစံအတိုင်း ဂျစ်ကန်ကန်ကလေး လုပ်ချင်မိသည်။ သူငယ်ချင်းတွေနှင့် လှလှပပကလေး ဝတ်စားပြင်ဆင်ပြီး စကော့စျေးလိုနေရာမျိုးတော့ ပတ်ချင်သေးတာပေါ့။ သူငယ်ချင်းတွေ ချိန်းပြီး နွေရာသီသင်တန်းတွေ တက်ချင်မိသည်။ ရုပ်ရှင်လေးဘာလေး ကြည့်ချင်မိသေးသည်။ ခုတော့ ပုံမှန်နေ့စဉ်

အချိန်ဇယားကြီးအောက်မှာ မလူးသာ မလွန့်သာ။ ကြာတော့ ပန်း ငြီးငွေ့ချင်လာသည်။

အောင်စာရင်းတွေထုတ်တော့ ပန်း ပထမနေရာမှာပဲ ရှိသည်။ ထုံးစံအတိုင်း ကိုကိုက . . .

"ပန်း ဘာလိုချင်လဲ . . . "

ဟု မေးလာတော့ ပန်းမှာ ပူဆာစရာ အဆင့်သင့်ရှိလာခဲ့ပြီ။ ပန်း အရဲကလေးစွန့်ပြီး ဖြေလိုက်ပါသည်။

"ပန်း လျှောက်လည်ချင်တယ် . . ရုပ်ရှင်ကြည့်ချင်တယ် ကိုကို"

ကိုကိုက တစ်ခါမှ မကြည့်ဖူးသောအကြည့်ဖြင့် တအံ့တသြ မျက်လုံးပြူးကာ ကြည့်သည်။ ကံကောင်းချင်တော့ ပန်း ပူဆာချိန် တွင် ကြီးကြီး အနားမှာ ရှိနေခဲ့သည်မို့ . . .

"အေး . . . ဟုတ်သားပဲ သားရဲ့၊ သူ့ခမျာ ရန်ကုန်သာ ရောက်နေတယ် . . ကျောင်းရယ်၊ အိမ်ရယ်နဲ့ ဘုရားလောက်ပဲ ရောက်ဖူး သေးတာမှလား၊ လိုက်ပို့ပေးလိုက်ပါ သားရယ်၊ သား အားတဲ့တစ်နေ့ပေါ့"

ဟု ဝင်ထောက်ခံမဲပေးလိုက်သဖြင့် ကိုကို့မျက်နှာက သိပ်မကျေနပ်လှပေမယ့် အောင့်သက်သက်ဖြင့် လိုက်လျောခဲ့ရသည်။

"အေး . . . ဒါ 'ဆု'နော်၊ ကိုကိုက မင်းကို ကွန်ပျူတာကလေးတစ်လုံး ဆုချမလားလို့၊ မိန်းကလေးတွေများ သိပ်အလည်အပတ် ဝါသနာပါတာကိုး၊ ရှုပ်ကိုရှုပ်တယ်"

ဟု ငြူငြူစူစူ ပြောတာကို ပန်းက မသိချင်ဟန်ဆောင်ထားလိုက်သည်။ ကိုကိုကမှ ဆယ်ကျော်သက် မိန်းကလေးတစ်ယောက်ရဲ့ ရင်ထဲကိုမှ ဝင်မကြည့် မခံစားပေးတတ်ပဲ။

'ဒီကောင်မလေး တော်တော်ထွားလာတယ်'ဟု သူတွေးမိသည်။ မျက်စိအောက်မှာတင် ဖူးဖူးငုံငုံ ရွှေရင်သိမ်းသစ် အပျိုစင် ကလေးအဖြစ် အရွယ်ရောက်လာခဲ့သော ပန်းကို ဒီနေ့မှ သူပို၍ သတိထားမိခဲ့၏ ။ ခါတိုင်း ကျစ်ဆံမြီးနှစ်ဖက် ခွဲချည်ထားနေကျကနေ ဆံပင်တွေကို ဒီအတိုင်း ရှည်ရှည်ဖားဖား ချထားလိုက်သောအခါ ခါးကျော်သည်အထိ နက်မှောင် ထူအိဖြာဝေနေသော ဆံနွယ်ရှည် များကြောင့် သူမကို လူတိုင်းက သတိထားမိကြသလို နှစ်ခါပြန် လှည့်ငေးကြရသည်။ အထူးသဖြင့် ကောင်လေးတွေ လူငယ်တွေရဲ့ မျက်ဝန်းအကြည့်တွေက သူမဆီ တဝဲဝဲရောက်ရောက်လာသည်ကို သူ သည်းမခံနိုင်တော့။ ရိုးရိုး အပွင့်နုပ်ကလေးတွေပါတဲ့ ဂါဝန် ရှည်ရှည်ကလေး ဝတ်ထားတာပါပဲ။ ဒါပေမယ့် သူမအလှက ထင်းလင်းထွက်နေသလိုပင်။ မျက်ခုံးထူထူကော့ပျံများအောက်က နက်မှောင် ရွှန်းစိုလှသော မျက်ဝန်းရွဲကြီးတွေက ဝိုင်းစက် ရွှန်းဖြာချင်တိုင်း ရွှန်းဖြာလို့။ ပါးဖောင်းဖောင်းကလေးနှင့် နှုတ်ခမ်းလေးက နှင်းဆီဖူးသစ်စ, ကလေးသဖွယ် . . .။ အာ . . . ဒီကောင်မလေးတော့ မလွယ်ပါလား။

"ပန်း . . . မင်း ဘယ်လိုဖြစ်နေတာလဲ။ ဒီလောက် အလှတွေ ပြင်နေရသလားဟ၊ လူတွေ ဝိုင်းကြည့်ကုန်ပြီ၊ ငါတောင် ဘယ်လိုနေရမှန်း မသိတော့ဘူးကွာ . . . တောက်"

"ပန်း ဘာမှ ပြင်မထားပါဘူး ကိုကို၊ နှုတ်ခမ်းနီလေးပဲ ဆိုးမိတာပါ"

မင်းကိုယ်မင်း အပျိုမှတ်နေလား၊ ကလေးက ကလေးလိုနေတာ မဟုတ်ဘူး၊ အဲဒီ နှုတ်ခမ်းနီ ခုသုတ်ပြီး ဖျက်ပစ်၊ တကတည်း"

"ဟုတ်ကဲ့ . . . ကိုကို"

ပန်းက နှုတ်ခမ်းနီကို ချက်ချင်းဖျက်ပစ်ရှာသည်။ ဟိုလူကကြည့် ဒီလူကကြည့်နှင့်မို့ သူ့မျက်နှာပင် မထားတတ်အောင် ထူပူချင် လာသည်။ ပန်းက

ဆယ့်နှစ်နှစ်သမီးဆိုသော်လည်း နုနုထွားထွားမို့ ဆယ့်ခြောက်နှစ်လောက် ထင်စရာ။ သူနှင့်ပန်းကို လူတွေ ဘယ်လိုများ တွဲစပ်ကြည့်ကြမှာပါလိမ့်။ ဖြစ်ချင်တော့ စကော့ဈေးပတ်ပြီး ဦးကြွယ် ဆီချက်ဆိုင်မှာ နှစ်ယောက်အတူ ထိုင်စားစဉ် သူ့သူငယ်ချင်း နှစ်ယောက်နှင့်မှ တိုက်တိုက်ဆိုင်ဆိုင် ဆုံတော့သည်။

“ဟာ . . . ဟော့ကောင် ရွှယ်ရည်၊ ငါ့ကောင်ကြီး ကောင်းစားနေလိုက်တာ၊ သမီးရဲ့ဦးပေ့ါလေ၊ အားကျလိုက်တာကွာ၊ မိတ်ဆက် လေးဘာလေး ပေးဦးလေကွာ”

ကျောင်းနေဖက်သူငယ်ချင်းတို့ ထုံးစံအတိုင်း အဆင်အခြင်မရှိ ဟောင်ဖွာဟောင်ဖွာဖြင့် နောက်ပြောင်သော သူငယ်ချင်းကို သူ တော်တော် စိတ်ဆိုးသွားကာ ရှူးရှူးရှားရှား ဖြစ်သွားရ၏ ။

“ဟော့ကောင် . . . မင်း အရူးချေးပန်းတွေ လျှောက်အော်မနေနဲ့၊ ဒါ ငါ့ညီမလေးကွ”

“ဟေ . . . ဘယ်တုန်းက မင်းမှာ ညီမရသွားတာလဲ၊ ငါတို့လည်း မသိပါလား၊ မွေးစားညီမလေးလား၊ မွေး မွေးပြီး . . . အဟီး...”

“ဟော့ကောင် တော်တော့၊ မင်း သွားတော့၊ မင်းကို ဆွဲထိုးမိတော့မယ်၊ မင်း ပါးစပ် မသရမ်းနဲ့ကွ”

“ယောက်ဖကြီးကလဲကွာ . . . စိတ်ချည်းပဲ၊ လူမိတော့လည်း ရှက်ရမ်းရမ်းမှာပေ့ါလေ၊ မင်းက ခိုးထုပ်ခိုးထည်နဲ့ မိတာကိုး၊ ဒါ ရှက်စရာမဟုတ်ပါဘူးကွာ၊ အသက်တော့ တော်တော်ကွာမယ်နော်၊ ကောင်မလေးက ငယ်ငယ်နုနုလေးရယ်၊ ဟော့ကောင် . . . အသက်ရော ပြည့်သေးရဲ့လားကွာ”

“ဟာ . . . ဒီကောင်တော့ ခက်တော့နေပြီ၊ မင်း သွားတော့ ဆိုကွာ၊ ငါ တကယ် စိတ်ဆိုးလာပြီ”

“သွားပေ့ါမယ် ကိုကို၊ ကိုကိုကလည်းလေ . . . စိတ်ချည်းပဲ၊ ငါတို့ကတော့

မင်း စွံပြီလို့ သတင်းဖြန့်ပြီး ဟော့ကောင်”

အားမနာ လျှာမကျိုး . . . ပြောမနာဆိုမနာတွေမို့ သူတကယ့်စိတ်ဆိုးလည်း ဂရုမစိုက်ဘဲ စိတ်တိုင်းကျ နောက်ပြောင်ကျီစယ်ပြီး မှ ထွက်သွားကြသည်။ သူ့မျက်နှာတစ်ခုလုံး ထူပူရှိန်းဖိန်း ကျန်ခဲ့ကာ ပန်းကို ဘယ်လိုရင်ဆိုင်ရမှန်းတောင် မသိတော့။ ခပ်ကျိတ်ကျိတ် နောက်တာဆိုပေမယ့် ပန်းလည်း ကြားမှာပဲ။

“ဒီကောင်တွေ ငနောက်တွေကွာ . . . ဆောရီးပဲ ပန်း”

ပန်းမျက်နှာကလေးက ပန်းသီးကလေးတစ်လုံးလို အနီရင့်ရင့် အရောင်ပြောင်းလို့။ ဆယ်ကျော်သက်မ, ကလေးမို့ ဒီကောင်မလေး စိတ်များ ကစားတတ်နေပြီလားမသိ။

“ရပါတယ် ကိုကို . . .”

“အဲဒါ ညည်းကြောင့်၊ နောက်ဆို ငါနဲ့ နှစ်ယောက်တည်း လျှောက်လည်ဖို့ မပူဆာနဲ့တော့ ကြားလား”

သူ ရှက်ရမ်းရမ်းကာ အရှက်ပြေ ပြောမိသည်။ ပန်းက ဇက်ကလေးပုကာ ခေါင်းညိတ်ပြပါသည်။

ပန်းကတော့ ဟိုအစ်ကိုကြီးတွေ ကိုကို့ကို နောက်ပြောင်ရယ်မောသွားကြတာကို အစအဆုံး ကြားခွင့်ရလိုက်သည်မို့ တစ်ကိုယ်လုံး ရှိန်းဖိန်းတုန်ယင်ကာ ကိုကို့မျက်နှာကိုပင် ရဲရဲမကြည့်ရဲတော့ပါ။ ပန်းရဲ့ သူငယ်ချင်းတွေ မကြာခဏ ပြောတတ်ကြတာရှိ သည်။

'ပန်းရဲ့ကိုကိုက အရမ်းချောတာပဲဟယ် . . . မင်းသားတွေထက်တောင် ပိုမိုက်သေးတယ် . . .ကိုကိုဒေါက်တာ' တဲ့ . . .။ ပန်းကို ကျောင်းလာပို့လေ့ရှိသော ကိုကို့ကို တကူးတက ကျောင်းရှေ့ထွက်ပြီး ချောင်းကြည့်ရသူတွေပင် ရှိသေးတာ။

အခုလို ကိုကိုနှင့်တွဲဖက်ကာ အနောက်ခံလိုက်ရတော့ ပန်းမှာ ရင်ကလေး တဖိုဖိုဖြင့် အရှက်သည်းပိုကာ ငရဲကြီးမှာကိုလည်း ကြောက်မိပါသေးသည်။ ပန်းနဲ့ ကိုကို အသက် ဆယ့်ငါးနှစ်တောင်ကွာတာ။ ပြီးတော့ ပန်းရဲ့ စံပြပုဂ္ဂိုလ် ဆရာတစ်ဆူ . . . သူရဲကောင်းတစ်ယောက်ပါ။ ပြီးတော့ ပန်းရဲ့ ကျေးဇူး ရှင်လည်း ဖြစ်သေးသည်။ ပန်း စိတ်နှင့်တောင် မပြစ်မှားသင့်သူ တစ်ယောက်ပါလေ . . .

*

## အခန်း(၅)

ပန်းအသက် ဆယ့်သုံးနှစ်ပြည့်ခဲ့ပြီဖြစ်သည်။ ရှစ်တန်းကျောင်းသူ အပျိုကြီးဖားဖားလည်း ဖြစ်ခဲ့ပြီ။ အဲဒီ နေ့က ပန်းကို ကျောင်းပို့ ပေးပြီး သူ ဘာရယ်မဟုတ် ပန်းနောက်ကျောဘက်ဆီ အမှတ်တမဲ့ လှမ်းကြည့်မိပြီးမှ သူ့မျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်သွားရသည်။

"ပန်း . . . ပန်း"

သူ အလောတကြီး လှမ်းခေါ်လိုက်သံကြောင့် ပန်းက လှည့်ကြည့်သည်။ ကလေးလေးလို ဘာမှ မသိနားမလည် အပြစ်ကင်းစင် လွန်းသော မျက်နှာကလေး။ ကြည့်စမ်း ပန်းသတင်းတောင် အပျိုမ,ကလေး ဖြစ်ခဲ့ပြီကော။ သူ လက်ယပ်ခေါ်သဖြင့် ပြန်လှည့်လာသည့် ပန်းကို သူ ဘယ်လိုရှင်းပြရမှန်းမသိ။ သူ့လို ဆရာဝန်တစ်ယောက်အဖို့ ဒီကိစ္စက မထူးဆန်းလှပေမယ် ပန်းအတွက်တော့ ထူးဆန်း တုန်လှုပ်ဖွယ် ကောင်းလိမ့်မည်။ ပန်းကို ဒီအခြေအနေနှင့် ကျောင်းသို့ မလွှတ်ချင်ပါ။

"ရှင် . . . ကိုကို"

ပန်းက မျက်လုံးဝိုင်းကြီးများဖြင့် သူ့ကို ကြည့်ရင်း ပြန်မေးသည်။

"ပန်း နေလို့ကောင်းရဲ့လား"

"ဟင် . . . ကိုကို ဘယ်လိုလုပ်သိလဲဟင်၊ ပန်း ဗိုက်အရမ်းအောင့်နေတယ်၊ နေလို့မကောင်းဘူး . . . တစ်မျိုးကြီးပဲ"

"လာ . . . ကားပေါ်ပြန်တက်လိုက်၊ ဒီနေ့တစ်ရက် ကျောင်းမတက်နဲ့တော့၊ ခွင့်စာကို ကိုကိုရေးပြီး ညီမလေး အတန်းပိုင်ဆရာမ ဆီ ပို့ပေးမယ်"

ပန်းက ဟန်ပင်မဆောင်နိုင်ဘဲ ကားပေါ်သို့ ပြန်တက်လာသည်။ သူ

ပန်းကို ရှင်းပြတာထက် မေမေရှင်းပြတာက ပို၍ အဆင်ပြေ မည်ထင်ပါသည်။ ပန်း ရှက်ရွံ့သွားမှာကိုလည်း သူစိုးရိမ်သည်။

သူ နည်းနည်းနောက်ကျမည့်အကြောင်း ဆေးခန်းကို ဖုန်းလှမ်းဆက်ထားလိုက်သည်။ ပန်းကို အိမ်ပြန်ပို့ရင်း လမ်းမှာ စတိုးဆိုင် တစ်ဆိုင်တွေ့တာနှင့် သူ ကားရပ်ပြီး ဆင်းခဲ့သည်။

"ပန်း ကားပေါ်ကပဲ စောင့်နော်၊ ကိုကို အခုပြန်လာမယ်"

ဟု မှာခဲ့သည်။

စတိုးဆိုင်ထဲဝင်လာခဲ့ပြီး မိန်းကလေး လစဉ်သုံးပစ္စည်းဝယ်ဖို့ သူမျက်နှာထူပူကာ အခက်တွေ့နေသည်။ ဆိုင်ထဲမှာရှိနေတာက လည်း မိန်းကလေးတွေချည်း။ သူ ဟိုကြည့်ဒီကြည့်နှင့် ရှာဖွေမိသည်။

"အစ်ကို ဘာလိုချင်လို့ပါလဲရှင်"

မိန်းကလေးတစ်ယောက် လာမေးသဖြင့် သူနားထင်ကို လက်ညှိုးဖြင့် ကုတ်ခြစ်ရင်း ရှက်ကိုးရှက်ကန်း အမူအရာဖြင့် . . .

"ဟိုဒင်း . . . ကိုယ့်ညီမလေးအတွက်ပါ၊ ဟိုလေ . . . မိန်းကလေး လစဉ်သုံးပစ္စည်းပါ"

ပြောပြီး သူ့မျက်နှာတစ်ခုလုံး ဖြန်းခနဲ ထူပူသွားမိသည်။ ကောင်မလေးက ပြုံးစိစိကလေး ဖြစ်သွားကာ . . .

"ဟိုဘက်ထောင့်စွန်းမှာရှိတယ် အစ်ကို၊ ကျွန်မ လိုက်ပြပေးမယ်"

ဆိုပြီး လိုက်ပြပေးသည်။ သူခပ်သွက်သွက်လှမ်းယူပြီး လှည့်အထွက်မှာ .....

" ဟာ ... ဒေါက်တာ၊ ကျွန်မကို မှတ်မိလား ဒေါက်တာ၊ ဒေါက်တာ့လူနာပါ "

ဟု လှမ်းနှုတ်ဆက်သံကြောင့် ခေါင်းနားပန်းကြီးသွားရကာ ပစ္စည်းကလေးကို နောက်ကျောဘက်မှာ ဝှက်ရသေးသည်။

" ဪ ... ဟုတ်ကဲ့၊ မှတ်မိပါတယ်ခင်ဗျ၊ အခုရော ဘယ်လိုနေလဲ .... နေလို့ကောင်းတယ်မှလား"

"ကောင်းပါတယ် ဆရာ၊ ဆရာ့ကျေးဇူးပေါ့၊ ဒါ ကျွန်မ ဆိုင်ကလေးပါ ဆရာ၊ ဆရာ ဘာလိုချင်တာရှိလဲ၊ ကျွန်မ လက်ဆောင် ပေးလိုက်ပါရစေ"

ဟိုက်ခနဲဖြစ်ကာ သူ မျက်နှာမရှုံ့မဲ့မိအောင် တော်တော်သတိထားထိန်းချုပ်လိုက်ရသည်။ ဒီပစ္စည်းကို ထိုအမျိုးသမီး မမြင်အောင် သူဘယ်လိုဝှက်ရပ့ါ။ ထွက်သာပြေးလိုက်ချင်ပါတော့သည်။ တိုက်တိုက်ဆိုင်ဆိုင် ကိုယ့်လူနာဆိုင်မှာမှ ဝင်ဝယ်မိတဲ့အဖြစ်။

" ဟာ .... မဟုတ်တာ၊ နေပါစေ၊ ကျွန်တော် ဘာမှ မလိုပါဘူး၊ သွားလိုက်ဦးမယ်နော်၊ နောက် တွေ့သေးတာပေါ့"

ဟု ..... ကမန်းကတန်းနှုတ်ဆက်ပြီး ငွေချေဖို့ကောင်တာဆီ ခပ်သုတ်သုတ် ထွက်ခဲ့မိလျှင် ဆိုင်ရှင်အမျိုးသမီးကလည်း ထပ်ချပ်မကွာ ကပ်ပါလာသည်။ ဟောဗျာ သေတော့မှာပဲ။ သူရှက်လို့သေတော့မည်။ ကောင်တာရောက်တော့ ဝန်ထမ်းကောင်မ လေးနားကပ်ကာ .....

" ညိုညို ..... ဆရာဝယ်ထားတဲ့ ပစ္စည်းလေး ငွေမယူနဲ့နော် "

ဟု ကပ်ပြီး ပြောနေသေးသော ဆိုင်ရှင် အမျိုးသမီးကို သူကျေးဇူးတင်ရမှာလား၊ အမြင်ကတ်ရမှာလား မခွဲခြားတတ်တော့စွာ ကမူးရှူးထိုး နှုတ်ဆက်ပြီး ပြန်ထွက်ခဲ့ရလေသည်။

" ကိုကို ... အဲဒါ ဘာလဲ "

ဟု ပန်းက စပ်စုနေသေးသဖြင့် သူရယ်ချင်စိတ်ကို မထိန်းထားနိုင်။

“ အဲဒါ ဘာလဲ … ညည်းမကြာခင် သိရမယ် ပန်း ”

ဟုသာ ရယ်သံဖြင့် သူဖြေလိုက်သည်။

“ ဟဲ့ …. ဒီမောင်နှမ ဘာဖြစ်လို့ ပြန်လာကြတာတုံး၊ ဘာမေ့ ကျန်ခဲ့လို့လဲ ”

မေမေက တအံ့တသြ။

“မေမေ့သမီးကို မိန်းမချင်းစကားနဲ့ ရှင်းပြပေးပါဦး မေမေ”

ဟု ဆိုပြီး သူက အထုပ်ကလေးကို မေမေ့လက်ထဲ ထည့်ပေးလိုက်လျှင် မေမေက ချက်ချင်းပဲ သဘောပေါက်သည်။

“ ဟယ်….. သမီးလေး၊ မေမေ့ဆီလာ”

ဆိုပြီး လက်ကလေးဆွဲကာ အခန်းထဲ ခေါ်သွင်းသွားလေသည်။

“ပန်း နေလို့မကောင်းဘူး မေမေ။ ဗိုက်လည်းအောင့်တယ်၊ ဆီးစပ်နေရာကလည်း တစ်မျိုးကြီးပဲ”

“ဟုတ်တယ် သမီးရဲ့၊ သမီး အပျိုစဖြစ်တဲ့ သဘောပေါ့၊ မေမေတို့ မိန်းမသားတွေ ရှောင်လွှဲလို့မရတဲ့ သဘာဝ တရား တစ်ခုပေါ့ သမီးရယ်၊ လစဉ်ပုံမှန် ဓမ္မတာမှန်မှန်လာမှ သွေးသားသန့်စင်ကြည်လင်ပြီး ကျန်းမာမှာ ဘာမှ ကြောက်စရာမလိုဘူး၊ အဲဒီ အချိန်မှာ သန့်သန့်ရှင်းရှင်းနေရမယ်၊ စိတ်အနှောင့်အယှက်လည်း မဖြစ်နဲ့၊ ဒါ မိန်းကလေးတိုင်း ရင်ဆိုင်တဲ့ လစဉ်ကိစ္စတစ်ခု၊ ဘယ်လိုနေရတယ် … ဘယ်လိုသိုသိုသိပ်သိပ် နေရတယ်ဆိုတာ မေမေပြပေးမယ်”

အဲဒီ နောက်တော့ ကြီးကြီး သင်ပြပေးတဲ့အတိုင်း ပန်းလိုက်နာရသည်။ ကိုယ့်ကိုယ်ကို အပျိုဖြစ်ပြီးဆိုသော အသိက ရင်ကလေးတဖိုဖိုဖြစ်စေကာ အလိုလို ရှက်သွေးလည်း ဖြာစေသည်။ ကြီးကြီးပြောတော့ ကိုယ်အပျိုဖြစ်တာကို ဘယ်သူမှ

မမြင်စေ၊ မသိစေရအောင် လုံလုံခြုံခြုံ၊ ပိပိရိရိ … သိုသိုသိပ်သိပ် နေရတယ်တဲ့။ ဒါပေမယ် မနက်ကတော့ ကိုကို သိသွားခဲ့ပြီ။ ငါနှယ့် ရှက်လိုက်တာ။ ကိုကို ပန်းသုံးရမည့် ပစ္စည်းတောင် ဝယ်ပေးခဲ့သေးတာ။ ကိုကို့မျက်နှာကို ဘယ်လို ကြည့်ရမှန်း မသိတော့။ စိတ်တွေက တိမ်းတိမ်းပွေ့ပွေ့ရှိလှကာ လူကလည်း ထိုင်းထိုင်းမှိုင်းမှိုင်းမို့ အခန်းထဲအောင်းနေလိုက်မိသည်။ ညနေ ကိုကို့ကိုပင် မကြိုမိ။ ကိုကို နှင့် ရင်ဆိုင်ရမှာကို အလိုလို ရှက်သွေးဖြာနေသောကြောင့်ဖြစ်သည်။

ညစာထမင်းစားဝိုင်းကျတော့ ကိုကို့ကို ရှောင်ချင်လို့ မရတော့။

“ညီမလေး နေကောင်းရဲ့လား”

“ကောင်းပါတယ် ကိုကို …”

ချက်ချင်းကြီးပဲ ပန်း ရင့်ကျက်သွားသလို ခံစားမိသည်။ ပြီးတော့ ကိုကိုနှင့် ပန်းအကြားမှာ အလွှာပါးပါးကလေးတစ်ခု စည်းတာ ခံလိုက်ရသလိုပင်။

“နေမကောင်းသလို လူမမာပုံစံ လုပ်မနေနဲ့ဦး၊ လန်းလန်းဆန်းဆန်းနေကွာ၊ ညကျရင် စာလာသင်နော်၊ ကိုကို့ကို ရှက်သလို ရွံ့သလို လုပ်မနေနဲ့၊ ကိုကို ဆရာဝန်၊ ဘာမှရှက်နေဖို့မလိုဘူး … ကြားလား၊ အခု အတွေ့အကြုံသစ်မို့ အဆန်းတကြယ်ဖြစ်နေတာ၊ နောက်ဆို ပုံမှန်ဖြစ်သွားမှာ”

“အာ…. ကိုကိုလည်း၊ ဘာတွေပြောနေမှန်း မသိပါဘူး၊ ပန်း စိတ်ညစ်တယ်”

ပန်းက ရှက်လည်းရှက် မျက်ရည်ကလေးတဝဲဝဲ ဖြစ်လာကာ ပြောမိတော့ ကိုကိုက မျက်ခုံးပင့်လျက်….

“ဟောဗျာ….. အဲဒါက ဘယ်လိုဖြစ်တာလဲ၊ အပျိုဖြစ်တာ ငိုစရာလားဟ”

“ဟင့်အင်း…. အဲဒါကြီးကို ကိုကိုမပြောနဲ့လေ၊ ကိုကို မသိချင်ယောင်ဆောင်နေပေါ့လို့”

“အေး.... ဟုတ်သားပဲ၊ သားကလည်းလေ... နေရာတကာ အကုန်ကို ပါချင်နေတာကိုးဟဲ့၊ မင်းကိုက သူများနဲ့ကိုမတူဘူး၊ ပန်းကိုလွှမ်းမိုးတဲ့နေရာမှာ”

“ဟောဗျာ...... ဒီကောင်မလေး ကျွန်တော့်မျက်စိအောက်မှာ လူလားမြောက်လာတာ၊ ကျွန်တော်မလွှမ်းမိုးလို့ ဘယ်သူလွှမ်းမိုး ရမလဲ”

ကိုကိုက အသံဝါဝါကြီးဖြင့် ညစ်ကျယ်ကျယ်ပြောကာ အနိုင်မခံအရှုံးမပေးရှိဆဲ။ အို. . . ကိုကိုဟာလေ ဘယ့်နှယ် အစ်ကို ပါလိမ့်နော်....။

တကယ်တော့ ဒီအဖြစ်မှာ ပန်းဘက်က ဆတ်ဆတ်ထိမခံနိုင်လောက်အောင် ကဲကဲဆတ်တုန့်ပြန်ခဲ့မိခြင်းဖြစ်သည်။ “ရွှေရည်လူး” ဆိုတာ ပန်း ဒီကျောင်းမှာ စတက်ခဲ့စဉ်ကတည်းက ခင်မင်ခဲ့သော သူငယ်ချင်းဖြစ်သည်။ ပန်းအကြောင်းလည်း အတွင်းသိအစင်းသိ။ ဒီနေ့ကျောင်းကိုရောက်တော့ ရွှေရည်က ကျောင်းရှေ့ကနေ စောင့်နေခဲ့ကာ ပန်းကိုမြင်တော့ ပြုံးစိစိ စပ်ဖြီးဖြီးမျက်နှာဖြင့်.....

“ယောင်းမရေ သူငယ်ချင်း”

ဟု . . . လှမ်းနောက်ပြောင်ကျီစယ်လိုက်ခြင်း ဖြစ်သည်။ အရင်တုန်းကလည်း ကိုကို့ကို ပန်းသူငယ်ချင်းတွေ ဒီလိုပဲ နောက်ပြောင်လုယက်နေကျပါ။ အဲဒီ တုန်းက ဘယ်လိုမှ ထူးထူးခြားခြား မခံစားခဲ့ရသော်လည်း အခုမှ ရင်ထဲမှာ ဆစ်ခနဲ မျက်သွားမိသည်။ ရွှေရည့်ကို မျက်စောင်းဖြင့် ချက်ချင်းတုန့်ပြန်မိလျက်. . .

“အောင်မာ . . . ဘာယောင်းမလဲ၊ တန်ရာတန်ရာမှန်းစမ်းပါ ရလူးမရယ်”

ရည်လူးကို “ရလူး”ဟု သူငယ်ချင်းတွေက အမြန်ခေါ်လေ့ရှိသည်။ ပန်းရဲ့ ကဲကဲဆတ်စွာ တာတာစကားကြောင့် ရည်လူး ကျွဲမြီးတိုသွားခဲ့ပုံရပါသည်။

"ဟယ်.... စွာလိုက်တာ ပန်းသတင်းမ၊ တန်ရာတန်ရာမှန်းပါဆိုရအောင် နင့်အစ်ကိုကဘာကြီးမို့လို့လဲ၊ ငါ့ကိုမတန်မရာ မှန်းတယ်လို့ ဆိုချင်တာလား"

"မှန်လိုက်လေ. . . ငါ့အစ်ကိုက ဆရာဝန်ကြီးလေ၊ ပညာရော၊ အသက်ရော၊ ရုပ်ရည်ရောဉာဏ်ပညာရော နင်နဲ့ဘယ်နေရာမှာ တန်သလဲ. . . ပြော၊ နင်မှန်းရမှာ ငါ့အစ်ကိုမဟုတ်ဘူးဟဲ့၊ ဒီကျောင်းထဲက နင်နဲ့တန်းတူ ရှစ်တန်းကျောင်းသားကိုပဲ မှန်း၊ အလွန်ဆုံးမှန်းရင် ဆယ်တန်းက အစ်ကိုကြီးတွေကို တက်မှန်း၊ နောက်တစ်ခါ ငါ့ကို ယောင်းမလို့ လာမခေါ်နဲ့၊ ငါမကြိုက်ဘူး"

"ဩော်. . . နင်ကဘယ်ကြိုက်မလဲ၊ သူက နင့်အစ်ကိုရင်းမှမဟုတ်တာ၊ နင်ကြိုတ်ကြိုက်ချင် ကြိုက်နေမှာပေ့ါ၊ နင့်အကြောင်း ငါမသိဘူးများမှတ်နေလား၊ ဟွန်း ဘယ်သူနဲ့မှမတန်ဘူး၊ ငါနဲ့ပဲတန်တယ် . . . ဒီလိုလား"

"ဟင် ... နင် ရိုင်းလှချည်းလား ရလူး၊ အဲဒါ ငါ့ရဲ့ ကျေးဇူးရှင်ဟဲ့၊ နင် နင် စော်ကားဦးဟယ်"

ထိုခဏကလေးမှာ ပန်း သတိလက်လွတ်ဖြစ်သွားခဲ့ကာ သတိရလိုက်ချိန်မှာ ပန်းရဲ့ လက်သည်းကုတ်ခြစ် ဒဏ်ရာဖြင့် ရည်လူးမျက်နှာ ထင်းထင်းကြီး သွေးစို့လျက်သား။ ပန်းပင် ကိုယ့်ကိုယ်ကိုယ် မယုံနိုင်ခဲ့။ ကိုယ့်သူငယ်ချင်းကို အဲဒီ လောက် လက်မြန်ခြေမြန်နှင့် ဇတ်ဇတ်ကြဲ ရက်စက်ပစ်လိုက်နိုင်သော မခံချင် စိတ် ဒေါသဟာ ဘယ်ကနေများ မြစ်ဖျားခံ ခဲ့ပါလိမ့်။ နောက်ဆုံးတော့ ရလာဒ်က ပန်း ကျောင်းအုပ်ဆရာမကြီးဆီ ရောက်ခဲ့ရသည်။ ဆရာမကြီးပင် မယုံနိုင်။

"ပန်းသတင်းဆိုတာ ဆရာမကြီးတို့ကျောင်းရဲ့ စံပြ လက်ရွေးစင်ကျောင်းသူတစ်ယောက်နော်၊ အားလုံးက သမီးကို စောင့်ကြည့် စံထားထားရတာ ၊ ဒီလို ရန်ဖြစ်တဲ့ အလုပ်၊ ကိုယ့်သူငယ်ချင်းကို ထိခိုက်နာကျင်အောင် လုပ်တယ်ဆိုတာ အင်မတန် ရှက်ဖို့ကောင်းတဲ့ နိမ့်ကျတဲ့

လုပ်ရပ်ပါ၊ ဘာကြောင့် အဲဒီ လို ရိုင်းပျခဲ့မိသလဲဆိုတာအတွက် ခိုင်လုံးတိကျတဲ့ အကြောင်းပြချက်ပါတဲ့ essay တစ်ပုဒ်ရေးပြီးတင်ပါ။ ပြီးတော့ မင်းကို အပြစ်ပေးတဲ့အနေနဲ့ တစ်ပတ်တိတိ ကျောင်းသန့်ရှင်း ရေး လုပ်ပေးရမယ်၊ သူငယ်ချင်းကို သူ ကျေနပ်တဲ့အထိ တောင်းပန်ပေးရမယ် ... ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ ဆရာမကြီး"

ကျောင်းအုပ်ဆရာမကြီးအခန်းထဲကနေ ထွက်လာခဲ့ချိန်မှာ ပန်းရင်ထဲ အားငယ်နာကျင်ဆို့နစ်မှုတွေနှင့် ငိုချင်နေခဲ့သည်။ တစ်ခါမှ အခုလို အပြစ်ပေးမခံခဲ့ဖူးသည့်အတွက်လည်း ရှက်မိသည်။ ဘာကြောင့်များ ခုလို စိတ်လိုက်မာန်ပါ တုန့်ပြန်ခဲ့မိပါလိမ့်။ ရည်လူးကို တောင်းပန်ကာ ကျောင်းသန့်ရှင်းရေးလုပ်ရတာ က သိပ်အခက်အခဲမရှိ။ ပြဿနာက အက်ဆေးရေးရမှာကို ဘယ်ကစပြီး ဘာရေးရမှန်းမသိ ဖြစ်နေခြင်းဖြစ်သည်။ အဲဒီလောက် မခံချင်စိတ်ဖြစ်ရလောက်အောင် ပန်းရဲ့စိတ်ကို လှုံ့ဆော်သွေးဆူစေခဲ့တာ ဘာကြောင့်လဲဆိုတာ ကိုယ့်ကိုယ်ကို ပြန်ဆန်းစစ်မိတော့ ကိုကို့ကို လိုအပ်တာ ထက်ပိုပြီး တရားလွန် တန်ဖိုးထားကိုးကွယ်နေမိသောကြောင့်ပဲဖြစ်သည် ... ဟု အဖြေထွက်လာခဲ့သည်။ ကိုကိုသည် ပန်းရဲ့ သူရဲကောင်းစံပြပုဂ္ဂိုလ် ... အနှိုင်းမဲ့လောက်အောင် တန်ဖိုးမြင့်မြတ်လွန်းသည်။ ကိုကို့ကို ဘယ်လို နိမ့်ကျစော်ကားမှုမျိုးနှင့်မှ အထိခိုက်၊အစော်ကားမခံချင်ပါချေ ....။

တံခါးခေါက်သံကြားရပြီးမှ ကိုကို အခန်းထဲဝင်လာသည်။ ပန်းက ရေးလက်စအက်ဆေးကို ကိုကိုမမြင်အောင် ဖျတ်ခနဲ ဖုံးကွယ်လိုက်မိပေမယ့် အင်မတန် ပါးနပ်လျင်မြန်လွန်းသော ကိုကို့မျက်ဝန်းတွေအောက်မှ ပန်း နောက်ကျသွားခဲ့ပါ ပြီ။ ကိုကို့ မျက်လုံးတွေက စူးခနဲ အရောင်လက်သွားခဲ့၏ ။

"ဒီအချိန် ကိုကိုနဲ့ စာလာသင်ရမှာ မဟုတ်ဘူးလား ပန်း၊ ဘာစာတွေရေးနေတာလဲ၊ အဲဒီ စာ ကိုကို့ကို ပြစမ်း"

“ဆရာမကြီးရေးခိုင်းထားတဲ့ အက်ဆေးပါ ကိုကို”

“အဲဒါဆို ကိုကိုလာမှ ဖုံးကွယ်ပစ်ရာ ဘာအကြောင်းမှ မရှိဘူး၊ကိုကို့ကို လျှို့ဝှက်ဖို့လိုလို့လား”

ပြောပြောဆိုဆို ကိုကိုက အက်ဆေးစာရွက်ကလေးကို ဖျတ်ခနဲ လျင်မြန်စွာ ဆွဲလုသွားခဲ့ပြီ။ ပန်းရင်ထဲ လှိုက်ဖိုဆူဝေသွားလျက် တစ်ကိုယ်လုံး ထူပူတုန်ယင်ကာ ကိုကို့ကို အလန့်တကြား ငေးကြည့်နေမိလေသည်။ အက်ဆေးကို ဖတ်နေသော ကိုကို့မျက်လုံးတွေ ရှုံ့လာကာ နှုတ်ခမ်းနှစ်လွှာက တင်းတင်းစေ့သွား၏ ။ ကိုကို့ မျက်နှာက လေးနက်စွာ တည်တန့်သွားခဲ့သည်။

“ကျောင်းမှာ ဘာပြဿနာဖြစ်ခဲ့သလဲ ပန်းသတင်း၊ ကိုကို့ ကို ဘာလို့ ပြောမပြတာလဲ”

ပန်း၏ အက်ဆေးတစ်ပိုင်းတစ်စကို ဖတ်မိပြီးချိန်မှာ သူ့ရင်ထဲသို့ အမည်မသိသော ဝေဒနာတစ်မျိုး တိုးတိတ် စွာ ဝင်ရောက်လာခဲ့သည်။ ပန်းက စာရေးကောင်းသူတစ်ယောက်ဟု သူအသိအမှတ်ပြုမိသည်။ ပညာသင်ချင်လွန်း၍ ဘုန်းကြီးကျောင်းမှာ ပညာသင်ကြားနေရသော မိဘမဲ့မိန်းကလေးတစ်ယောက်အကြောင်း ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးသားထားခဲ့သည်။ ပြီးတော့ သူမဘဝ၏ လေးစားကိုးကွယ်ရာ ကျေးဇူးရှင်တစ်ယောက်အဖြစ် သူ့ကို ထည့်သွင်းထားခဲ့သည်။ သူ့ကို အစ်ကိုတစ်ယောက်လိုရော၊ ဆရာတစ်ယောက်လိုပါ လေးစားချစ်ခင်မိတာတွေ၊ ထိုအစ်ကိုကို ထိပါးစော်ကားလာမည့် ဘယ်လိုလူမျိုးကိုမဆို တုန့်ပြန့်စွာ သူမ ဝန်မလေးကြောင်း ရေးထားပုံမှာ အက်ဆေးတစ်ခုနှင့်မတူဘဲ ဖွင့်ဟဝန်ခံလွှာတစ်ခုနှင့် တူနေခဲ့သည်။

“ပန်း သူငယ်ချင်းက ကိုကို့ ကို နောက်တာကို မခံနိုင်တာနဲ့ သူ့ကို လက်သည်းနဲ့ကုတ်ဆွဲမိလို့ ဆရာမကြီးက အပြစ် ပေးတဲ့အနေနဲ့ အက်ဆေးရေးခိုင်းတာပါ ကိုကို . . . ”

ပန်း၏ အသံက ခပ်တိုးတိုး . . . ပြီးတော့ တုန်ယင်နေပါသည်။ ကိုကို့ မျက်ဝန်းတွေနှင့် ရင်မဆိုင်ရဲပါ။

"သူက ကိုကို့ကို ဘယ်လိုနှောက်လို့ ပန်းက အဲဒီ လောက် တုန့်ပြန်လိုက်ရတာ လဲ"

"ပန်းကို ယောင်းမရေ သူငယ်ချင်းလို့ သူကစပြီး နှောက်တာ၊ ဟိုးအရင်ကလည်း သူ အဲဒီ လို နှောက်တတ်တယ်၊ အရင်ကတော့ ပန်း သည်းခံခဲ့ပါတယ်၊ ခုတော့ သည်းမခံနိုင်တော့ဘူး၊ သူက ကိုကို့ကို ကြိတ်ပြီး ကြိုက်နေတာ ပန်းသိသားပဲ၊ တန်ရာတန်ရာ မမှန်းဘူး၊ သူက ရှစ်တန်းပဲရှိသေးတဲ့ဥစ္စာ၊ ကိုကို့လို ဆရာဝန်ကြီးကို သူမှန်းစရာလား၊ မတန်မရာ မှန်းတယ်ပြောတော့ သူ မခံနိုင်ဘူး၊ ပန်းကို နင်ကြိတ်ကြိုက်နေတာ မသိဘူးများ မှတ်နေလားလို့ စွပ်စွဲတာနဲ့ စိတ်ချဉ်ပေါက်ပြီး ကုတ်ဆွဲပစ်လိုက်ရော . . . မှတ်ထား"

အံ့ကလေးကြိတ်ကာ မခံချိမခံသာကလေး ရှင်းပြနေသော ပန်းရဲ့မျက်နှာကလေးကို သေသေချာချာ စိုက်ကြည့်မိရင်း ဒီကလေးမလေး မျက်စိရှေ့မှာတင် အပျိုပေါက်ကလေးအရွယ်ဆီ ကူးပြောင်းလာခဲ့ပါပေါ့လား . . . ဟု သူ အံ့ဩဆန်းကြယ် သော ခံစားချက်တစ်မျိုး ခံစားမိသည်။ အဖူးအငုံ သေးသေးလေးအရွယ်ကနေ တဖြည်းဖြည်း ဖူးဖွံ့ငွားစွင့် ပွင့်လာတော့မည်။ ဒီအခြေအနေတွေကို သူကြိုတင်တွေးဆ, ဆင်ခြင်ထားရတော့မည်။ သူဟာ သူပျိုးထားသည့် ပင်ပျိုကလေးကို အရိပ် တကြည့်ကြည့်ရှိကာ အပြည့်အဝ ဖူးပွင့်လန်းဆန်းလာသည့်တိုင် ပြုစုပျိုးထောင်ပေးရမည့် ဥယျာဉ်မှူးတစ်ယောက်သာ ဖြစ်သည်။ ဒီ ပင်ပျိုကလေး တစ်နေ့တစ်ခြား ရှင်သန်ကြီးထွားလာကာ တစ်ချိန်မှာ သူတောင် ပြန်မမှတ်မိနိုင်လောက်အောင် ဖားဖားဝေဝေ ခက်လက်ဖြာဝေ စိမ်းလန်းလာဦးမည့်အချိန်ကို သူ ရင်ခုန်မျှော်လင့်စွာ စောင့်စားရပါဦးမည်။

*

အခန်း(၆)

အချိန်တွေ တရွေ့ရွေ့ကုန်ဆုံးသွားခဲ့သည်မှာ အံ့ဩဖွယ်ရာ။ နှစ်နှစ်ဆိုသောအချိန်သည် ဖြိုးဖြိုးဖျတ်ဖျတ်နှင့် ကုန်ဆုံးသွားခဲ့သည်မှာ ပန်းသတင်းပင် ဆယ်တန်းကျောင်းသူတစ်ယောက် ဖြစ်ခဲ့ပါပြီ။ ဆယ့်ငါးနှစ်အရွယ် အပျိုချောမလေး။ ရှစ်တန်းနှင့်ကိုးတန်းကို ထူးချွန်စွာ ပထမအဆင့်တွေနှင့်ချည်း အောင်မြင်ခဲ့သော ပန်းသည် ဆယ်တန်းမှာတော့ မြန်မာ တစ်ပြည်လုံး တစ်ကနေ တစ်ဆယ်အတွင်း ဝင်တဲ့အထိ မှန်းထားခဲ့သည်မို့ အားသွန်ခွန်စိုက် ကြိုးကြိုးစားစား ရှိလှသည်။ ပန်းအတွက် အဓိက ဂိုက်(ဒ်)မှာ သူပဲဖြစ်ခဲ့ရသည်။ ပန်းအတွက် ကျောင်းပို့ကြိုတာဝန်ကို သူပဲပေးခဲ့သလို နာမည်ကြီး ကျူရှင် ဝိုင်းတွေဆီလည်း ပို့ပေးသည်။ အဲဒါအပြင် ပန်းကို သူ့ကိုယ်တိုင်လည်း စနစ်တကျ အချိန်ဇယားဆွဲပေးထားကာ သူကိုယ်တိုင် အနီးကပ်ကြပ်မတ်ပေးရသည်။ စာတစ်ခုတည်းမဟုတ်ဘဲ ကျန်းမာသန်စွမ်းအောင် လေ့ကျင့်ခန်းပုံမှန်လုပ်စေတာမျိုး၊ ဉာဏ်ရည်ထက်မြက်ပြီး မှတ်ဉာဏ်စူးစိုက်အား ကောင်းမွန်အောင် စိတ်တည်ငြိမ်ကြည်လင်အောင် ပုံမှန်တရားထိုင် ခိုင်းတာမျိုးတွေ လုပ်ပေးရသည်။ ပန်းအတွက် ညတိုင်း ကြက်ဥတစ်လုံးနှင့် နွားနို့ပူပူတစ်ခွက်ကို သူကိုယ်တိုင် သွားပို့ပေး ခဲ့သည်။

“ကိုကိုကလည်း အားနာစရာကြီး၊ ဒေါ်ကြီး လာပို့ခိုင်းလို့ရတာ ပဲ”

“ကိုကို့ ညီမလေးကို ကိုကို ကိုယ်တိုင် ဂရုစိုက်ပြုစုပေးချင်လို့ပေါ့ကွာ၊ ဘယ်လိုလဲ . . . စာတွေ အဆင်သင့်ပဲလား၊ နားမလည်တာရှိရင် ကိုကို့ကို ချက်ချင်းမေးနော်၊ ည တစ်ရေးနိုးလည်း ကိုကို့ကို နှိုးပြီးလာမေး”

“ဟုတ်ကဲ့ပါ၊ ကိုကို၊ ပန်းအခု မေးခွန်းဟောင်းတွေကို အချိန်တိုင်ပင်ကိုက်ပြီး ဖြေကြည့်နေပြီ၊ ကျောင်းက ဆရာမတွေ က ဂရုတစိုက် ပြန်စစ်ပေးကြတယ် ကိုကို၊ သင်္ချာ၊ အင်္ဂလိပ်စာရယ်၊ bio ရယ်၊ physic ရယ်က

အမြဲတမ်း ၉၀ ကျော် ရတယ်၊ မြန်မာစာနဲ့ chemistry က ရှစ်ဆယ်ကျော် . . . ”

“မြန်မာစာက ထားပါတော့၊ chemistry က ကိုးဆယ်ကျော်မှဖြစ်မယ်လေ၊ ဘာတွေ အားနည်းလို့လဲ၊ ဒါဆို ကိုကို chemistry ဖိသင်ပေးမှ ဖြစ်မယ်၊ သင်္ချာဆို ၁၀၀ အပြည့်ရသင့်တယ်၊ အမှားမရှိအောင် အထပ်ထပ် လေ့ကျင့်လေ ပန်းရဲ့”

သူ အလောတကြီးဇောနှင့် ပြောမိပြီးမှ ပန်း၏ မျက်လုံးဝိုင်းကလေးတွေကို သတိထားမိသွားခဲ့သည်။ သူ အမိန့်ကို တစ်သဝေမတိမ်း နာခံတတ်သူကလေး။ သူက ဒါကို ဖြစ်အောင်လုပ်ဆို မရရအောင် အားကြိုးမာန်တက် နှစ်ဆတိုးပြီး ကြိုးစားတတ်သူကလေးဆိုတာ သူ အကြွင်းမဲ့ ယုံကြည်ထားပါသည်။ သင်္ချာ ၁၀၀ မရလျှင် စိတ်ညစ်နေမှာစိုးသောကြောင့် ပန်း၏ ခေါင်းကလေးကို သူ ခပ်ဖွဖွပုတ်ကာ ဆော့ကစားလိုက်သည်။ ပြီးမှ သူ့နှုတ်ခမ်းမှာ အပြုံးကလေးဖန်ဆင်းပြီး . . .

“အေးပါကွာ . . . အဓိက မင်းကျန်းမာပျော်ရွှင်နေဖို့လည်း အရေးကြီးပါတယ်။ သင်္ချာ ၁၀၀ ရဖို့ ကိုကို အတင်းမတွန်း ပါဘူး၊ အကောင်းဆုံးတော့ ကြိုးစားပါ ပန်းရာ၊ မင်းကို ကိုကို အမြင့်ဆုံးမှန်းထားတယ်”

“ဟုတ်ကဲ့ပါ ကိုကို၊ ပန်း နှစ်ဆတိုးပြီး ကြိုးစားပါ့မယ်”

ပန်းက ထိုကတိကို ကိုကို့ကို ပေးမြဲဖြစ်သည်။ ကိုကို ပန်းကို မျှော်လင့်ထားလေ ပန်းမှာ ကြိုးစားရမည့်တာဝန် ပိုကြီးလေ . . . ဟု ခံယူထားခဲ့သောကြောင့်ဖြစ်၏ ။ ကိုကို ပန်းကို စိတ်တိုင်းကျ စေချင်သည်။ ပြုစုပျိုးထောင်ရကျိုး၊ ပင်ပန်းရ ကျိုးနပ်စေချင်သည်။ ပန်းကိုယ်တိုင် ဖြစ်ချင်စိတ်ရှိတာထက်ပိုပြီး ကိုကို့ဆန္ဒကို ဖြည့်ဆည်းပေးချင်မိတာက ပန်း၏ ရင်ထဲက နက်ရှိုင်းသောဆန္ဒအမှန်ပဲ ဖြစ်သည်။ ပန်းကြောင့် ကိုကို အားပါးတရ ကျေကျေနပ်နပ် ပြုံးလိုက်တာမျိုး မြင်ရလျှင် ပန်းရင်ထဲ ဘယ်လိုဝမ်းမြောက်

ဂုဏ်ယူမိမှန်း မသိ။ ကိုကို့ကြောင့်ပဲ ပန်း ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အစွမ်းကုန် ကြိုးစားခဲ့မိခြင်း ဖြစ်ပါသည်။

ထိုနေ့က ဆယ်တန်းအောင်စာရင်းတွေ ထွက်မည့်နေ့ . . .။ တစ်ညလုံး ပန်းအိပ်လို့ မပျော်နိုင်ပါ။ အောင်စာရင်းတွေ ကပ်မည့် မြို့နယ်ရုံးရှေ့မှာ လူတွေ စည်စည်ကားကား စုစုရုံးရုံး။ ပန်းကို ကိုကို ကိုယ်တိုင် ကားဖြင့် လိုက်ပို့ပေးသည်။ မနက်လေးနာရီ ထိုးခါနီး အထိ အောင်စာရင်းတွေ မကပ်သေး။ ပန်းက ရင်တွေ တလှပ်လှပ်ဖိုကာ နေမထိထိုင်မသာဖြစ်ကာ စိတ်လှုပ်ရှားလွန်းနေသောကြောင့် ပန်း၏ လက်ကလေးတစ်ဖက်ကို ကိုကိုက အားပေးသလို ဖိအုပ်ဆုပ်ကိုင်ပေးထားသည်။

"ဟော . . . အောင်စာရင်းတွေ ကပ်ပြီ ကိုကို၊ လူတွေ အများကြီးပြေးကုန်ပြီ"

"ပန်း . . . ကားပေါ်မှာနေခဲ့၊ ကိုကို သွားကြည့်ပေးမယ်"

"ဟင့်အင်း ကိုကို၊ ပန်းလည်း လိုက်ကြည့်ချင်တယ်၊ ပန်းမျက်လုံးနဲ့မြင်ရမှ"

"ကဲ . . . ဒါဆို လာ"

ကိုကိုက ပန်းလက်တစ်ဖက်ကို ခပ်တင်းတင်းဆွဲပြီး လူအုပ်ကြီးထဲသို့ ဇွတ်တိုးဝင်လာခဲ့သည်။ ရှန်းစုတိုးကြိတ်နေ သော လူအုပ်၏ တွန်းပို့မှုဖြင့် ပန်းတို့ အောင်စာရင်းတွေ ကပ်ထားသော စာရွက်တွေကို မူးနောက်နေအောင် တိုးကြိတ်ရှာဖွေ ရသည်။

"ဟာ . . . ဒီမှာ ပန်းတွေ့ပြီ၊ ပန်းရဲ့ ခုံနံပါတ် ၊ မပန်းသတင်း . . . ဂုဏ်ထူးက တစ်နှစ်သုံးလေးငါးခြောက်၊ ဟေး . . . ခြောက်ဘာသာလုံး ဂုဏ်ထူးထွက်တယ်ကွ၊ ငါ့ညီမလေး၊ ဒါမှ ကိုကို့ရဲ့ညီမလေး"

ကိုကို့အသံက အပျော်ဓာတ်ဖြင့် ကျယ်လောင်ကြပါလျက်။ ပန်းပင် ကိုယ့်မျက်လုံးကိုယ် မယုံနိုင်ပါ။ တကယ်ပဲ ပန်းခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ပြီပေ့ါ။ ကိုကို့ကြည့်ရသည်မှာ ပန်းထက်တောင် သူက ပိုပြီး ပျော်ရွှင်နေသည့် အတိုင်း။ ပန်းကို လူတွေကြားထဲကနေ ပြန်ဆွဲထုတ်လာခဲ့ပြီး လူရှင်းသွားချိန်မှာ ပန်း၏ ကိုယ်ကလေးကို အားပါးတရ မွှေ့ယမ်းသည့် ပတ်ချာလည် လှည့်ပစ်နေတော့သည်။

"ငါ့ ညီမလေး တော်လိုက်တာ၊ ခြောက်ဘာသာစလုံး ဂုဏ်ထူးထွက်တယ်၊ ညီမလေး ဘာလိုချင်လဲ၊ ကိုကို့ကို ပြောစမ်း . . . ပန်းကို ဆုချရမယ်"

ပန်းက ကိုကို့ကို တင်းကြပ်နေအောင် ဖက်ထားလိုက်မိရင်း အသံထွက်အောင်ပင် ငိုကြွေးလိုက်မိတော့သည်။ တင်းကြပ်စွာ ဖက်တွယ်ထားသော အထိအတွေ့၊ ပြီးတော့ သူ့အကျႌရင်ဘတ်စီမှ စွတ်စိုမှုကြောင့် သူ ရုတ်တရက် ငြိမ်သက် သွားမိသည်။ နူးညံ့အိထွေးသော မိန်းကလေးတစ်ယောက်၏ ဖက်တွယ်မှု၊ ထိုအတွေ့က မမြင်နိုင်သော အင်အားတစ်ခု ညှို့ငင်ဆွဲနှောင်မှုတစ်ခုပမာ သူ့ရင်ထဲသို့ သိမ်မွေ့ညင်သာလွန်းသလောက် အရှိန်အဝါ အင်အားပြင်းထန်လွန်းစွာ ဝင်ရောက်လာခဲ့ခြင်း ဖြစ်သည်။ သူ့ကို တင်းကြပ်နေအောင် ဖက်တွယ်ထားသော ထိုလက်ကလေးတွေကို သူ ဆွဲမဖယ်မိ လောက်အောင် ရုတ်တရက် သတိလက်လွတ် မင်သက်မိန်းမောသွားခဲ့မိသည်။

"ပန်း ညီမလေး . . . ဒါ ငိုစရာလားဟ၊ အရူးမလေး"

သူ့အသံကိုပင် သူ ပြန်မမှတ်မိအောင် ခပ်အက်အက်ဖွာနေခဲ့သည်။ သူ ဘာဖြစ်သွားတာလဲ . . . ?။

"ပန်း အရမ်းလည်း ဝမ်းသာတယ်။ ကြီးကြီးနဲ့ ကိုကို့ ကိုလည်း အရမ်းကျေးဇူးတင်တယ် ကိုကို၊ အထူးသဖြင့် ပန်းကို တင်းတင်းကြပ်ကြပ်

လေ့ကျင့်ပေးခဲ့တဲ့ ကိုကို ကို့ ပန်းအရမ်း”

ကိုကို့ ကို ပန်းအရမ်းချစ်တယ် . . . လို့ ပန်းပြောမထွက်ပါဘူး ကိုကို။ ပန်း အရမ်းမိုက်မဲရာ ကျေးဇူးကန်းရာ လူမဆန်ရာ ကျသွားမှာပေါ့။ ပန်းဘဝရဲ့ ကျေးဇူးရှင် သူရဲကောင်းဆရာတစ်ယောက်ကို ပန်းရူးရူးမိုက်မိုက် စော်ကားမိရာ ကျနေမှာပေါ့။ ဒါဟာ ပန်းရဲ့ ဆယ်ကျော်သက်အရွယ် စိတ်ကစား တိမ်းမူးစိတ်ရူးစိတ်နှမ်းမျိုး လုံးဝမဟုတ်ရပါ။ နေ့နေ့ညည ပန်းရင်ထဲမှာ နက်နက်ရှိုင်းရှိုင်း တွယ်တာနှောင်ငင်ရစ် ဖွဲ့နေခဲ့တဲ့ သံယောဇဉ် ထုထည်တွေကနေ မြစ်ဖျားခံဖွဲ့တည်လာခဲ့တဲ့ အချစ်စစ်စစ်တွေပါ။ ပန်း ကိုကို့ကို သိပ်ချစ်တယ်။ ဘာနဲ့မှ နှိုင်းမရအောင် ချစ်မိနေပါတယ်။ ဒါဟာ ဘယ်လိုမှ မဖြစ်သင့်ဘူးလို့ ပန်းရဲ့နှလုံးသားကို ဘယ်လောက်ပဲ တင်းတင်းကြပ်ကြပ် စောင့်ကြပ်အကျဉ်းချထားခဲ့မိပေမယ့် လေးစားအထင်ကြီး ကိုးကွယ် မြတ်နိုးစိတ်ကနေ ဖွဲ့တည်ခဲ့တဲ့ ဒီချစ်ခြင်းအဖွဲ့အအုံကို ပန်းဘယ်လိုအသိတရား၊ အင်အားမျိုးနဲ့မှ ဖြိုဖျက်လို့ မရခဲ့ပါဘူး။ အဲဒီ အတွက် ပန်းကိုခွင့်လွှတ်ပါ ကိုကို။

“တော်ပြီ... မငိုနဲ့တော့ ညီမလေး၊ အိမ်ပြန်ကြစို့၊ မေမေ မျှော်နေရောပေါ့”

ပန်းရဲ့ လက်ကလေးတွေကို အသာအယာ ဖြုတ်ယူပြီး သူပြောလိုက်မိသည်။ သူ့ရင်တစ်ခုလုံး ကတုန်ကယင်ဖြစ်ကာ အိမ်မက်ထဲမှာ လမ်းလျှောက်နေမိသူလို ကယောင်ကတမ်းတွေ ဖြစ်နေခဲ့သည်။ ကားသော့ကို သူလိုက်ရှာနေမိသည်။

“ကိုကို . . . ကားသော့က ကိုကို့ ခါးကြားမှာလေ”

ဟု ပန်းပြောမှ သူ ပြန်သတိရသည်။ ပန်း မျက်နှာကလေးကို သူ မကြာခဏ လှည့်လှည့်ကြည့်မိသည်။ သူ လှည့်ကြည့်မိတိုင်းလည်း ပန်းက သူ့ကို ပြန်ကြည့်ကာ ပြုံးပြတတ်သည်။ သူ့စိတ်တွေ တစ်မျိုးပြောင်းလဲနေခဲ့သလား . . . ဟု

သူ့ကိုယ်သူ ပြန်ဆန်းစစ်မိသည်။ နေ့နေ့ညည နီးနီးကပ်ကပ် ရင်းရင်းနှီးနှီး ရှိခဲ့ရသူကလေး။ သူမအပေါ် သူထားခဲ့မိသော စေတနာ သဒ္ဓါ မေတ္တာတွေက သာမန်သမားရိုးကျမဟုတ်ခဲ့တာတော့ သေချာပါသည်။ သူ စနစ်တကျ တလေးတနက် တန်ဖိုး ထားစွာ အနုစိတ် ဂရုတစိုက် ထုဆစ်နေခဲ့သော သူ့ရဲ့ ဂန္ထဝင်မြောက်မည့် သက်ရှိကျောက်ဆစ် အနုပညာ လက်ရာကလေး။ သူမကို သူ အမြင့်မားဆုံး မျှော်လင့်ထားခဲ့သည်။ သူမ၏ အောင်မြင်မှုတိုင်းဟာ သူ့ရဲ့ ဂုဏ်သိက္ခာကို ကိုယ်စားပြုသည်။

ရတနာဆိုင်ထဲမှာ စိတ်တိုင်းကျ ရွေးချယ်ပြီးတော့မှ ထို ပုလဲလည်ဆွဲကလေးကို သူ ဝယ်ဖို့ ဆုံးဖြတ်လိုက်သည်။ Tahitain Pearl အလုံးကြီးကြီး အရည်အသွေးကောင်းလွန်းပြီး နှစ်အိဝင်းမွတ်နေသော ဒီပုလဲလည်ဆွဲကလေးဟာ ပန်းရဲ့ လည်တိုင်ကြော့ကြော့ကလေးနှင့်မှ လိုက်ဖက်တင့်တယ်နေတော့မှာ သေချာပါသည်။

"ဒါလေးပဲ ယူလိုက်တော့မယ် ညီမ"

"ဟုတ်ကဲ့ရှင့်၊ ခဏထိုင်ပါဦး အစ်ကို၊ ဗူးလှလှကလေးနဲ့ သေချာထည့်ပြီး ပါကင်လုပ်ပေးလိုက်ပါ့မယ်"

ဘောက်ချာစာရွက်ကလေး သူ့လက်ထဲရောက်လာတော့ သူ ပိုက်ဆံရှင်းဖို့ ပိုက်ဆံအိတ် လိုက်ရှာမိသည်။ ချက်ချင်း ရှာမတွေ့။ သူ ထိတ်ခနဲဖြစ်ကာ ပျာသွားခဲ့သည်။ ပိုက်ဆံအိတ်ကို သူ ဘယ်မှာထားမိပါလိမ့်။ ဒီဆိုင်ကို လာကတည်းက မပါဘူးလား။ သူ့ ဆေးခန်းထဲမှာပဲ ကျန်ရစ်ခဲ့သလား။ သူ ချက်ချင်းပဲ သူ့ စက္ကထရီမ,ကလေးထံ ဖုန်းလှမ်းခေါ်ရသည်။

"ကေသွယ် . . . ကိုယ့်ရုံးခန်းထဲမှာ ကိုယ့်ပိုက်ဆံအိတ်များ ကျန်ခဲ့သလားလို့ ရှာပေးပါဦး"

"ဟုတ်ကဲ့ ဆရာ . . . ခဏလေးနော်"

ကေသွယ်က အခန်းထဲ သွားပြန်ရှာပြီး ခဏကြာတော့ အကြောင်းပြန်သည်။

"မရှိဘူး ဆရာ၊ ကေသွယ် မှတ်မိသလောက် ဆရာပြန်တော့ ဆရာ့အိတ်ဆရာ ကိုင်သွားပါတယ်၊ ခု ဘယ်မှာလဲ ဆရာ . . . အိမ်ရောက်နေပြီလား"

"မရောက်သေးဘူး . . . ကိုယ် ရတနာဆိုင်မှာ၊ ကိုယ့် ညီမအတွက် ပုလဲလည်ဆွဲလေးဝယ်နေတာ၊ ဒီမှာ ငွေရှင်းမယ် လုပ်တော့ ပိုက်ဆံအိတ်ရှာမတွေ့ဘူး"

"ကားပေါ်မှာများ မေ့ကျန်ခဲ့သလား ဆရာရယ်၊ ကားပေါ်တစ်ချက် ပြန်ရှာကြည့်ပါဦး"

"အိုကေ အိုကေ . . . ဒါပဲလေ ကေသွယ်၊ ကိုယ် သွားရှာကြည့်လိုက်ဦးမယ်"

ကေသွယ့်ကို ဖုန်းချပြီး သူ ဆိုင်ဝန်ထမ်းမိန်းကလေးကို မျက်နှာပူစွာ တောင်းပန်ရသည်။

"ဆောရီး ညီမရယ်၊ ကိုယ် ပိုက်ဆံအိတ် မေ့ကျန်ခဲ့လို့၊ ကားပေါ်မှာများ ထားခဲ့သလား မသိဘူး၊ ခဏလေး စောင့်ပေးနော်၊ ကိုယ် သွားရှာလိုက်ဦးမယ်"

သူ ကားဆီကို ခပ်သွက်သွက် ပြန်လျှောက်ခဲ့သည်။ ကားနားရောက်တော့ တံခါးဖွင့်ဖို့လုပ်တော့ သူ့လက်ထဲမှာ ကားသော့မတွေ့။ ခါးကြားထဲ ဘောင်းဘီအိတ်ထဲ သူ ရှာဖွေသော်လည်း မတွေ့။

"ကျစ် ဘာလဲကွာ၊ ဘာလို့ ဒီလောက် မေ့လျော့နေရတာ လဲ . . . ခုတလော"

သူ ရတနာဆိုင်ထဲ တစ်ခါထပ်ဝင်ရပြန်သည်။ ဝန်ထမ်းကောင်မလေးတွေက သူ့ကို စူးစမ်းဟန်ဖြင့် မသိမသာ အကဲခတ်လျက်

ရှိကြသည်။ သူ့မျက်နှာတွေ ထူပူလာ၏ ။

“ကိုယ့်ကားသော့ကွာ၊ ဘယ်မှာများ ထားလိုက်မိသလဲ မသိဘူး၊ ကူညီပါဦးကွာ”

ဝန်ထမ်းကောင်မလေးတွေ ဝိုင်းရှာပေးကြပါသည်။ နောက်တော့ သူ့ကားသော့ကို ခုနက ရတနာတွေ ကြည့်တုန်းက မှန်စားပွဲထောင့်စွန်းကလေးမှာ သူ ဒီအတိုင်း တင်ထားခဲ့မိခြင်းဖြစ်သည်။ ကားသော့တွေ့မှာ ကားထဲပြန်ရှာကြည့်တော့လည်း မတွေ့။ သူ့ကိုယ်သူ နည်းနည်းတော့ အံ့သြစ, ပြုလာခဲ့ပြီ။ ခုတလော သူသိသိသာသာကို မေ့လျော့တက်လာခဲ့ပါသလား။ ဆေးခန်းမှာ ကြည့်နေကျ လူနာတွေရဲ့ နာမည်တွေ၊ လုပ်ဖော်ကိုင်ဖက်ဆရာဝန်တချို့ရဲ့ နာမည်တွေ၊ သူနာပြုကလေးတွေရဲ့ နာမည်တွေကို ခဏခဏ မေ့တက်လာသည်။ လူနာနှင့် သူ့ရောဂါအခြေအနေကို တွဲပြီး မမှတ်မိသဖြင့် လူနာတစ်ယောက် ကိုကြည့်လျှင် အစအဆုံး ဆေးမှတ်တမ်းတွေ ပြန်စစ်ဆေးကြည့်ရသည်။ ဒီနေ့ ဘာနေ့လဲဆိုတာကို သူ မေ့လျော့နေတက်သည်။ သူ ဘာဖြစ်နေတာလဲ။ သူ့ရဲ့ မှတ်ဉာဏ်တွေ စတင်ချွတ်ယွင်းစ, ပြုလာတာဟာ သမားရိုးကျမှ ဟုတ်ပါရဲ့လား။ သူ စိတ်ရှုပ်ထွေးလာခဲ့သည်။

ရတနာဖိုး ပိုက်ဆံမရှင်းနိုင်ဘဲ သူအိမ်သို့ပြန်လာခဲ့ပါသည်။ အတွေးတစ်ခု သံသယတစ်ခု စိုးရိမ်မှုတစ်ခုက သူ့နှလုံးသား ကို အပ်မျှင်မျှင်ကလေးနှင့် ပေါက်နေသလို တဆစ်ဆစ် အဆက်မပြတ် ခေါက်လျက်ရှိသည်။ သူ့မှာက အိမ်မကဆိုးတစ်ခု ရှိထားနှင့်ပြီ မဟုတ်လား။ သူ့ဖေဖေရဲ့ Early Onset Alzheimer's Disease ဟာ ဖေဖေ့အသက် သုံးဆယ့်ငါးနှစ်လောက်မှာ စတင်ခဲ့ခြင်း ဖြစ်သည်။ အဲဒီအရွယ်မှာ ဖြစ်တာ အလွန်ရှားပါးသည်ဆိုပေမယ့် ရှားပါးသည့် အထဲမှာ ဖေဖေ ပါဝင်ခဲ့သည်။ သူကိုယ်တိုင် ဆရာဝန်တစ်ယောက်ဖြစ်တာရယ် . . . ဖေဖေ့ရောဂါအကြောင်း အစအဆုံး သိထားချင်တာကြောင့်ရယ် သူ Early Onset Alzheimer's Disease အကြောင်း အသေးစိတ် လေ့လာထားခဲ့သည်။ ဖေဖေဆိုလျှင်

အခုဆို သူ့တစ်ကိုယ်ရေ နေ့စဉ်လုပ်ငန်းဆောင်တာတွေပင် လုပ်ဆောင်နိုင်ခြင်းမရှိတော့။ သူ့ကိုယ်သူ ဘယ်မှာ ရောက်နေမှန်းလည်း မသိ . . . မိသားစုတွေကိုလည်း မှတ်မိခြင်း မရှိတော့။ မေမေနှင့် သူနာပြုဆရာမကလေးတို့ အလှည့်ကျ စောင့်ကြည့်၊ ကျွေးမွေး၊ ပြုစုစောင့်ရှောက်ပေးနေခဲ့ရတာ ဆယ့်ငါးနှစ်ရှိခဲ့ပြီ။ ဖေဖေနှင့် မေမေဟာ ငယ်ချစ်တွေ လည်းဖြစ်ကာ ဆယ့်ရှစ်နှစ်မှာ ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ပြုခဲ့ကြခြင်းဖြစ်သည်။ ဖေဖေ စ, ဖြစ်တော့ မေမေသည် အရွယ်ကောင်းပဲ ရှိသေးသည်။ ဖေဖေရဲ့ မေ့လျော့မှုတွေ၊ ဆုံးဖြတ်ချက်မှားယွင်းမှုတွေ၊ အပြုအမူ အပြောအဆို အနေအထိုင် ပြောင်းလဲမှုတွေ၊ နားလည်ရခက်ခဲသော အခြေအနေတွေကို မေမေတစ်ယောက်တည်း ခက်ခက်ခဲခဲ ရင်ဆိုင်ဖြတ်သန်းခဲ့ရ ခြင်း ဖြစ်သည်။ သူ့ကိုယ်တိုင်လည်း ဆယ်ကျော်သက်အရွယ်ကလေးမို့ ဖေဖေ့ရောဂါအခြေအနေနှင့် တိုက်ပွဲတွေဝင်ခဲ့ရသည်။ သူကံကောင်းလွန်း၊ စိတ်ဓာတ်ပြင်းထန်လွန်း၊ ရည်ရွယ်ချက်ကြီးမားလွန်းလို့သာ သူဖြစ်ချင်လွန်းသော ဆရာဝန်ဘဝကို မဖြစ်ဖြစ်အောင် ကြိုးစားယူခဲ့ခြင်းဖြစ်သည်။ ဆရာဝန်တစ်ယောက်ဖြစ်လာသည်နှင့်အညီ . . . ဖေဖေ့အခြေအနေကို သိထားသူမို့ သူလည်း ဖေဖေ့လို ဖြစ်နိုင်သည်ဆိုသော အတွေးက သူ့မှာ အမြဲရှိခဲ့သည်။ ခုတလော သိပ်မေ့လျော့တတ်တာ တွေ များလာလေလေ . . . သူ့သံသယက ပိုမိုအားကောင်းလာလေလေ၊ သူရဲ့ စိုးရိမ်စိတ်က ပို၍ ပြင်းထန်လာလေလေဖြစ် သည်။ သူ ဖေဖေ့လို မဖြစ်ချင်ပါ။ သူ ချစ်ခင်မြတ်နိုးသူတွေကို မေ့လျော့ခြင်းဖြင့် အဆုံးမသတ်ချင်ပါ။ သူ့မှတ်ဉာဏ်တွေကို မဆုံးရှုံးချင်ပါ . . .။

သူ့ရဲ့ ပိုက်ဆံအိတ်ကို သူဘယ်နေရာမှာမှ ပြန်ရှာ၍ မရတော့သောကြောင့် နောက်တစ်ကြိမ်သွားပြီး ပုလဲလည်ဆွဲ ကလေး ဝယ်ခဲ့ရသည်။ အံ့သြစရာကောင်းတာက သူ ဝယ်ဖို့ ဆုံးဖြတ်ထားခဲ့သော ပုလဲလည်ဆွဲကလေးကို သူ ပြန်မမှတ်မိ တော့ခြင်းပဲဖြစ်သည်။ အရောင်းဝန်ထမ်းကောင်မလေးတွေက သူ့ကို

မှတ်မိနေပြီး သူကြည့်ထားသော ပုလဲလည်ဆွဲကလေး ကို ပြန်ရွေးချယ်ထုတ်ပေးမှ အဆင်ပြေသွားခဲ့သည်။ တစ်ခုခုတော့ မှားယွင်းနေပြီဟု . . . သူ ထင်သည်။

*

# အခန်း(၇)

"ညီမလေးမွေးနေ့အတွက် အမှတ်တရ . . . ညီမလေး"

ကိုကိုက ပန်းလက်ထဲသို့ ကတ္တီပါဗူးလှလှကလေး လှမ်းပေးလိုက်သဖြင့် ပန်း လှမ်းယူလိုက်ရပေမယ့် မွေးနေ့အတွက် ဆိုတော့ ပန်း အံ့အားသင့်သွားခဲ့ပါသည်။ ပန်း မွေးနေ့က ပြီးခဲ့ပြီလေ။ လွန်ခဲ့တဲ့ ဇွန်လတုန်းက ပန်း ဆယ့်ခြောက်နှစ်ပြည့်ခဲ့ တာ ကိုကိုမေ့သွားတာလား။ ဗူးကလေးကို ဖွင့်ကြည့်လိုက်တော့ မထိရက်စရာ လှပလွန်းသော ပုလဲလည်ဆွဲကလေး တစ်ကုံး။

"အို . . . လှလိုက်တာ ကိုကိုရယ်၊ မွေးနေ့လက်ဆောင်က ကိုကို ပေးပြီးသားလေ၊ ဇွန်လတုန်းက ဆယ့်ခြောက် နှစ်ပြည့် မွေးနေ့အတွက် ကိုကို နာရီလှလှလေး ဝယ်ပေးခဲ့တယ်လေ . . . ဟောဒီမှာလေ"

ပန်းက ညာလက်မှာပတ်ထားသော D&G နာရီ အဝိုင်းကလေးကို မြှောက်ပြလျှင် ကိုကို့မျက်ဝန်းတွေက ဇဝေဇဝါ။

"ဟော . . . ငါ့ညီမလေးတောင် ဆယ့်ခြောက်နှစ်ပြည့်ပြီးသွားပြီလား၊ ကြည့်စမ်း . . . ကိုကို မေ့တာ၊ ဆောရီးကွာ ... ကိုကို အလုပ်တွေ အရမ်းများပြီး ရောသွားတာနေမှာ၊ ဒီပုလဲကလေးကို ကိုကို ဘာအတွက် ဝယ်ခဲ့တာပါလိမ့်၊ ဪ . . . ညီမလေးတို့ အောင်စာရင်း ဘယ်တော့ထွက်မှာ! . . ."

"ဟင် . . ."

ရုတ်တရက် ပန်း အံ့ဩလွန်းသဖြင့် ကြောင်အမ်းသွားရသည်။ လွန်ခဲ့တဲ့ စနေနေ့ကပဲ ပန်းနဲ့ကိုကို အောင်စာရင်း အတူ သွားကြည့်ခဲ့တာကို ကိုကို တကယ် မမှတ်မိဘူးလား?။

"ကိုကို . . .၊ ကိုကို နေလို့ကောင်းရဲ့လား၊ လွန်ခဲ့တဲ့ စနေနေ့က ပန်းတို့ ဆယ်တန်းအောင်စာရင်း သွားကြည့်ခဲ့ပြီးပြီ လေ"

ပန်းက ကိုကို့ကို ထိရှလွယ်လွန်းသည့် ပန်းအိုးကလေးသဖွယ် သတိအလွန်ထားပြီး ပြောလိုက်ရသည်။

သူ့မျက်လုံးတွေ ရုတ်တရက် ပင့်တက်သွားခဲ့ပါသည်။ ဖြစ်မှဖြစ်ရလေ . . .။ ဘာဖြစ်လို့ ပန်း အောင်စာရင်းထွက်ပြီး သားကို သူ မေ့သွားခဲ့တာပါလိမ့်။ တစ်ပတ်တောင် မပြည့်သေးတဲ့ဥစ္စာ။ လောလောလတ်လတ် ပူပူနွေးနွေးပဲရှိရဦးမှာ။ သူ ဦးနှောက်ကို အလုပ်ပေးကာ ထိုအဖြစ်ကို ပြန်မှတ်မိအောင် သေချာပြန်စဉ်းစားကြည့်သည်။ ဟင့်အင်း . . . သူ မမှတ်မိတော့။ ဒါဆို ဒီပုလဲလည်ဆွဲကို သူ ဘာအတွက် ဝယ်လာခဲ့မိတာပါလိမ် . . .။

"ကိုကို . . . "

ပန်းက တိုးတိုးလေး ခေါ်ကြည့်သည်။

"အင်း . . . ပန်း အောင်စာရင်းထွက်ပြီးတာကို ကိုကို ဘာလို့မေ့သွားရတာ ပါလိမ့်ကွာ၊ ဆောရီး ညီမလေးရာ ပန်း ဂုဏ်ထူး ဘယ်နှဘာသာပါလဲ"

ပန်းရင်ထဲ ဆစ်ခနဲကျဉ်သွားကာ ငိုချင်သွားမိသည်။ ကိုကို တစ်ခုခုဖြစ်နေပါပြီ။

"ခြောက်ဘာသာလုံးထွက်တယ်လေ ကိုကို၊ ကိုကို တကယ် မမှတ်မိဘူးလားဟင်၊ ကိုကို ဘာဖြစ်နေတာလဲ"

"ကိုကို မှတ်မိပါတယ်၊ ဒါဆို ဒီပုလဲဟာ ပန်းကို ဆုချဖို့ ဝယ်ခဲ့တာပေါ့။ အဲဒါ အသေချာဆုံးပဲ၊ လာ ကိုကို ဆွဲပေးမယ်"

ကိုကိုက ချက်ချင်းပဲ ပုလဲလည်ဆွဲကလေးကို ဖြုတ်ပြီး ပန်း၏ လည်တိုင်ကြော့ကလေးမှာ ဆင်ပေးလိုက်သည်။ ပန်း ကတော့ အပြည့်အဝ မပျော်ရွှင်နိုင်ဘဲ ရင်ထဲ နွမ်းလျှလျှကလေးဖြစ်နေမိသည်။ ကိုကို့အပြုအမူတွေက

ထူးဆန်းမနေဘူး လား။ ခုတလော အိမ်မှာ ဟိုပစ္စည်းပျောက်လိုက်၊ ဒီပစ္စည်း မေ့လိုက်နှင့် အလွဲလွဲ အချော်ချော်ကလေးတွေ စတင်လာခဲ့ တာကို ပန်းရော ကြီးကြီးပါ သတိထားမိနေခဲ့သည်။ တစ်ခါတစ်ခါ စကားပြောနေရင်း တန်းလန်းရပ်တန့်သွားကာ သူဘာပြော နေတာပါလိမ့် . . . ဟု သူ ပြောနေတဲ့အကြောင်းအရာကို မေ့သွားတတ်သည်။ ထမင်းစားဖို့ မေ့ချင်မေ့တတ်သည်။ မနက်တိုင်း ဘုရားရှိခိုးနေကျ မေ့ချင်မေ့တတ်သည်။ ကြီးကြီးက ကိုကို့ ဖေဖေတုန်းက အတွေ့အကြုံတွေ ရှိထားခဲ့သည်မို့ ကိုကိုမှာလည်း Early Onset Alzheimar's စတင် ဖြစ်နေမှာကို စိုးရိမ်ပူပန်နေခဲ့သည်။

"ကိုကို . . . အလုပ်မှာရော အဲဒီ လို မေ့တာလျော့တာတွေ ဖြစ်တတ်သလားဟင်"

ပန်းက စိုးရိမ်စိတ်ကလေးနှင့် မေးမိတော့ ကိုကိုက ပန်းကိုကြည့်ပြီး ပြုံးပြသည်။ ထိုအပြုံးကို ပန်း သိပ်နားလည်တာ ပေါ့။ ပန်း ဘာကို စိုးရိမ်နေသလဲဆိုတာကို သိသည့် နှစ်သိမ့်အားပေးပြုံးကလေးပါ။ ကိုကိုက ပန်း၏ ခေါင်းကလေးကို တစ်ချက်ပုတ်လိုက်သည်။

"ကိုကို့ကို စိုးရိမ်မနေပါနဲ့ ပန်းရယ်၊ ကိုကို ဘာမှမဖြစ်ပါဘူး၊ ခုတလော အလုပ်တွေများလွန်းလို့ စိတ်တွေ ရှုပ်ပြီး မေ့သွားတာပါကွာ"

ကိုကို့အသံက ပန်းကို စိတ်မပူအောင် နှစ်သိမ့်ပေးသလိုလို၊ ဆင်ခြင်ပေးသလိုလိုပါ ပန်းက ကိုကို့ကို စေ့စေ့ကလေး စိုက်ကြည့်နေမိသည်။ ကိုကိုက . . .

"ဘာလဲဟ . . . ဘာကြည့်နေတာလဲ . . . ပုလဲလေးကြိုက်ရဲ့လား"

ဟု ပြန်မေးပါသည်။

"ဟုတ်ကဲ့ . . . ကြိုက်ပါတယ် ကိုကို"

ဟု ပန်း ဖြေလိုက်သည်။

ပန်းက ကျောင်းတွေပြန်မဖွင့်ခင်မှာ ဒေါ်ကြီးဆီမှာ အချက်အပြုတ်သင်တန်းတက်နေခဲ့သည်။ တစ်ပတ်စာ ဈေးဝယ်သည့် တာဝန်ကိုလည်း ပန်းပဲ ယူထားလိုက်သည်။ ဒေါ်ကြီးကို တစ်ဖက်တစ်လမ်းကနေ ကူညီချင်သောကြောင့် ဖြစ်၏။ ပန်းက ဆေးတက္ကသိုလ်ဝင်မှာ သေချာခဲ့ပြီးသားမို့ ဆေးတက္ကသိုလ်ကိုပဲ ဦးစားပေးလျှောက်ထားခဲ့ပါသည်။ ကိုကိုက ထုံးစံအတိုင်း ပန်း စပြီး လေ့လာကျက်မှတ်ထားနှင့်ဖို့ 1st M.B အတွက် စာအုပ်တွေ ကြိုတင်ရှာဖွေပေးထားနှင့်ခဲ့ပြီ။ ပန်းအတွက် အချိန်ဇယားအသစ်လည်း ရေးဆွဲပေးထားနှင့်ခဲ့ပြီ။ ပန်းအတွက် အချိန်ဇယားအသစ်လည်း ရေးဆွဲပေးထားခဲ့နှင့် ပြီ။ ဒီနေ့တော့ တစ်ပတ်စာအတွက် City Mart မှာ ဝယ်စရာရှိတာတွေကို စာရင်းစာရွက်ကလေးလုပ်ကာ ပန်း ဈေးဝယ်ဖို့ အိမ်ကထွက်မည့်ဟန်ပြင်တော့ ဒီနေ့ အလုပ်အားနေသော ကိုကိုက . . .

"ညီမလေး ဘယ်သွားမလို့လဲ . . . "

ဟု လှမ်းမေးပါသည်။

"City Mart မှာ လိုတာလေးတွေ သွားဝယ်ထားမလို့ပါ ကိုကို"

"ဒါဆို ကိုကို လိုက်ပို့ပေးမယ်. . ."

ဟုဆိုကာ ကိုကိုက City Mart ဆီ လိုက်ပို့ပေးသည်။

"ကိုကို ကားပေါ်ကပဲ စောင့်မယ်နော်"

"ဟုတ်ကဲ့ ကိုကို . . . သိပ်မကြာပါဘူး"

ပန်းက City Mart ထဲဝင်၊ လိုအပ်တာမှန်သမျှ ဝယ်ပြီး ဆိုင်ရှေ့သို့ ပြန်ထွက်ခဲ့သည်။ ပန်းလက်ထဲမှာ အထုပ်တွေ တစ်ပွေ့တစ်ပိုက်နှင့် မနိုင်မနင်း။ ကိုကို့ကားကို ရုတ်တရက် ရှာမတွေ့သဖြင့် ပန်းမှာ ကားတွေဆီ အခေါက်ခေါက်

အခါခါဖြတ် ကာ လှည့်ပတ်ရှာဖွေသော်လည်း မတွေ့။ အံ့ဩဖို့ကောင်းလိုက်တာ။ ကိုကို ဘယ်ရောက်သွားပါလိမ့်။ လက်ထဲမှာလည်း ဖုန်းယူမလာခဲ့မိ။

သူ့ကားက မီးပွိုင့်မှာ မီးနီနေသဖြင့် ရပ်ထားရင်း သူအထပ်ထပ် စဉ်းစားနေမိသည်။ သူ ဘယ်သွားနေတာလဲ?။ လမ်းလယ်ခေါင်မှာ ကားရပ်ပြီး သူ ဘယ်ဘက်ကို သွားရမှာလဲ မသိ။ သူ့ခေါင်းထဲမှာ ဗလာကျင်းလို့နေသည်။ ခုနက သူ ဘယ်ကို သွားခဲ့သလဲ။ အခု အိမ်ပြန်မှာလား။ အိမ်ကို သွားတဲ့လမ်းက ဘယ်လမ်းလဲ? . . .။ သူ စိတ်ကူးပေါက်သလို ဟိုကွေ့ ဒီချိုး ဆက်မောင်းနေမိသည်။ သူ့အိမ်ဘယ်မှာလဲ? . . . ဘယ်လမ်းလဲ ?. . .

ဟင် . . . သူဘာဖြစ်လို့ မမှတ်မိရတာ လဲ? . . .။ နောက်ဆုံးတော့ သူ လမ်းဘေးတစ်နေရာမှာ ကားထိုးရပ်လိုက်သည်။

ကိုကို့ကားကို ရှာမတွေ့သည့်အဆုံး ပန်းက အိမ်ဖုန်းကို လှမ်းဆက်ကြည့်မိသည်။ ကိုကို ပြန်မရောက်သေးပါတဲ့။ ဒရိုက်ဘာကို City Mart မှာ လာကြိုပေးဖို့ မှာလိုက်ပြီး ကိုကို့ဖုန်းကို လှမ်းကြည့်မိသည် . . .။

လမ်းဘေးမှာ စိတ်ပျက်လက်ပျက် ကားထိုးရပ်ထားမိဆဲ ဖုန်းမြည်လာသဖြင့် သူ ကောက်ထူးလိုက်ရသည်။

"ဟယ်လို . . .။"

"ကိုကို . . . ကိုကို ဘယ်မှာလဲ"

"ကိုကိုလား . . . လမ်းမှာပဲ၊ ပန်းလား ၊ ပန်း ဘယ်ကနေ ဆက်နေတာလဲ"

"ဟောတော် . . .၊ ပန်း ခုနက City Mart ထဲမှာ ဈေးဝယ်နေတာလေ၊ ကိုကို ဆိုင်ရှေ့မှာ စောင့်နေမယ်ဆိုပြီး ဘာလို့ ထွက်သွားတာလဲ? . . . အခု ဘယ်နားရောက်နေလဲ? . . ."

"ကိုကိုလား . . . အင်းလျာကန်ဘေးမှာ ခဏရပ်ထားတယ် ပန်း . . ."

“ဘာဖြစ်လို့ အဲဒီ အထိ လျှောက်မောင်းသွားခဲ့တာလဲ ကိုကိုရယ် ပန်းဒရိုက်ဘာမှာထားလိုက်ပြီ ကိုကို အိမ်ကိုပဲ ပြန်လိုက်တော့နော်”

ပန်း ဖုန်းချသွားတော့မှ သူ စိတ်ကူးရတာ ဖုန်းထဲက သူ့သူငယ်ချင်း ဝဏ္ဏာရဲ့ဖုန်းကို ရှာနှိပ်လိုက်သည်။

“ဝဏ္ဏာ . . . မင်း အားရင် ငါ့ဆီ ခဏထွက်ခဲ့ကွာ၊ ငါ အင်းလျားကန်ဘေးမှာ ကားရပ်ထားတယ်”

“ဟေ . . . ကား ဘာဖြစ်လို့လဲ၊ ကားပျက်လို့လား? ငါ အခုလာခဲ့မယ်”

သူ မျက်လုံးတွေ ဖိမှိတ်ထားလိုက်သည်။ သူ့ကိုယ်သူ စိုးရိမ်စပြုလာသည်။ ပြီးတော့ သူ ကားမမောင်းသင့်တော့ ကြောင်းလည်း နားလည်လိုက်သည်။

ဝဏ္ဏာရောက်လာသောအခါ သူအခြေအနေကို အကျဉ်းချုပ် ရှင်းပြလိုက်ရသည်။ ဝဏ္ဏာကိုယ်တိုင်လည်း သူနှင့်အတူ လုပ်ဖော်ကိုင်ဖက် ဆရာဝန်တစ်ယောက်မို့ . . .

“ဒါဆို မင်း လုံးဝ ကားမမောင်းသင့်တော့ဘူး ရွှယ်ရည်၊ ကိုယ့်အိမ်သွားမယ့်လမ်းကိုတောင် မင်း မမှတ်မိတော့ဘူးဆို တာ လုံးဝ နော်မယ်လ်မဟုတ်တော့ဘူး၊ မင်း တစ်ခုခုတော့ မှားနေပြီ ရွှယ်ရည် . . . မင်း Psychiatrist နဲ့ ပြသင့်ပြီ သူငယ်ချင်း”

“ငါ စိုးရိမ်နေတာက ငါ ဖေဖေ့လို စဖြစ်နေမှာကိုပဲ”

“မင်း ကိုယ်တိုင်လည်း ဆရာဝန်ပဲ ရွှယ်ရည်ရာ၊ ကဲ အဆိုးရွားဆုံးအခြေအနေကို ထည့်သွင်းထားလိုက်၊ အကယ်၍ မင်းမှာ အဲဒီ ရောဂါ စဖြစ်နေပြီဆိုရင်တောင် မင်းအတွက် ဆောင်ရန်၊ ရှောင်ရန်တွေ၊ ကြိုတင်ပြင်ဆင်ထားသင့်တာတွေ မင်း ပြင်ဆင်ထားရတော့မယ်လေ၊ ခုလို

ကားမောင်းနေရင်း ကိုယ့်အိမ်ပြန်တဲ့ လမ်းကိုတောင် မမှတ်မိတော့ရင် . . .”

“ငါ သိပါတယ် . . .၊ ဒါကြောင့် ငါ အရမ်းလန့်သွားတာ၊ မင်းကားကို ရှေ့ကမောင်းသွားပေးကွာ၊ ငါ မင်း နောက်က လိုက်ခဲ့မယ် . . .”

“မင်း ဒေါက်တာ ( )ဆီ ဖုန်းလှမ်းဆက်ပြီး သွားတွေ့လိုက်ဦး ဟော့ကောင်၊ မင်းကို ငါ စိုးရိမ်တယ်”

“အေးပါ . . .”

ဝဏ္ဏက ကားကို ရှေ့ကနေ ဖြည်းဖြည်းမောင်းရင်း သူ့ကို စောင့်ခေါ်ကာ သူ့အိမ်သို့ ပြန်ပို့ပေးသည်။ သူ့စိတ်တွေ တင်းကြပ်ရှုပ်ထွေးကာ ဘာကို ဒေါသထွက်နေမိမှန်းမသိ ဒေါသလည်း ထွက်သည်။ ဧည့်ခန်းမှာ သူ ပြန်အလာကို စောင့်နေဟန်ရှိသော မေမေနှင့် ပန်း၏ နားလည်ရခက်သော မျက်နှာတွေကို တွေ့ရသည်။

“ကိုကို ဘယ်တွေလျှောက်သွားနေတာလဲဟင်၊ ပန်းကို တကယ်မေ့ပြီး ထွက်သွားခဲ့တာလား . . . ဟုတ်လား”

“မဟုတ်ပါဘူး . . . ကိုယ့်သူငယ်ချင်းနဲ့တွေ့လို့ သူ့ကို လိုက်ပို့ပေးနေတာ”

“သား . . . သားကြည့်ရတာ တစ်ခုခုဖြစ်နေပုံပဲ၊ နေကောင်းရဲ့လား သားရယ်”

“ကောင်းပါတယ် . . . ကျွန်တော် ခဏနားလိုက်ဦးမယ်”

ပန်းက သူ့အခန်းထဲ ခပ်သွက်သွက်ဝင်သွားသော ကိုကို့၏ အပြုအမူပြောင်းလဲလျက်ရှိတာကို သတိထားမိသည်။ စိတ်တို၊ စိတ်ရှုပ်ထွေးနေပုံရသော မျက်နှာ၊ တစ်ခုခုကို စိုးရိမ်ထိတ်လန့်နေသော မျက်နှာ။ ကိုကို ဘာဖြစ်လို့ ခုလို ပြောင်းလဲ သွားရတာ လဲ။

“မေမေ သိတယ် သမီး၊ သား တစ်ခုခုတော့ ဖြစ်နေပြီ၊ အရင်

ပုံစံမဟုတ်ဘူး၊ အပြုအမူတွေ အရမ်းပြောင်းလဲလာ တယ်၊ အရမ်း မေ့လျော့တတ်လာတာကို မေမေ စိုးရိမ်တာ၊ သား ဖေဖေတုန်းကလည်း အဲဒီ ပုံစံနဲ့ပဲ စခဲ့တာ၊ မေမေနဲ့အတူတူ သွားရင်း မေမေ့ကို မေ့ချန်ထားပစ်ခဲ့တာ ခဏခဏပဲ၊ ကိုယ်က သူ့ရောဂါကို မသိသေးတော့ စိတ်တွေတို၊ သူ့ကို စွပ်စွဲ၊ ရန်တွေဖြစ်နဲ့ .. ဟိုဟာမေ့ ဒီဟာမေ့ အလွဲလွဲအချော်ချော်နဲ့၊ သူ ပြောလက်စ စကား ဘယ်ရောက်မှန်းမသိ ပြောရင်းတန်းလန်းနဲ့ ရပ်ပစ်လိုက်တာ မကြာခဏ၊ သားကို စိုးရိမ်လိုက်တာ သမီးရယ်၊ သားအသက်က ခုမှ သုံးဆယ့်တစ်ပဲ ရှိပါသေးတယ်၊ အဲဒီ ရောဂါဖြစ်ဖို့ စောလွန်းသေးတယ်”

ပန်းက ကြီးကြီး၏ ပခုံးကလေးကို ထွေးပွေ့ဖက်ထားရင်း နှစ်သိမ့်ပေးမိသည်။ ဒီရောဂါဟာ ကြီးကြီး အတွက် အိပ်မက်ဆိုးကြီး တစ်ခုပါ။ ကိုကို့ ဖေဖေရဲ့ အခြေအနေကလည်း တစ်နေ့တစ်ခြား ဆိုးဆိုးလာတာပဲရှိသည်။ ဘာဆိုဘာမှ မမှတ်မိတော့ပဲ ကလေးတစ်ယောက်လို အစအဆုံး ပြုစုနေရတဲ့ အသိဉာဏ်တွေ ကင်းမဲ့သွားသော လူတစ်ယောက်ဖြစ်နေပြီ။ နေ့လားညလား မသိ အချိန်မရွေး စွန့်ခွာထွက်သွားတော့မည့် အနေအထားမျိုးမှာ ရှိနေပြီ။ ထိုအိမ်မက်ဆိုးကို ခင်ပွန်းသည်နှင့် အစအဆုံး မက်ထားခဲ့သူ တစ်ယောက်အတွက် သားဖြစ်သူဆီမှာပါ ဒီအိပ်မက်ကို ဆက်မက်ရတော့ မည်ဆိုပါလျှင် ကြီးကြီးလောက် ကံဆိုးသော သနားစရာကောင်း သောသူ ရှိတော့မည် မထင်ပါ ...။

“ပန်း ကိုကို့ဆီ ခဏသွားလိုက်ဦးမယ် မေမေ”

“အေး အေး ... သမီး”

ပန်းသည် ကိုကို့ အခန်းတံခါးကို ခပ်ဖွဖွခေါက်ပြီး ဝင်လာခဲ့မိသည်။ ကိုကိုက ကွန်ပျူတာရှေ့မှာ မျက်မှောင်တင်းတင်း ဝင်လာခဲ့မိသည်။ ကိုကိုက ကွန်ပျူတာရှေ့မှာ မျက်မှောင် တင်းတင်းကြုတ်ထားလျက် တစ်ခုခုကို အာရုံစူးစိုက်နစ်မြုပ်လျက်ရှိသည်။

"ကိုကို ... "

ပန်းရဲ့ ခပ်တိုးတိုးခေါ်သံကို သူ ဆတ်ခနဲ တုန်တဲ့အထိ လန့်သွားကာ စိတ်က ချက်ချင်းတိုသွားခဲ့သည်။ ပန်းကို စူးစူးရှရှ လှမ်းကြည့်ပြီး ...

"ဟာ ... ဘာလာရှုပ်ပြန်တာလဲ? ဒီမှာ အလုပ်ရှုပ်နေတယ်ကွာ၊ သွား သွား ... နောက်ကို ငါ့ အခန်းထဲ မပြောမဆိုနဲ့ စွတ်စွတ်ဝင်မလာနဲ့၊ မင်းကိုယ်မင်း အရှုယ်ရောက်နေပြီဆိုတာလည်း သတိထားဦး ... သွား"

ပန်းဖြင့် ရုတ်တရက် ယုံတောင်မယုံနိုင်။ ရင်ဝတည့်တည့်ဆီ ဆောင့်တွန်းခံလိုက်ရသလို နောက်သို့ ယိုင်သွားခဲ့ကာ စိတ်မထိန်းနိုင်အောင်ပင် ငိုချင်ပြင်းပြသွားမိသည်။ ကိုကိုဟာ ကိုကိုမှ ဟုတ်ပါရဲ့လား ... ဟု သံသယဝင်လောက်အောင်ကို ဖြုန်းစားကြီး ပြောင်းလဲသွားခဲ့တာပါ။ ပန်းကိုဆို ဘယ်တုန်းကမှ မျက်နှာထား ခပ်တည်တည် လေသံတင်းတင်းဖြင့် ပြောလေ့မရှိသူမို့ ချက်ချင်းကြီး ပြောင်းလဲသွားသော ဒေါသတကြီးမျက်နှာကြောင့် ပန်းရင်ထဲ ထိထိခိုက်ခိုက် နာကျင် ဆို့နစ်သွားမိကာ အခန်းထဲမှာ ထွက်ပြေးလာခဲ့ မိသည်။ အခန်းဝ, တွင် ကြီးကြီးနှင့် တိုးပါသည်။ ကြီးကြီးရင်ခွင်ထဲ ဝမ်းပန်းတနည်း ပြေးဝင်ကာ ပန်း ခပ်တိုးတိုး ရှိုက်ငင်မိသည်။

"သမီးရယ် ... သားဖေဖေတုန်းကလည်း အဲဒီ လိုပဲ စိတ်တွေတိုလာတယ်၊ ပြီးရင် သူ ဘာပြောမိမှန်း သူ ပြန်မမှတ်မိတတ်ဘူး၊ သားလေး သနားပါတယ်၊ သားမှာ သူ့ဖေဖေကို ရောဂါမျိုး စ, နေပြီလို့ မေမေထင်တာပဲ"

ကြီးကြီးအသံက တိုးလှိုက်တုန်ယင်လို့။ ပူပန်သောက ဗျာပါဒတွေနှင့် နှလုံးသားကွဲကြေရာကနေ ထွက်ပေါ်လာသော ထိခိုက်ကွဲရှသံမျိုး။ ပန်းရင်ထဲရှိ နှလုံးသားကို ခပ်ကြမ်းကြမ်း ဆုပ်ညှစ်ဆွဲခါခံလိုက်ရသလို ခပ်နင့်နင့်ကြီး နာကျင်သွား ခဲ့မိပါသည်။ ကိုကိုသာ အဲဒီ ရောဂါကို စတင်ခံစားနေရပြီဆိုပါလျှင် ပန်း ဘာလုပ်ပေးရမလဲ။

သူ စကားပြန်မပြောနိုင်။
ရင်ဝမှာ တင်းကြပ်ဆို့နစ်နေသည်။
နောက်ဆုံးတော့ သူ အကြောဆုံးသော အိပ်မက်ကို
သူ တကယ်မက်ခဲ့ရပြီ။
သူ မလျှောက်ချင်ဆုံး သောလမ်းကို
သူ တကယ်ဆက်လျှောက်ရတော့မည်။

*

# အခန်း(၈)

လူနာ၏ မျက်နှာကို ခပ်စူးစူးစိုက်ကြည့်နေမိရင်းက သူ ပြောလက်စ, စကားကို ဘာဆက်ပြီးပြောရမှန်း မသိတော့သလို ဖြုန်းခနဲ ရပ်တန့်ကာ ငေးကြောင်ကြောင်ဖြစ်နေသည်။ သူ့အာရုံတွေကို စုစည်းကြည့်သည်။ မရပါ။ သူ ဘာအကြောင်း ပြောနေခဲ့တာလဲ?? ရှေ့က လူနာက ဘယ်သူလဲ?? သူဘာရောဂါ ဖြစ်နေတာလဲ ?? ဆေးမှတ်တမ်းကို တစ်ချက်ပြန်ဖတ်ရပြန်သည်။ လူနာနာမည်ကိုပင် သူ မမှတ်မိချေ။

"ဒီလို လုပ်ရအောင်၊ ကျွန်တော် တခြားဆရာဝန်တစ်ယောက်ဆီ လွှဲပေးလိုက်မယ်၊ သူနဲ့ ဆက်ပြကြည့်လိုက်ပါနော်"

"အို ကျွန်မက ဒေါက်တာနဲ့ပဲ ပြနေတာကြာလှပြီရှင်၊ ကျွန်မ ဆရာဝန် မပြောင်းချင်ပါဘူး"

"လိုအပ်လို့ ပြောင်းပေးတာပါ အန်တီရယ်"

သူ ဆေးခန်းရှိ တခြားဆရာဝန်ဆီ လွှဲပြောင်းစာရေးပေးလိုက်သည်။ သူ့ကိုယ်သူ သိနေသည်။ သူ နားမှုကို ဖြစ်တော့မည်။ လူနာက သိပ်မကျေနပ်လှသော်လည်း ဘာမှထပ်ပြီး စောဒက မတတ်တော့။ သူ့လူနာတွေအားလုံးကို တခြား ဆရာဝန်ဆီ လွှဲပြောင်းပေးနေတာ ဘယ်နှယောက်ရှိပြီလဲ။ သူကိုယ်တိုင်က လူနာတစ်ယောက်အဖြစ် ပြောင်းလဲလာသော အခါ သူ ဆေးကုချင်စိတ်မရှိတော့။ အလုပ်လုပ်ရတာ ကို သူ စိတ်ဝင်တစားမရှိတာ၊ အာရုံစူးစိုက်လို့မရတော့တာ၊ ပြောလက်စ အကြောင်းအရာကို မေ့လျော့သွားတတ်တာ ... အဲဒါတွေက သူ့ကို တစ်နေ့တစ်ခြား ခြောက်လှန့်နှိပ်စက်လျက်ရှိပြီ။

အခန်းထဲသို့ နောက်တစ်ယောက် ဝင်မလာခင် သူ ဆေးခန်းထဲက ထွက်လာခဲ့သည်။

"ဆရာ ဘယ်သွားမလို့လဲ၊ လူနာတွေ ရှိသေးတယ်လေ၊ ပြီးတော့ နေ့လည် တစ်နာရီမှာ ဆေးရုံမီတင်ရှိသေး တယ်နော်"

သူ့နောက်ကနေ တဖျတ်ဖျတ်လိုက်လာပြီး စိုးရိမ်ပူပန်စွာ သတိပေးနေသော သူရဲ့ စက္ကထရီကလေး၏ နာမည်ကိုတောင် သူ ရုတ်တရက် သတိမရနိုင်။

"လူနာတွေကို တခြားဆရာဝန်တွေဆီ လွှဲပြောင်းထည့်ပေးလိုက် .... ကိုယ် ပြန်လာခဲ့မယ်"

သူ ဆေးရုံပေါ်ကနေ ထွက်လာခဲ့သည်။ သူ ဘယ်ကို သွားရမလဲ ?။ ဟိုတစ်ခါ ဖြစ်ပြီးကတည်းက သူ ကား မမောင်းတော့ဘဲ ဒရိုင်ဘာနှင့်သာ စီးတော့သည်မို့ ကားရပ်ထားသောနေရာတွင် သူ့ကားကို ရှာသည်။ ဒရိုင်ဘာကို သူမမှတ်မိ။ ကားကိုလည်း ရှာမတွေ့။

"ဆရာ ဆရာ ... ကျွန်တော် ဒီမှာခင်ဗျာ"

ဒရိုင်ဘာက သူ့ကိုမြင်ပြီး ထွက်ခေါ်မှပဲ သူကားပေါ်သို့တက်ရသည်။ သူ ဘာလုပ်ရမလဲ ? . ကားနောက်မှီကို မှီချလိုက်ပြီး မျက်လုံးတွေကို ဖိမှိတ်ထားလိုက်မိသည်။ သူ့အာရုံထဲ ဖေဖေ့ကို ပြန်မြင်ယောင်လာသည်။ ဖေဖေ စ, ဖြစ်တော့ သူဆယ်ကျော်အသက်အရွယ်မို့ အဖြစ်အပျက်တချို့ကို ကောင်းစွာမှတ်မိနေခဲ့သည်။ ဖေဖေနဲ့ မေမေ့ရဲ့ ရန်ပွဲတွေ။ ဖေဖေ့ရဲ့ မေ့လျော့လွဲချော်မှုတွေ၊ မေမေ့ရဲ့ နားလည်မှုလွဲခဲ့တာတွေ။ ဖေဖေ ဘယ်လောက်များ ရင်ဆိုင်ရုန်းကန်တိုက်ပွဲဝင်ခဲ့ရမှာလဲ။

ဖုန်းနံပါတ်တွေထဲက ဖေဖေ့ကို ခုချိန်ထိ ကုသပေးနေဆဲဖြစ်သော စိတ်ရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာ ( )ဆီ ဖုန်းဆက်လိုက်မိသည်။

"ကျွန်တော် အခု လာခဲ့လို့ရမလား ဆရာကြီး"

ဆရာကြီးနှင့်အတော်လေးကြာအောင် စကားပြောပြီးချိန် ဆရာကြီးရဲ့ စစ်ဆေးမှုတွေပြီးဆုံးချိန်မှာ ဆရာကြီး ၏ ကရုဏာလွှမ်းသော မျက်ဝန်းများကို သူ မြင်ရသည်။

"အခု စစ်ဆေးခဲ့ပြီးသလောက် ဆရာ ကောက်ချက်ဆွဲနိုင်တာကတော့ မင်း စ,ဖြစ်တာ မင်းအဖေထက် ပိုစောနေတာ တစ်ခုကလွဲပြီး Early Onset of Alzheimer's ရဲ့ Stage 1 အဆင့်ရဲ့ လက္ခဏာတွေပဲ `ရှယ်ရည်သွေး၊ နောက်ထပ်လိုအပ်တာတွေ ထပ်ပြီး စစ်ဆေးရဦးမှာပါ၊ ဒါပေမယ့် မင်းအတွက် ကြိုတင်ပြင်ဆင်စရာတွေ လုပ်ထားရတော့မယ်၊ အရေးကြီးဆုံးက ကားမမောင်းတော့ဖို့ရယ်၊ ဆေးကုတဲ့အလုပ်ကို အကန့်အသတ်မရှိ ရပ်နားထားဖို့ပဲ၊ ပြီးတော့ မင်းအတွက် အရေးကြီးတဲ့ကိစ္စတွေ၊ အချက်အလက်တွေ၊ လူတွေ၊ အချိန်းအချက်တွေ အဲဒါအတွက် Reminder ကလေး အမြဲထားပြီး ကိုယ်နဲ့မကွာ ဆောင်ထားရမယ်၊ မင်းအတွက်က ငယ်လွန်းသေးတယ်ဆိုရမှာပဲ၊ ဒါပေမယ့် Family History က ရှိထားတော့ ဒီရောဂါကို စိတ်ဓာတ်ကျစရာ၊ ဒေါသထွက်စရာ၊ စိတ်ဆင်းရဲစရာ တစ်ခုလို ခံယူမထားဘဲ ကြိုတင်ပြင်ဆင်မှုတွေလုပ်ပြီး တိုက်ပွဲဝင်ရမှာပဲကွာ၊ မင်းအတွက် ဆရာ တကယ် စိတ်မကောင်းပါဘူး၊ ဒါပေမယ့် ဘယ်လိုလုပ်မလဲ၊ ရင်ဆိုင်ကြရုံရှိတာပေါ့"

ဆရာကြီးက သူ့ပခုံးတစ်ဖက်ကို ခပ်တင်းတင်း ဖျစ်ညှစ်ဆုပ်ကိုင်ရင်း အားပေးစကားဆိုပါသည်။ သူ စကားပြန်မပြောနိုင်။ ရင်ဝမှာ တင်းကျပ်ဆို့နစ်နေသည်။ ဖေဖေ့ရဲ့ ပုံရိပ်တွေကိုပဲ တရိပ်ရိပ်တရေးရေး မြင်ယောင်နေသည်။ နောက်ဆုံးတော့ သူ အကြောက်ဆုံးသော အိပ်မက်ကို သူ တကယ်မက်ခဲ့ရပြီ။ သူ မလျှောက်ချင်ဆုံးသောလမ်းကို သူ တကယ် ဆက်လျှောက်ရတော့မည်။ ရှေ့ကနေ ဖေဖေက သွားနှင့်လျက် သူက ဖေဖေ့နောက်က လိုက်ရတော့မည်။

"မင်း ဘယ်သွားသွား ဘာလုပ်လုပ် တစ်ယောက်တည်း မသွားနဲ့

မလုပ်နဲ့တော့၊ မင်းရဲ့ဘေးမှာ တစ်ယောက်ယောက်အမြဲရှိပစေ၊ အရေးကြီးတဲ့ကိစ္စတွေ အကြောင်းအရာတွေကို မင်းရဲ့အရင်းနှီးဆုံးသူတစ်ယောက်ကို အားလုံး ဖွင့်ပြောပြထားဖို့ လိုလိမ့်မယ်၊ ဆရာ အကြံပေးချင်တာကတော့ ခုကတည်းက မင်းအတွက် နေ့စဉ်မှတ်တမ်း ဒိုင်ယာရီသဘောမျိုးကို video နဲ့ မှတ်တမ်းတင်ထားနိုင်ရင် ပိုကောင်းမယ်၊ ရက်စွဲနဲ့တကွပေ့ါ၊ တစ်ချိန်ချိန်မှာ မင်းအတွက် အသုံးဝင်နိုင်တယ်လေ၊ နေ့စဉ် ရက်ကောဒင်းကလေးလုပ်ထားပေ့ါ”

သူ ခေါင်းတဆတ်ဆတ်ညိတ်ပြမိသည်။ ဖေဖေ့တုန်းကလည်း အဲဒီ လိုပဲ သူ့ဘာသာသူ မှတ်တမ်းဗီဒီယို ကလေးရိုက်ထားခဲ့တာကို သူ မှတ်မိသည်။ နောက်တော့ တဖြည်းဖြည်း မှတ်ဉာဏ်တွေ ချွတ်ယွင်းပျက်စီးလာသောအခါ ဘာကိုမှ အာရုံစူးစိုက်လို့ မရတော့တဲ့အခါ ဘာကိုမှ မမှတ်နိုင်၊ မှတ်သားနိုင်စွမ်း မရှိတော့တဲ့အခါ မေမေနဲ့ သူ့ကိုလည်း တစ်စထက်တစ်စ မမှတ်မိတော့၊ မေ့လျော့လာသောအခါ ထို ဗီဒီယိုမှတ်တမ်းကို မေမေကပဲ ဖေဖေ မသိအောင် ရိုက်ယူထား ခဲ့တော့တာ ဖြစ်သည်။

“အရေးကြီးတာက စိတ်ပဲ ရှယ်ရည်သွေး၊ ဒီရောဂါကို မင်းရင်ကို ရင်ဆိုင်ရတော့မှာပဲဆိုရင် ဘယ်လိုပုံစံနဲ့ ရင်ဆိုင်မလဲဆိုတာ သိပ်အရေးကြီးတယ်၊ မင်းရဲ့ ဦးနှောက်ဆဲလ်(စ်)တွေက တဖြည်းဖြည်း ပျက်စီးယိုယွင်းလာတော့မယ်၊ ဒါကို အကောင်းမြင်စိတ်၊ အပြုသဘောစိတ်နဲ့ စိတ်ဓာတ်မကျအောင် ကြံ့ကြံ့ခံပြီး ပြင်ဆင်ရင်ဆိုင်နိုင်ဖို့ဆိုတာ ပြောရတာ သိပ်လွယ်သလောက် မင်းကိုယ်တိုင် လိုက်နာကျင့်သုံးဖို့တော့ သိပ်ခက်ပါတယ်၊ ဒါကို ဆရာနည်းလည်တယ်၊ ကိုယ်ချင်းစာပါ တယ်၊ ဒါပေမယ့် စိတ်ဓာတ်ကလည်း သိပ်အရေးကြီးတယ်ဆိုတာ မင်းသိပြီးသားပါ၊ စိတ်မလျှော့လိုက်ပါနဲ့၊ ဆရာ ပြောတာ နားလည်လား ...”

“နားလည်ပါတယ် ဆရာ၊ ကျွန်တော် သိပ်ကြောက်တဲ့ အဖြစ်အပျက်တစ်ခုကို ကျွန်တော် ရင်ဆိုင်တိုက်ပွဲဝင် ရတော့မယ်လို့

ခံယူလိုက်ပါတယ်၊ ကျွန်တော် ပြင်ဆင်စရာရှိတာတွေ၊ စီစဉ်စရာရှိတာတွေ ပြင်ဆင်ပါတော့မယ် ဆရာ၊ ကျွန်တော် ရှောင်ပြေးချင်လို့မှ မရတော့တာ၊ ကျွန်တော့်ရဲ့ကံပေါ့၊ ကျေးဇူးတင်ပါတယ် ဆရာ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး”

“ဆရာ့ဆီ ပုံမှန်တော့ လာပြနေရမယ် ရွှယ်ရည်သွေး၊ အချိန်မရွေး လိုအပ်တဲ့အချိန်တိုင်း ဆရာ့ကို ဖုန်းဆက်ခေါ်နိုင်တယ်၊ အချိန်မရွေးနော် … ဟုတ်ရဲ့လား”

“ဟုတ်ကဲ့ပါ ဆရာ၊ ကျေးဇူးပါ”

သူ ဆရာ့ဆီကနေ ပြန်လာခဲ့သည်။ သူ့ဖုန်းထဲမှာ missed calls တွေ အများကြီး၊ ထိုနံပါတ်ကို သူ ပြန်ခေါ်လိုက်တော့ စိုးရိမ်တကြီးဖြစ်နေသော မိန်းကလေးသံကလေး ထွက်လာသည်။ သူမ ဘယ်သူပါလိမ့်။ သူ ရုတ်တရက် စဉ်းစားလို့ မရ။ အတွေးတွေ ပြတ်တောက်နေသလိုမျိုး ။

“ဆရာ …. ဆရာ ဘယ်ရောက်နေတာလဲဟင်၊ အစည်းအဝေးတောင် စ, နေပြီ၊ ဆရာ့ကို ခေါ်နေတာ ကြာပြီ၊ အစည်းအဝေးရှိတာ မေ့သွားတာလားဟင်”

“အင်း ဟုတ်တယ်၊ ကိုယ် အိမ်ကို ပြန်လိုက်တော့မယ်၊ အဲဒီ ကို ပြန်မလာတော့ဘူးနော်၊ ကိုယ့်လူနာတွေကို တခြားဆရာဝန်တွေဆီ လွှဲပေးလိုက်ပါ”

တစ်ဘက်က စကားသံကို နားမထောင်တော့ဘဲ သူ့ဖုန်းပြန်ပိတ်လိုက်သည်။ ကားသမားကို သူ ပြောလိုက်သည်။

“အိမ်ပြန်ကြစို့……”

Sony camcorder ကလေးကို ချိန်ထားလိုက်ပြီး သူ ဒီနေ့ကစပြီး မှတ်တမ်းတင်လိုက်သည်။

“ကျွန်တော့်မှာ ဖေဖေ့လိုပဲ Early Onset Alzheimer’s Disease ရဲ့ Late stage ကိုရောက်နေပြီ။ ဆယ်နှစ်ကျော်လုံးလုံး ဒီရောဂါဝေဒနာနှင့် ဖေဖေ

တိုက်ပွဲဝင်ခဲ့ရသည်။ ခုတော့ နောက်ဆုံးအချိန်ကို ရောက်နေပါပြီ။ ဖေဖေ့လက်ကလေးတွေကို သူ ခပ်ဖွဖွ ဆုပ်ကိုင်းထားမိသည်။ ဖေဖေ့ဆီက ဘယ်လိုတုန့်ပြန်မှုကိုမှ သူ မရပါ။ သတိလက်လွတ် အမေ့မေ့ အလျော့လျော့။ သူ့မျက်ရည်တစ်စက် ဖေဖေ့လက်ဖမိုးပေါ်သို့ ကျသွားခဲ့၏ ။ သူ့ကိုယ်ခန္ဓာသည် တသိမ့်သိမ့် တုန်ခါလျက်ရှိပြီး အသံ မထွက်အောင် သူ ရှိုက်ကြီးတငင် ငိုကြွေးမိပါသည်။

ပန်းရဲ့အချစ်က
ကိုကို ပညာတွေတတ်နေမှ ...
ချမ်းသာကျော်ကြားနေမှ ...
အောင်မြင် ကျန်းမာနေမှ ... မဟုတ်ပါဘူး။
ကိုကို ဘာပဲဖြစ်ဖြစ် ...
ဘာရောဂါပဲဖြစ်ဖြစ် ...
ဘယ်ဘဝပဲရောက်ရောက် ...
စွဲစွဲနစ်နစ်၊ နှစ်နှစ်ကာကာ ချစ်မြတ်နိုးနေမယ့်
အချစ်မျိုးပါ ....................

*

# အခန်း(၉)

ကိုကို့မှာ Early Onset Alzheimer's stage အဆင့် ဖြစ်နေတာကို ကိုကိုကိုယ်တိုင်ကပဲ ဖွင့်ပြောပြခဲ့ခြင်းဖြစ်သည်။ မတုန်လှုပ်ဖို့၊ ရင်ဆိုင်ဖို့ ပြင်ဆင်ထားကြဖို့လည်း ကိုကိုကပဲ ပြောနေခဲ့သည်။ ကြီးကြီးက ကိုကို့ကိုဖက်ပြီး လှိုက်လှိုက်လှဲလှဲ ငိုကြွေးတော့သည်။ ပန်းလည်း အတားအဆီးမဲ့ ကျလာသော မျက်ရည်တွေကို သုတ်ပစ်လို့ပင် မနိုင်။

"သားရယ် မေမေ ဘယ်လိုရင်ဆိုင်ရမလဲ၊ မေမေ ပင်ပန်းလှပြီ၊ အားအင်တွေလည်း မရှိတော့ဘူး၊ သား ဖေဖေတစ်ယောက်တည်းနဲ့တင် မေမေ ခြေကုန်လက်ပန်းကျခဲ့ပြီ၊ မေမေ့သက်တမ်းတစ်ဝက်နီးပါးလုံးလုံး သားဖေဖေကို ပြုစုရင်းနဲ့ပဲ ကုန်ဆုံးခဲ့ရပြီ၊ သားကို မေမေဆက်ပြီး ပြုစုစောင့်ရှောက်ဖို့ အင်အားမှ ရှိပါတော့မလား မသိပါဘူး သားရယ်၊ မေမေ မရှိတော့တဲ့တစ်နေ့ သားကို ဘယ်သူဆက်ပြီး စောင့်ရှောက်မလဲ၊ မေမေ ရင်လေးလိုက်တာ"

ကြီးကြီး၏ ညည်းညူသံကလေးက ပန်းနှလုံးသား နုနုလေးကို ထုတ်ချင်းခတ် ဖောက်ဝင်သွားခဲ့သလိုပါ။ ကိုကိုကရော?...။ ကိုကိုဟာ ပန်းရဲ့ ဖူးငုံသစ်စ နှလုံးသား ဖူးဖူးနုနု ကလေးထဲမှာ ပထမဆုံး ဖူးပွင့်ခဲ့တဲ့ ဦးဦးဖျားဖျား အချစ်ဦးတစ်ယောက်ပါ။ ပန်းချစ်မိတာက သာမန် အပေါ်ယံရှပ်ရှပ်ကလေး မဟုတ်ပါ။ ဟိုးရင်ထဲကနေ နက်ရှိုင်းစွာ ခိုတွယ် အမြစ်စွဲခဲ့တဲ့ အချစ်စစ်မျိုးပါ။ ပန်းရဲ့အချစ်က ကိုကို ပညာတွေတတ်နေမှ၊ ချမ်းသာကျော်ကြားနေမှ၊ အောင်မြင်ကျန်းမာနေမှ မဟုတ်ပါဘူး။ ကိုကို ဘာပဲဖြစ်ဖြစ် .. ဘာရောဂါပဲဖြစ်ဖြစ်.. ဘယ်ဘဝပဲရောက်ရောက် စွဲစွဲနှစ်နှစ်၊ နှစ်နှစ်ကာကာ ချစ်မြတ်နိုးနေမယ့် အချစ်မျိုးပါ၊ ပန်းက ကိုကို့ကို နက်ရှိုင်းလွန်းသော အကြည့်များဖြင့် ငေးစိုက်ကြည့်နေခဲ့မိသည်။ အခုအချိန်မှာ ပန်းအသက် ဆယ့်ခြောက်နှစ်…။ နောက်နှစ်နှစ်ဆိုလျှင် ပန်းအသက် ဆယ့်ရှစ်နှစ်။ လူတစ်ယောက် (ကိုယ့်နှလုံးသားထဲကနေ နင့်နေအောင် ချစ်မြတ်နိုးမိတဲ့လူ) ကို တာဝန်ယူဖို့

အရွယ်ရောက်တော့မှာပါ။

“မင်း ရူးနေသလား ပန်းသတင်း၊ မင်း ဘာရည်ရွယ်ချက်နဲ့ ငါတို့နဲ့ လိုက်ခဲ့တာလဲ၊ ပညာသင်ဖို့၊ ဆရာဝန်ဖြစ်ဖို့ မဟုတ်ဘူးလား”

ကိုကို့မျက်နှာက ဒေါသတကြီး နီရဲတောက်ပလျက် ရှိသည်။ ပန်းက ကိုကို့ဒေါသတွေကို ခုတလော မကြာခဏ ရင်ဆိုင်နေရပြီမို့ မဖြုံတော့။ ခေါင်းမာမာဖြင့်ပင် ရင်ဆိုင်ဖို့ ပြင်ဆင်ထားခဲ့သည်။ ခြောက်ဘာသာဂုဏ်ထူးနှင့် အောင်မြင်သောပန်းက ဆေးတက္ကသိုလ်မတက်တော့ပဲ သူနာပြုသင်တန်း ပြောင်းလျှောက်ခဲ့ခြင်းသည် ကိုကို့အတွက်တော့ ဧရာမ ပေါက်ကွဲစရာအဖြစ် တစ်ခုတည်း။ တခြားအဖြစ်အပျက်တွေကို မေ့လျော့စပြုလာသော ကိုကိုက ဒီအဖြစ်အပျက်ကို မမေ့နိုင်သေးတာ အံ့ဩစရာကောင်းလှသည်။ ပန်းအတွက် အချိန်ဇယားကိုတောင် ကိုကို မဆွဲပေးနိုင်စွမ်းတော့ပါ။

“ဆရာဝန်ဖြစ်မှ မဟုတ်ပါဘူး ကိုကိုရယ်၊ နာ့(စ်) လုပ်ရတာ လည်း ပန်း ဝါသနာပါသားပဲ ဥစ္စာ”

“မင်းဖြစ်ချင်တာ ဆရာဝန်လေ ပန်းရဲ့၊ အဲဒါကို ငါ မမေ့ပါဘူး၊ ငါ့မှတ်ဉာဏ်ထဲ စွဲနေတုန်းပဲ”

“မဟုတ်ပါဘူး… ကိုကို မေ့သွားလို့ ဖြစ်မှာပါ၊ ပန်းက နာ့(စ်)ပဲ ဖြစ်ချင်တာ၊ လူတွေကို ပြုစုရတာ ဝါသနာပါတာ”

“မဟုတ်ဘူး မင်းလိမ်နေတာ ငါ သိတယ်၊ မင်းဖြစ်ချင်တာ ဆရာဝန်ပါ၊ သူနာပြု မဟုတ်ဘူး”

“စိတ်ဆိုတာ အမြဲပြောင်းလဲနေတာပဲ ကိုကိုရဲ့၊ အရင်က ဆရာဝန်ဖြစ်ချင်ခဲ့ပေမယ့် အခု မဖြစ်ချင်တော့ဘူးလေ၊ အရာရာဟာ တည်မြဲနေတာမှ မဟုတ်တာ၊ အမြဲပြောင်းလဲနေတာလေ၊ ပန်း သူနာပြုပဲ ဖြစ်ချင်တယ်”

ကိုကိုက ပန်းကို ခပ်စူးစူးစိုက်ကြည့်နေခဲ့သည်။ ပန်းက ကိုကို့မျက်ဝန်းတွေကို ရင်ဆိုင်မကြည့်ဘဲ မျက်လုံး ခပ်လွှဲလွှဲထားလိုက်သည်။ ဆရာဝန်ဖြစ်ချင်စိတ်က ရင်ထဲအသည်းထဲကနေ လှိုက်လှိုက်လှဲလှဲ ပြင်းပြထက်သန်နေခဲ့တာကို ပန်းရဲ့ မျက်ဝန်းတွေထဲမှာ တစ်စွန်းတစ်စ ကိုကို ရိပ်မိတွေ့ရှိသွားမှာစိုးသောကြောင့်ဖြစ်သည်။ ပန်းဆုံးဖြတ်ပြီးပြီလေ။ ဒီဆုံးဖြတ်ချက်ဟာ ဘယ်သူ့ရဲ့ ပယောဂမှ မပါဘဲ ပန်းရဲ့ နှလုံးသားအလိုဆန္ဒအတိုင်း ဆုံးဖြတ်ခဲ့ခြင်းဖြစ်သောကြောင့် ဘယ်သောအခါမှ နောင်တရစရာလည်း မလိုပါ။

သူ့မျက်လုံးတွေကို ဖွင့်လိုက်မိပြီဆိုတာနှင့် အိပ်ရာဘေးက စားပွဲပုကလေးပေါ်မှာ ရေတစ်ဖန်ခွက်နှင့် အတူ သွားတိုက်ဆေးတင်ထားပြီးသား သွားပွတ်တံကလေးကို တွေ့ရသည်။ ပြီးတော့ ရေခွက်ကလေးမှာ ကပ်ထားသော စတစ်ကာစာရွက်ဝါဝါကလေးပေါ်မှာ လှပဝိုင်းစက်သော လက်ရေးလေးတွေ။

“နိုးပြီလား ကိုကို၊ မင်္ဂလာနံနက်ခင်းပါ၊ သွားတိုက် မျက်နှာသစ်ဖို့ မမေ့နဲ့နော်…”

“ပန်း”

တဲ့။ သူ ရေတစ်ခွက်သောက်ပြီး သွားပွတ်တံကလေးကိုင်ကာ ရေချိုးခန်းထဲ ဝင်လာခဲ့သည်။ သွားတိုက်နေစဉ် မှန်ကလေးပေါ်မှာ စတစ်ကာကလေးတစ်ခု။ ဒီတစ်ခါ အနီရဲကလေး။

“မျက်နှာသစ်ဖို့ မမေ့နဲ့နော် ကိုကို၊ မျက်နှာသုတ်ပုဝါရယ်၊ ကိုကိုလဲဖို့ အကျႌနဲ့ဘောင်းဘီက ကုတင်ပေါ်မှာ၊ အကျႌလဲနော်… ကိုကို”

“ပန်း”

သူ မပြုံးမိဘဲ မနေနိုင်တော့။ ဒီကောင်မလေးဟာလေ ဘယ်အချိန်က ဒါတွေ လာလုပ်သွားတာပါလိမ့်။ စာဖြင့် မကျက်ဘူး။ ဒါပေမယ့်လည်း စာကလေးတွေက သတိပေးတော့ သူ မမေ့လျော့တော့။ မျက်နှာသစ် သွားတိုက်ပြီး

မျက်နှာသုတ်ဖို့ ပုဝါကို လာအယူပုဝါပေါ်မှာ ထင်းထင်းကြီး ကပ်ထားတာ ပန်းနုရောင် စတစ်ကာကလေး။

"မျက်နှာသုတ်ပြီး အဝတ်မလဲခင် အိမ်သာခဏထိုင်လိုက်ပါဦးလား ကိုကို၊ ပြီးမှ အကျႌလဲနော်"

သူ အိမ်သာထိုင်ရပြန်သည်။ အိမ်သာဘေး တစ်သျှူးလိပ်ကလေးပေါ်မှာ ကပ်ထားသော လိမ္မော်ရောင် စတစ်ကာကလေးက...

"အိမ်သာတက်ပြီး အညစ်အကြေးတွေ သန့်စင်ဖို့ လက်ဆေးဖို့ မမေ့နဲ့နော်..."

တဲ့...။ ဟာကွာ ငါ ဒီလောက် မမေ့တတ်သေးပါဘူး ဟု စိတ်ထဲမှပြောရင်း သူ ပြုံးမိပြန်သည်။ သို့သော် သူမ မှာသည့်အတိုင်း သူ လုပ်မိပါသည်။ အဝတ်အစားလဲတော့ အကျႌပေါ်မှာ ကပ်ထားသော စတစ်ကာ အပြာကလေးက...

"ကိုကို ဘုရားရှိခိုး တရားထိုင်ဖို့ မမေ့နဲ့နော်၊ အကျႌလဲပြီးရင် ဘုရားခန်းကို သွားပါ"

"ပန်း"

တဲ့။ အဲဒီ လို သတိပေးမှတ်စုအတိုကလေးတွေ တစ်အိမ်လုံး နေရာအနှံ့မှာ ပွစိထနေတော့မယ်ထင်ပါရဲ့။ ဘုရားခန်းထဲမှာ ပန်းကို အဆင်သင့်တွေ့ရသည်။ ကြည်လင်လန်းဆန်းသောမျက်နှာကလေးနှင့် ဘုရားဆွမ်းတော်၊ ပန်း ရေချမ်း ဆီမီးကပ်နေသော ထိုမိန်းကလေးကို သူ ခပ်ကြာကြာကလေး စိုက်ငေးကြည့်နေမိသည်။ မျက်စိရှေ့မှာတင် ဒီကလေးမ အပျိုကြီးဖားဖားဖြစ်လာခဲ့ပါရောလား။ သူမ မျက်နှာလေးက ကြည်လင်လှပလွန်း လိုက်တာ။ ဆေးကျောင်းတက်သင့်ပါရက်နဲ့ ဆေးကျောင်းမတက်ဘဲ သူနာပြုသင်တန်းသာ ဖွတ်တက်ခဲ့သော ခေါင်းမာဖွတ်တရွတ်ဆန်ခဲ့တာကလွဲပြီ

သူမဟာ ထင်မှတ်မထားလောက်အောင်ကို လိမ္မာရေးခြားရှိလွန်း၊ အလိုက်သိတတ်လွန်းသည်။ သူ့ရောဂါအခြေအနေကို သိပြီးကတည်းက သူ့ကို အရိပ်တကြည့်ကြည့် ဂရုတစိုက် ပြုစုစောင့်ရှောက်ခဲ့တာကို သူ တကယ်ကျေးဇူးတင်ပါသည်။ တစ်ခါတစ်ရံများ သူပင် အံ့သြရလောက်အောင် သူ လိုအပ်လိုက်တာနှင့် သူမက အရိပ်တစ်ရိပ်လို ဖျတ်ခနဲ ရောက်လာတတ်ပြီး ဖြည့်ဆည်းပေးတတ်သည်။

သူ ဘုရားရှိခိုးသော ဆိုဖာပြားကလေးပေါ်မှာ ခရမ်းရောင် စတစ်ကာကလေးတွေ့ရပြန်ပြီ.....။

` ဘုရားရှိခိုးပြီးရင် လေ့ကျင့်ခန်းလေး လုပ်လိုက်ဦးနော် ကိုကို၊ ပြီးရင် ထမင်းစားခန်းထဲမှာ ကိုကိုကြိုက်တဲ့ နန်းကြီး သုပ်နဲ့ ကော်ဖီပူပူ အဆင်သင့်လုပ်ထားမယ်

` ပန်း

အားကစားအခန်းထဲဝင်ကာ သူ လေ့ကျင့်ခန်း နည်းနည်းပါးပါးလုပ်သည်။ နေ့စဉ်ပုံမှန်အလုပ်တွေကိုတောင် သူစိတ် ပါလက်ပါ လုပ်ကိုင်ချင်စိတ်မရှိတော့။ ဆေးရုံအလုပ်ကိုတော့ သူ လုံးဝရပ်နားထားလိုက်ပြီ။ ဒီရောဂါနှင့် သူ နောက်ထပ် ဘယ်နှနှစ်ဆက်ပြီး နေခွင့်ရမလဲ။ သူ အရာရာကို မေ့လျော့မသွားခင် သူ မှတ်မိသမျှအရာအားလုံးကို မှတ်တမ်းတင်ထားချင် သေးသည်။ အဲဒါကြောင့် သူ အလုပ်မလုပ်တော့ဘဲ သူ့ရဲ Sony professional video camera ကလေးတစ်လုံးနှင့် သူ ရိုက်ချင်သမျှကို မှတ်တမ်းတင်လျှောက်ရိုက်ထားဖို့ စိတ်ကူးရသည်။ ဒရိုက်ဘာကို ကားမောင်းခိုင်းပြီး သူ့စိတ်ထဲပေါ်သမျှ သွားချင်တဲ့ နေရာသွားကာ ဗီဒီယိုလျှောက်ရိုက်နေလိုက်သည်။ တစ်ခါတစ်ရံ ထမင်းမေ့ဟင်းမေ့ ဖြစ်တတ်သည်မို့ မေမေက အိမ်ကနေ ထမင်းချိုင့်၊ ကော်ဖီဓါတ်ဘူး၊ မုန့် . . စသဖြင့်ထည့်ပေးလိုက်သည်။ ဒရိုက်ဘာကတော့ သူ့ကို မျက်ခြည်မပြတ်စောင့်ကြည့်ကာ သူ သွားရာနောက်၊ မလှမ်းမကမ်းကနေ လျှောက်လိုက်ပေးတတ်သည်။

ဖေဖေနှင့်အတွေ့အကြုံများစွာ ရထားခဲ့ပြီးသောမေမေက သူ့အလှည့်မှာ နေတတ်အောင်၊ ရင်ဆိုင်တတ်အောင် လေ့ကျင့်ပေးခဲ့သည်။

တစ်နေ့ချင်း၊ တစ်ရက်ချင်း သား ပျော်အောင်သာနေပါသား၊ မနက်ဖြန် ဘာဖြစ်မလဲဆိုတာကိုလည်း သား လှမ်းပြီး မျှော်တွေးမထားနဲ့၊ မနေ့က ဘာတွေဖြစ်ခဲ့သလဲ ဆိုတာတွေလည်း မမှတ်မိရင်နေပါစေ၊ ပြန်မတွေးနဲ့၊ အရေးကြီးတာ ဒီနေ့ တစ်နေ့ကို သား စိတ်ချမ်းသာသလိုနေ၊ မေ့လျော့တာတွေရှိပေမယ့် မမေ့သေးတဲ့ မှတ်ဉာဏ်ကလေးတွေလည်း ရှိနေဦးမယ်၊ ဒါကိုက သားအတွက် အမြတ်ပဲ၊ စိတ်ချမ်းသာစရာပဲ၊ မေမေလည်း သားအတွက် စိတ်ဆင်းရဲ၊ ထိခိုက်နေရုံနဲ့ဘာမှ လုပ်ပေး နိုင်မှာမဟုတ်ဘူး၊ ဒီတော့ မေမေလည်း သားအတွက် ပြုစုစောင့်ရှောက်ပေးနိုင်သလောက် အစွမ်းကုန်ပြုစုပေးမယ်၊ အရေးအ ကြီးဆုံးက သား စိတ်ဓါတ်မကျဖို့နဲ့ ဒီရောဂါကို အရှုံးမပေးလိုက်ဖို့၊ ဒူးမထောက်လိုက်ဖို့ပဲ၊ မေမေတို့ ရင်ဆိုင်ကြစို့၊ ဖြစ်လာသမျှကို အကောင်းဆုံးပြင်ဆင်ထားပြီး တိုက်ပွဲဝင်ကြမယ်၊ ဒါ မေမေတို့ရဲ့ ဘဝပဲ၊လောကဓံပဲ၊ ရှောင်လွှဲလို့မရဘူး၊ ခါးသီးနာကျင်နေလို့မရဘူး၊ လက်ခံရမှာပဲ၊ ရင်ဆိုင်ရမှာပဲ”

တဲ့ . . .။အဲဒီ မေမေ့ပြောစကားကလေးကို သူဗီဒီယိုနှင့် မှတ်တမ်းတင်ထားခဲ့သေးသည်။ သူ စိတ်ဓါတ်ကျမယ်ကြံ တိုင်း အဲဒီ နေရာကလေးကို ပြန်ရစ်ပြီး ထပ်တလဲလဲ ပြန်ကြည့်မိလျှင် သူ့စိတ်မှာ အားအင်တွေ အလိုလို ပြန်ပြည့်လာခဲ့သည်။ သူ့ဘေးမှာ မေမေရှိနေသမျှပြီးတော့ ဟိုကောင်မလေး ပန်းသတင်းရှိနေသမျှ သူ အရာရာကို ရင်ဆိုင်ရဲဖို့ စွမ်းအင်တွေရှိခဲ့ပါပြီ။

ညနေ သူနာပြုသင်တန်းကနေ ပြန်လာပြီဆိုသည်နှင့် ပန်း၏ စိတ်နှလုံး အာရုံတစ်ခုလုံးက ကိုကို့ဆီမှာသာ ပုံအော ရောက်ရှိသွားခဲ့ပါပြီ။Early Onset Alzheimer’s Disease နှင့် ပတ်သက်သမျှ အကြောင်းအရာတွေ၊ အချက်အလက်တွေမှန် သမျှကို အင်တာနက်ထဲကနေ၊ ပြီးတော့ စာအုပ်စာတမ်းတွေ ရှာဖွေဖတ်ကာ အချက်အလက်တွေ၊ ရောဂါအဆင့်ဆင့်ရဲ့ လက္ခဏာတွေ၊

ကုသနည်းနဲ့ ပြုစုစောက်ရှောက်နည်းတွေမှန်သမျှကို အသေးစိတ်ကျကျ၊ ထဲထဲဝင်ဝင် လေ့လာမှတ်သားကာ အချက်အလက်တွေ စုဆောင်းထားခဲ့သည်မှာ မှတ်စုစာအုပ်တစ်အုပ် ပြည့်လုနီးပါး။ ကိုယ် သိလိုသမျှကိုလည်း သူနာပြုသင် တန်းမှ ဆရာမကြီးတွေ၊ ဆရာဝန်ကြီးတွေဆီ ချဉ်းကပ်ကာ မေးမြန်းမှတ်သားယူရသည်။ ပန်းကိုယ်တိုင်က တစ်ခုခုကို လေ့လာပြီဆိုလျှင် ရေဆုံးရေဖျားထိအောင် ရှာဖွေတူးဆွလေ့လာ တတ်သူမို့ Alzheimer's ဝေဒနာသည် တစ်ယောက်ကို ဘယ်လိုပြုစုစောင့်ရှောက်၊ ကူညီဖေးမရမယ်ဆိုတာကို သိသင့်တာထက်ပိုပြီး ကျွမ်းကျင်နားလည်ခဲ့ပါပြီ။ ကိုကို့မေမေ ကြီးကြီး ကတော့ ကိုကို့ဖေဖေ့ရောဂါကို ဆယ်နှစ်ကျော်လုံးလုံး ရင်းနှီးထိတွေ့ထားခဲ့သူမို့ ကြီးကြီးဆီမှာလည်း သိချင်သမျှ အချက်အ လက်တွေကို မေးမြန်းစုဆောင်းထားခဲ့ပါသည်။

ဒီနေ့တော့ ကိုကိုတစ်ယောက် သူ့အခန်းထဲမှာတစ်ယောက်တည်း တီဗီဖွင့်ထားပြီး သူရိုက်ထားသမျှ ဗွီဒီယိုမှတ်တမ်း တွေကို ထိုင်ပြီး ငေးစိုက်ကြည့်နေခဲ့သည်။

"ကိုကို အပြင်ကနေ ပြန်ရောက်တာကြာပြီလားဟင်၊ ရေချိုးပြီးပြီးလား၊ ညနေစာရော စားပြီးပြီးလား"

ကိုကိုက ခေါင်းခါပြပါသည်။ မျက်လုံးတွေက တီဗီမျက်နှာပြင်ပေါ်ကနေ မခွာပါ။

"ကိုကို ဒီနေ့ဘာနေ့လဲ သိလား"

"ဘယ်သိမလဲ . . . ဘာနေ့လဲ"

မျက်ခုံးရှုံ့ပြီး ခပ်တုန့်တုန့်ပြန်မေးသော ကိုကို့ကို ပန်းစိတ်မခုရက်ပါ။ ခါတိုင်း ပန်းမွေးနေ့မတိုင်ခင် တစ်ရက်အလိုဆို အစောကြီး ကြိုပြီး မွေးနေ့လက်ဆောင် ကြိုဝယ်ထားခဲ့ကာ ပေးနေကျ။ အခု သူ လုံးဝ မမှတ်မိတော့ပါ။ မေ့လျော့နေခဲ့ပြီး။

"ပန်းမွေးနေ့လေ ကိုကို၊ ပန်းအသက် ဆယ့်ခွန်ပြည့်ပြီလေ၊ ကိုကို မွေးနေ့လက်ဆောင် ဘာပေးမှာလဲ ပြော"

ပန်းကပြောမှ ကိုကိုက သတိရသွားသလို ဖျတ်ခနဲပြုံးသည်။

"ပန်း ဘာလိုချင်လဲ . . . ပြောလေ၊ကိုကို့ပိုက်ဆံအိတ် ပျောက်နေတာကြာပြီ၊ ပြန်ရှာမတွေ့တော့ဘူး"

ပန်းက အသံမထွက်အောင် ရယ်မောမိပါသည်။ ကိုကိုက မျက်မှောင်တွန့်ပြီး ကြည့်သည်။

"ဘာရယ်တာတုံး . . . ညည်းက"

"ပန်း ရှာတွေ့ပါပြီ"

"ညည်း ယူထားတာလား"

"ရော် . . . စွပ်စွဲပြန်ပြီ၊ ကိုကို့ပိုက်ဆံအိတ်ကို မနေ့ကမှ ရေခဲသေတ္တာထဲကနေ ပြန်တွေ့တာရှင့်၊ ကိုကို့စားပွဲပေါ် ပြန်တင်ထားတယ်လေ၊ ဟိုတစ်နေ့က နာရီပျောက်တယ် ကိုင်နေကျ ဗီဒီယိုကဲန်မရာပျောက်တယ်၊ ပြီးတော့ ပန်းယူထားတယ် လို့ စွပ်စွဲတယ်၊ နာရီက ခြံထဲက ဒန်းပေါ်မှာ ချွတ်တင်ထားခဲ့တာ၊ ဗီဒီယိုကဲန်မရာက ကားဂိုထောင်ထဲကနေ ပြန်တွေ့လို့တော် သေးတယ်"

"ကိုယ့်မှတ်စုစာအုပ်လည်း ရှာမတွေ့ပြန်ဘူး"

"ကိုကို့ အကျႌအိတ်ထဲမှာလေ၊ ကဲကဲ . . . ကိုကိုက ရေမိုးချိုး အဝတ်အစားလဲ၊ ပန်းတို့အပြင်ထွက်ပြီး တစ်ခုခုထွက် စားရအောင်၊YKKO မှာ ကြေးအိုးသွားဆွဲရအောင်နော်၊ ပြီးရင်ကိုကိုက ပန်းအတွက် မွေးနေ့ လက်ဆောင်ဝယ်ပေးပေ့ါ၊ ကိုကို ဘယ်တော့မှ မမေ့တော့မယ့် အမှတ်တရကလေးတွေ လျှောက်လုပ်ရအောင်လေ . . . အမှတ်တရပေ့ါ"

"အား . . . လျှောက်မသွားချင်ပါဘူး၊ ကိုကို ဒီမှာ TV ကြည့်နေတာ"

"TV ကြည့်နေတာ ကြာလှပြီဆို . . ကြီးကြီးပြောတယ်၊ ကိုကိုဒီဟာတွေကိုပဲ ထပ်တလဲလဲ အကြာကြီးကြည့်နေတာ တဲ့ . . .၊ထ,ပါကိုကိုရယ်၊ ပန်းကို မွေးနေ့ရောက်တိုင်း ကိုကို မေးနေကျမေးခွန်းလေး ရှိတယ်လေ ကိုကိုရဲ့၊ ညီမလေး ဘာလို ချင်လဲ ဆိုတာလေ၊ လာ . . . ထပါ ကိုကိုရဲ့၊ ပန်း ရေချိုးပေးရမလား"

"ဟာ . . . နေစမ်းပါ၊ ကိုယ့်ဘာသာချိုးမယ်"

ပန်းက ဇွတ်ဆွဲထူနေတော့ ကိုကို ရေချိုးခန်းထဲ ငိုက်စိုက်ငိုက်စိုက်နှင့် ဝင်သွားပါသည်။ ပန်းက ကိုကိုဝတ်ဖို့ Lacoste ပိုလိုရှပ် ပန်းသီးစိမ်းနုနုကလေးနှင့် ဘောင်းဘီအဖြူကလေး ထုတ်ပေးထားခဲ့သည်။ ကိုယ့်ရင်ထဲအသည်းထဲက နင့်နေအောင် ချစ်မြတ်နိုးနေမိသူမို့လား မသိ။ ကိုကို့အတွက် အသေးစိတ် တယုတယလေးတွေ လုပ်ကိုင်ပေးရတာ ကို ပန်း ကြည်ကြည် နူးနူးလေး ကျေနပ်ပျော်ရွှင်နေမိတတ်သည်။ ကိုကို့အတွက် သတိပေးမှတ်စုကလေးတွေကို စတစ်ကာရောင်စုံကလေးတွေနှင့် နေရာအနှံ့အပြားမှာ လိုက်ကပ်ပေးထားရတာ ကို ပန်း စိတ်ပါလက်ပါရှိလွန်းလှသည်။ တစ်ခါတစ်ရံ ကိုကို့နဖူးပေါ်မှာ လက်ဖမိုး ပေါ်မှာ အသာလေးသွားကပ်ထားတတ်သည်။ ကိုကို အိပ်ပျော်နေချိန်မျိုး ဆိုလျှင်ပေါ့။ ပြီးတော့ ကိုကို့မျက်နှာကို နစ်မျောရှည် ကြာစွာ အကြာကြီးစိုက်ငေး ကြည့်နေမိတတ်သည်။ ကိုကို့ နဖူးပြင်ကလေးဆီ ဖွဖွကလေး အနမ်းမွှေးချင်စိတ်ကို အပြင်းအ ထန် ဖိနှိပ်ချိုးနှိမ်ထားရတတ်ပါသည်။ ကိုကို့ကို ချစ်လိုက်တာ . . .။ပန်းကို ကိုကို မေ့မသွားခင် အချိန်အထိ ကိုကို့ချစ်နေပါရ စေ။ နောက်ဆုံး ပန်းဟာ ဘယ်သူဘယ်ဝါရယ်လို့ ကိုကို မမှတ်မိတော့ဘူးဆိုရင်တောင် ပန်းကပဲ ဆက်ချစ်နေပါရစေ ကိုကို ရယ် နော် . . .။

ပန်းနှင့်ကိုကို YKKO မှာ အတူထိုင်ပြီး ကြေးအိုးစားကြသည်။ ပန်းက ခုလို ကိုကိုနှင့် နှစ်ယောက်အတူတွဲထွက်ရ သည်ကို သဘောကျမိသည်။ ကိုကို့ကြည့်ရတာ တော့ သိပ်ပြီး စိတ်ပါလက်ပါ ရှိလှသည် မဟုတ်ပါ။

ဇွတ်အတင်းခေါ်လို့သာ လိုက်လာခဲ့ပြီး စားရအောင်ဆိုတော့လည်း ငြင်းဆန်းခြင်းမရှိ စားနေလိုက်တာပင်။ ကြေးအိုးရဲ့ အရသာကိုလည်း စိတ်ဝင်စား ပုံမရ။ သူ ဘာလုပ်လို့ လုပ်နေမှန်း အာရုံစိုက်ထားခြင်းမရှိ။ ဒီလို အပြုအမူတွေဟာ ကိုကို့ရဲ့ ဟိုးအရင်အပြုအမူတွေနှင့် လုံးဝ တခြားစီပါ။ အရင်က ဘာကိုပဲလုပ်လုပ်၊ စနစ်တကျ လေးလေးနက်နက် အသေးစိတ် ဂရုတစိုက်ရှိတတ်လွန်းတဲ့ကိုကိုဟာ ရုတ်တရက်ကြီးကို တခြားလူတစ်ယောက် အစားထိုးပစ်ခံလိုက်ရသလို ပြောင်းလဲသွားခဲ့တာပါ။ အာရုံစူးစိုက်စိတ်ဝင်စားနိုင် စွမ်းတွေ တဖြည်းဖြည်း လျော့ပါးလာခဲ့သော လက္ခဏာဖြစ်သည်။

"ကိုကို စားလို့ကောင်းရဲ့လား"

"အင်း . . . ကောင်းပါတယ်"

"ဒီနေ့ ဘာနေ့လဲ"

"မသိဘူးလေ . . . စနေလား တနင်္ဂနွေလား"

ကိုကို့ ဖြေဟန်က ဇဝေဇဝါ။

"ပန်းရဲ့မွေးနေ့လေ၊ ပန်း ဘယ်နှနှစ်ပြည့်တာလဲ? ကိုကို မှတ်မိလား . . .။

"ဆယ့်ခြောက်နှစ်"

"ဟယ် . . .ကိုကိုဖြီးတယ်တော့၊ ဆယ့်ခွန်လေ ကိုကိုရာ၊ နောက်နှစ်ဆို ပန်းအသက်ပြည့်ပြီ၊ ပန်း စိတ်ကြိုက် ပန်းဘဝ ကို ကိုယ်တိုင်ဖန်တီးခွင့်ရှိပြီ၊ ပန်းစိတ်ကြိုက် ပန်းဘဝကို ကိုယ်တိုင်ဖန်တီးခွင့်ရှိပြီ သိလား၊ အဲဒီ အခါကျ ပန်း ဘာလုပ်မလဲ သိလား"

"ဘယ်သိမှာတုံး၊ ပန်းဆိုတဲ့ကောင်းမလေးဟာ အလွန်စကားများတာပဲသိတယ်"

ပန်း သဘောကျစွာ ရယ်မောဖြစ်လေသည်။ ကိုကို့မျက်နှာက

စိတ်မရှည်တော့သည့်ဟန်ဖြင့် မျက်ခုံးတွေ ရှုံ့လာသည်။

"ကိုုကို . . ."

"ဘာတုံး . . ."

"ကိုကို့ ကို ပန်းတစ်ခုမေးဦးမယ်၊ ကိုကို့ဘဝမှာ ကောင်မလေးတစ်ယောက်ကို ချစ်ခဲ့ဖူးလားဟင်"

တကယ်တော့ ပန်းက အရဲစွန့်ပြီး မေးလိုက်မိတာပါ။ ကိုကို့ဆီက အဖြေစကားတစ်ခုခုကို ကြားချင်ခဲ့သောကြောင့်ဖြစ် သည်။ ကိုကို့မျက်နှာက ဖျတ်ခနဲ တွေဝေသွားပါသည်။

"အင်း . . . ချစ်ခဲ့တယ် ထင်တာပဲ၊ သူ့ဘဝကလေးကို အမြင့်ဆုံး အကောင်းဆုံး ဖန်တီးပေးချင်ခဲ့တယ်၊ စေတနာတွေ ထားခဲ့တယ်"

ထိုအဖြေလေးက မထင်မှတ်ဘဲ ပွင့်အန်လာသောအဖြေမျိုးမို့ ပန်းနှလုံးသားတစ်ခုလုံး ဓာတ်လိုက်ခံလိုက်ရသလို ရှိန်းမြတုန်လှုပ်လို့သွားခဲ့ပါသည်။ ကိုကို့ရဲ့ မသိစိတ် တံခါးကလေးဖျတ်ခနဲ ပွင့်ဟ,သွားခဲ့သလိုပါ။

"အင်း ဟင် . . . သူက ဘယ်သူလဲဟင်"

"ဘယ်သိပ့်ါမလဲ၊ သူလည်း သူ့လမ်းသူ ဆက်သွားပြီပေါ့၊ ကိုကိုလည်း မေ့သွားပြီး၊ စပ်စုလှချည်လား၊ ဘာတွေ လျှောက်မေးနေတာလဲ"

"ညီမ အရင်းလား"

"ကိုကို စဉ်းစားလို့မရဘူး ၊ မွေးစားခဲ့တာထင်တယ်"

"ပန်းကို ( ) ရွာကလေးက ဘုန်းကြီးကျောင်းကနေ ပညာသင်ပေးဖို့ဆိုပြီး ကိုကိုတို့ခေါ်လာခဲ့တာလေ၊ အဲဒါကို မှတ်မိလား"

ပန်းရင်ထဲ နင့်ခနဲဖြစ်နေတာ ကိုကို့ကို မှတ်မိလို

မှတ်မိပြြားမေးလိုက်မိသည်။ ကိုကိုက မျက်ခုံးကြောတွေရှုံ့ပြီး အကြာ ကြီးပဲ စဉ်းစားနေခဲ့ပါသည်။ ခဏကြာတော့မှ လက်လျှော့လိုက်သလို ခေါင်းတစ်ချက်ခါကာ ပန်းကို ခပ်စိမ်းစိမ်းကြည့် သည်။

"ကိုယ် မမှတ်မိတော့ဘူးကွာ . . ."

တဲ့ . . .။ ပန်းရင်ထဲက နာကျင်မှုကို မျိုချလိုက် ရပါသည်။

YKKO ကနေပြီးတော့ ရွှေတိဂုံဘုရားသို့ ဆက်တက်ကြသည်။ ရွှေအဆင်းဖြင့် ဝင်းအိနေသော ရွှေတိဂုံစေတီတော် မြတ်ကြီး၏ အရှိန်အဝါ အရိပ်အာဝါသက ပန်းရော ကိုကို့ ရင်ထဲမှာပါ ရောက်ရှိနေသည့် သောကအပူတချို့ကို အထိုက်အ လျောက် ဖြေလျှော့ပေးနိုင်စွမ်းရှိလှသည်။ ဘုရားအတူတူ ကန်တော့ကာ စေတီတော်မြတ်ကြီးကို တစ်ပတ်ပတ်၍ ဖူးမြော် ကြည်ညိုကြပြီး ပြန်ဆင်းခဲ့ကြသည်။

ပြီးတော့ ကိုကို့ကို မြို့ထဲရှိ Tattoo ဆိုင်ကလေး ဆီသို့ခေါ်လာခဲ့သည်။

"ကိုကို . . . ပန်းရဲ့ မွေးနေ့လက်ဆောင်အဖြစ် ကိုကို ဘယ်တော့မှမမေ့တော့မယ့် နာမည်လေးတစ်ခု ကိုကို့လက်မှာ တက်တူးထိုးထားပေးမလားဟင်"

"ဘာနာမည်လဲ? . . ဟာကွာ . . ရှုပ်နေတောပဲ၊ ညည်းကတော့"

ကိုကိုက ဘယ်လိုပဲ စိတ်မရှည်ဟန်ပြပြ၊ နောက်ဆုံးတော့ ပန်းဖြစ်စေချင်တာကို မငြင်းခဲ့ပါ။ ပန်းက ကိုကို့ လက်ဖျံ နေရာကလေးမှာ 'ပန်းသတင်း' ဆိုသော နာမည်ကလေး ကိုကို ဘယ်တော့မှ မမေ့နိုင်တော့အောင် ရေးထိုးပေးစေခဲ့သလို ပန်းရဲ့လက်ကောက်ဝတ်နေရာကလေးမှာ 'ရွှယ်ရည်သွေး' ဆိုသော နာမည်ကလေးကို မြတ်မြတ်နိုးနိုး မှတ်တမ်းတင်ရေးထိုး ခဲ့ပါသည်။ ကိုကိုက ပန်းလုပ်သမျှကို တအံ့တဩ ငေးစိုက်ကြည့်လို့သာ နေခဲ့ပါသည်။ ဖြစ်နိုင်ရင် နှလုံးသားထဲမှာ ဘယ်တော့မှ မမေ့အောင် တက်တူးထိုး

ထားပေးချင်မိတယ် ကိုကို . . .။

ကိုကို့မျက်နှာက ရုတ်တရက် ခါးခါးသီးသီး
ပြောင်းလဲသွားခဲ့ကာ ပန်းလက်ထဲကနေ
ဆောင့်တွန်းရုန်းထွက်သွားပြီး အိမ်ကြီးဘက်ဆီသို့
ခပ်သုတ်သုတ် ထွက်သွားတော့သည်။ ပရိတ်သတ်
အားလုံးဆီက တအံ့တသြ အကြည့်တွေ ပန်းဆီ
ဝေါခနဲ စုပြုံကျရောက်လာခဲ့၏ ။

*

အခန်း(၁၀)

‘တစ်နှစ်’ ဆိုသော အချိန်ကာလသည် လျှင်မြန်စွာပင် ကုန်ဆုံးသွားခဲ့သည်။ ထိုတစ်နှစ်အတွင်းမှာ အပြောင်းအလဲက လေးတွေလည်းဖြစ်ခဲ့သည်။ ကိုကို့အဖေဆုံးသည်။ ကိုကို့အခြေအနေလည်း တဖြည်းဖြည်းဆိုးရွားသည့် ဘက်သို့သာ ပြောင်း လဲလျက်ရှိသည်။ အဖြစ်အပျက်တချို့ကို ကိုကို မမှတ်မိတော့။ အချိန်အခါ နေ့ရက်တွေကို ကိုကို မမှတ်မိတော့။ လူတချို့ကို ကိုကို မမှတ်မိတော့။ နေ့စဉ် လုပ်ရမည့်အလုပ်ကလေးတွေကိုတောင် ပန်းရဲ့ သတိပေးမှတ်စု စတစ်ကာလေးတွေဖြင့်သာ လုပ်ကိုင်ဖို့ သတိရတတ်သည်။ T.V ကို အကြာကြီးထိုင်ငေးကြည့်နေတတ်သည်။ စိတ်မထင်လျှင် မထင်သလို စိတ်တို၊ ဒေါသကြီးတတ်လာသည်။ ဆုံးဖြတ်ချက် အမှားအယွင်းတွေ ချတတ်လာသည်။ ပစ္စည်းတွေ တစ်ချိန်လုံးပျောက်နေကာ ပန်းကို ဒိုင်ခံ စွပ်စွဲတတ်လာသည်။

ပန်းဘက်က အပြောင်းအလဲကတော့ ပန်း သူနာပြုသင်တန်းကို ထူးချွန်စွာအောင်မြင်ခဲ့သည်။ ကားမောင်းတတ် အောင် သင်ခဲ့ပြီး ဆယ့်ရှစ်နှစ်ပြည့်တာနှင့် လိုင်စင်ယူထားလိုက်သည်။ အခုတော့ ပန်း ကိုကို့ကို အချိန်ပြည့် ဂရုစိုက်အချိန် ပေးနိုင်ခဲ့ပြီး။ ကိုကို့အနားမှာ ပန်း အမြဲနေခွင့်ရပြီ။ ကိုကို့မျက်နှာကို စာအုပ်တစ်အုပ်လို စိတ်ဝင်တစား (ချစ်မြတ်နိုးစွာ) ဖတ်ရှုနိုင်ခွင့်ရခဲ့ပြီ။

ပန်းရဲ့ ဆယ့်ရှစ်နှစ်မြောက်မွေးနေ့ပွဲ ကလေးကိုတော့ ပန်းရဲ့ သူနာပြုသင်တန်းက သူငယ်ချင်းတစ်ချို့ရယ်၊ ကိုကို့ ဆေးရုံက ဆရာဝန်တချို့ရယ်၊ ကြီးကြီးမိတ်ဆွေတချို့ရယ် ပါဝင်တဲ့ မိတ်ဆွေသူငယ်ချင်းတွေနဲ့ ခြံထဲမှာ မြန်မာ့အစားအစာ ပါတီပွဲကလေး ကျင်းပဖြစ်ခဲ့ပါသည်။ တကယ်တော့ ဒီပွဲကလေး ခြံထဲမှာ စုံစုံညီညီ လုပ်ချင်ကြောင်း ကြီးကြီးထံမှာ ခွင့်တောင်း ခဲ့ခြင်းဖြစ်သည်။ ကြီးကြီးကလည်း အသာတကြည်ပဲ လိုက်လျောပေးခဲ့တာပါပဲ။

ခြံထဲမှာပွဲမလုပ်ဖြစ်တာလည်း ကြာပြီမဟုတ် လား။ အကြော်စုံ . . . ရေမုန့် . . မုန့်ဟင်းခါး . . ရခိုင်မုန့်တီ . . အသုပ်စုံ . . . အုန်းနို့ခေါက်ဆွဲ . . နန်းကြီးသုတ် . . စသဖြင့် ကိုယ်ကြိုက်တာ ကိုယ်သွားမှာစားလို့ရအောင် ဆိုင်ကလေးတွေသဖွယ် စီစဉ်ပေးထားခြင်းဖြစ်သည်။ ဒေါ်ကြီးရယ်. . . အိမ်က

ကောင်မလေးတွေရယ် ဦးဆောင်ပြီး လုပ်ပေးနေကြသည်။ အချိုပွဲအတွက်က ဖာလူဒါ၊ မုန့်လက်ဆောင်း၊ ရွှေရင်အေး၊ သစ်သီးဖျော်ရည်မျိုးစုံရပါသည်။ မွေးနေ့ပါတီပွဲကလေးနှင့် မတူဘဲ မြန်မာ့အစားအစာ ဈေးရောင်းပွဲတော် ကလေးနှင့် ပိုပြီး တူနေ၏ ။ ကိုကိုကတော့ ဘာဆိုဘာမှ စိတ်ဝင်စားခြင်းမရှိတော့။

" ကိုကို ဒီနေ့ဘာနေ့လဲ သိလောင်းဟင် "

လို့မေးလည်း....

" ဘာနေ့လဲ ....."

ဟု မထုံတက်သေး ပြန်မေးတတ်သည်။

" ပန်း အသက်ဆယ့်ရှစ်နှစ်ပြည့်ပြီလေ ကိုကို၊ ဒီနှစ်တော့ ခြံထဲမှာ မွေးနေ့ပွဲကလေးလုပ်မယ်နော်၊ ကိုကို ဘယ်လို သဘောရသလဲ "

" ပန်းသဘောပေါ့၊ ပန်းမွေးနေ့ပဲ ဥစ္စာ "

ဟု ခပ်တိုတိုရှင်းရှင်း ပြန်ဖြေတတ်သော ကိုကိုဖြစ်သည်။ ပန်းရေးပေးသမျှ သတိပေးမှတ်စုစတစ်ကာကလေး တွေအတိုင်းတော့ မငြင်းမဆန် လုပ်ပေးရှာသား။ ပန်း ရွေးချယ်ပေးသော အဝတ်အစားကိုပဲ ကိုကိုဝတ်သည်။ ဘာရယ် ညာရယ်စောဒက တက်မနေခဲ့ပါ။

မွေးနေ့ပွဲကလေးကို လူတိုင်းနှစ်သက်ကြသည် ဘာဖြစ်လို့လည်းဆိုတော့ မြန်မာအစားအစာတွေကို တစ်နေရာတည်း မှာ အမျိုးစုံစားခွင့်ရသောကြောင့်

ဖြစ်သည်။ ရေမုန့်ဆိုင်ကလေးမှာ လူအစည်ဆုံး။ ခြံထောင့်နေရာကလေးမှာ ကာရာအိုကေ ဆိုလို့ရအောင် စီစဉ်ပေးထားသဖြင့် ပန်းရဲ့ သူငယ်ချင်းမ, ကလေးတွေတစ်ယောက်တစ်လှည့် ဖျော်ဖြေသီဆိုပေးနေကြ သဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ရှိလှသည်။

ပန်းသည် ကိုယ့်စိတ်ကူးနှင့် ကိုယ်မို့စိတ်လှုပ်ရှားမှုဖြင့် ရင်တထိတ်ထိတ်ခုန်လာလျက် ကိုကိုရှိရာဆီ လျှောက်သွား လိုက်သည်။ ကိုကိုက စားပွဲတစ်လုံးမှာ ခပ်ငူငူထိုင်နေခဲ့သည်။ ကိုကို့ကိုကြည့်ပြီး တစ်ခါတစ်ခါ လူ့ဘဝကြီးကို တော်တော် သံဝေဂရမိပါသည်။ ပန်းသိထားခဲ့သော ထက်မြက်တက်ကြွလွန်းသော၊ အရာရာမှာ စေ့စပ်တိကျပြတ်သားကာ စည်းစနစ်ရှိ လွန်းသော လုပ်စရာအလုပ်တွေ ရည်ရွယ်ချက်တွေ ပန်းတိုင်တွေ ထားတတ်လွန်းသော ကိုကို့ကို လူတစ်ယောက်ကိုမှ အရာရာကို စုပ်ထုတ်ယူငင်၊ ပြောင်းပြန်လှန်ချပစ်လိုက်သလို ချိုးချပစ်လိုက်သော ကံကြမ္မာကိုပဲ ရက်စက်လွန်းသည် ခေါ်ရတော့မလား....။ ပြောင်းပြန်လှန်ချပစ်လိုက်သလို ချိုးချပစ်လိုက်သော ကံကြမ္မာကိုပဲ ရက်စက်လွန်းသည် ခေါ်ရတော့ မလား.....။ ကိုကို့ကို ဒီပုံစံနှင့် မြင်ရတိုင်း ပန်း နင့်နင့်သည်းသည်း ငိုချင်မိမြဲဖြစ်သည်။

"ကိုကို.....လာ၊ ပန်းနဲ့ ခဏလိုက်ခဲ့ပေးနော်"

ဟုဆိုပြီး ပန်းက ကိုကို့လက်တစ်ဖက်ကို ဆွဲခေါ်လာခဲ့မိတော့လည်း ကိုကို့ခမျာ မငြင်းမဆန်ပါလာခဲ့တာပါပဲ။ ပန်းက ကာရာအိုကေဆိုနေသော သူငယ်ချင်းတွေဆီက မိုက်(ခ်)ကို တောင်းယူလိုက်လျှင် ပရိတ်သတ်ကပန်းများ သီချင်းဆို တော့မလားဟု စူးစမ်းကြည့်များဖြင့် လှမ်းကြည့်လျက်ရှိသည်။

"အားလုံးပဲ မင်္ဂလာပါရှင်၊ ဒီနေ့ ပန်းရဲ့ မွေးနေ့ပွဲကလေးကို စည်စည်ကားကားလေးဖြစ်အောင် တက်ရောက်ချီးမြှင့် ပေးကြတဲ့ မိတ်တွေသူငယ်ချင်းတွေအားလုံးကို ပန်းအရမ်းကျေးဇူးတင်ပါတယ်။ ဒီနေ့ကလေးကို ပိုပြီးအမှတ်တရဖြစ်သွား အောင် ပန်းတစ်ခုကြေညာချင်ပါတယ်၊

ကြေညာတယ်ဆိုတာထက် ပန်းကိုပညာသင်ပေးဖို့ ဒီကိုခေါ်လာခဲ့ပေးတဲ့ ပန်းရဲ့ မွေးစားမေမေ ကြီးကြီးဆီမှာ တိုင်တည်ပြီး ခွင့်တောင်းချင်တာပါ ကြီးကြီးရယ်၊ နားနဲ့မနာ ဖဝါးနဲ့ နာပေးစေချင်ပါတယ်၊ ပန်းနဲ့ကိုကို ချစ်သူတွေဖြစ်နေကြတယ်။ ပန်းတို့နှစ်ယောက်ကို လက်ထပ်ခွင့်ပေးပါနော်၊ ပန်းတို့နှစ်ယောက် ဘဝတစ်ခုကို အတူလက်တွဲပြီး မျှဝေခံစားရင်ဆိုင်သွားပါမယ် ... ”

“ဟာ ... ဒါ လုံးဝ မဖြစ်နိုင်ဘူး၊ မင်းနဲ့ငါ ဘယ်တုန်းက ချစ်သူတွေဖြစ်သေးလို့လဲ ပန်း၊ မင်း လိမ်တာ၊ မဟုတ်ဘူး မေမေ ... လုံးဝ မဟုတ်ဘူး”

ကိုကို့မျက်နှာက ရုတ်တရက် ခါးခါးသီးသီးပြောင်းလဲသွားခဲ့တာ ပန်းလက်ထဲကနေ ဆောင့်တွန်းရုန်းထွက်သွားပြီး အိမ်ကြီးဘက်ဆီသို့ ခပ်သုတ်သုတ် ထွက်သွားတော့သည်။ ပရိတ်သတ်အားလုံးဆီက တအံ့တဩအကြည့်တွေ ပန်းဆီ ဝေါခနဲ စုပြုံကျ ရောက်လာခဲ့၏ ။ ပါးပြင်နှစ်ဖက်ဆီမှာ ပူနွေးရှိန်းမြသော ရှက်သွေးဖြာမှုနှင့်အတူ ပန်း၏ နှလုံးသွေးတို့ ပြင်းထန်းစွာ တိုးလာကြသည်။ ပန်းဘယ်လောက်ထိ အရဲကိုးကာ စွန့်စားခဲ့ရမှန်း ပန်းတစ်ကိုယ်လုံး တုန်ရီနေခြင်းသာ သက်သေဖြစ်သည်။ နှုတ်ခမ်းထောင့်စွန်းကလေးတွေ တဆတ်ဆတ်တုန်ရီလာပြီး ပန်းစကား ဆက်မဆိုနိုင်လောက်အောင် စိတ်လှုပ်ရှား ရှက်ရွံ့တုန်လှုပ်နေမိစဉ် ကြီးကြီးလျှောက်လာကာ ပန်း၏ ပုခုံးကလေးကို အသာအယာပွေ့ဖက်ဆွဲယူလိုက်ကာ ရင်ခွင်ထဲမှာ ပွေ့ဖက်ထားလိုက်သည်။

“ပန်း ... သမီးဘက်က ဒီလောက်ထိ ပြန်ပေးဖို့ မလိုပါဘူး သမီးရယ်၊ သမီးကို ပညာသင်ပေးခဲ့တာ သမီးဆီက ဘာကိုမှ ပြန်ရကောင်းစေလို့ မျှော်လင့်ချက်မထားခဲ့တာ အမှန်ပါ၊ မေမေ နဲ့ကိုကို့ကို ကျေးဇူးဆပ်ချင်တာနဲ့ သမီး ဘဝတစ်ခုလုံး မြုပ်နှံပေးလိုက်ဖို့ မလိုပါဘူး၊ သမီးရင်ထဲက စိတ်စေတနာကို မေမေ နားလည်ပါတယ် ပန်းရယ်၊ သမီးစိတ်ကူးကို ဖျက်လိုက်ပါ၊ သမီး အသက်ကလေး ခုမှ ဆယ့်ရှစ်နှစ်ရှိသေးတယ်၊ ဘဝမှာ လုပ်စရာတွေ အများကြီး၊ အညွန့်တလူလူ

တက်လမ်းတွေ အများကြီးနဲ့၊ သမီးဖြစ်ချင်တာ ပညာတတ်တစ်ယောက်ပါကွယ်၊ ပညာတွေသာ ဆက်သင်ပါ၊ သာအတွက် သမီးဘဝကို နှစ်ပေးစရာ မလိုပါဘူး၊ တကယ်ပါ ...၊ သမီးရဲ့ စေတနာကို ကျေးဇူးတင်ပါတယ်”

“မဟုတ်ပါဘူး၊ မဟုတ်ပါဘူး ကြီးကြီးရယ်၊ ပန်း ကိုကို့ကို တကယ်ချစ်တာပါ၊ ပန်းရဲ့ဘဝဟာ ကိုကိုပါ။ ကိုကိုလည်း ပန်းကို ချစ်ပါတယ်၊ ကြီးကြီး ဒီမှာကြည့်ပါဦး၊ မနှစ်က ပန်းတို့ ချစ်သူတွေဖြစ်တဲ့ အထိမ်းအမှတ် နဲ့ တက်တူးလေးတွေတောင် အမှတ်တရ ထိုးခဲ့သေးတာပါ၊ ကိုကို့လက်မှာ ပန်းရဲ့ နာမည်လေးရှိပါတယ်၊ ပန်း ကိုကို့ကို နောက်ဆုံးအချိန်ထိ စောင့်ရှောက်ခွင့်ပေးပါ ကြီးကြီးရယ် ... နော်၊ ကိုကို မေ့သွားခဲ့တာပါ၊ ပန်းတို့ နှစ်ယောက် နှစ်ဦးသဘောတူ ချစ်ခဲ့ကြတာပါ။ ပန်းတို့ကို လက်ထပ်ခွင့်ပေးပါနော်၊ ပန်း ကိုကို့နားမှာ သူ့နောက်ဆုံးထွက်သက်ထိ နေခွင့်ရပါရစေနော်”

ပန်းရဲ့မျက်ဝန်းတွေမှာ မျက်ရည်တွေ စိုလက်၍ နစ်လာခဲ့သည်။ ပန်းကို ဖက်ထားသော ကြီးကြီး၏ လက်တွေ ပို၍ တင်းကြပ်သထက် တင်းကြပ်လာသဖြင့် ပန်းပင် အသက်ရှူလို့ မဝတော့ ...။

“ဘယ်တော့မှ မဖြစ်စေရဘူး ပန်း၊ ပန်းသတင်းဟာ ဒုတိယ ရွှေရည်မေ မဖြစ်စေရပါဘူး၊ သားအတွက် မေမေပဲ တာဝန် ယူမှာပါ၊ တစ်ချိန်ချိန်မှာ အားလုံးကို မေ့လျော့သွားပြီး သူစိမ်းတရံဆန်တစ်ယောက်ရဲ့ ဆက်ဆံခံရတဲ့ အခါ သူ့ကိုချစ်တဲ့ မိန်းမတစ်ယောက်ရဲ့ ရင်ထဲက စူးနေအောင်နက်ပြီး ခံစားရတဲ့ နာကျင်မှုများကို သမီးဘယ်တော့မှ မခံစားစေရပါဘူး၊ မေမေက ခံစားဖူးခဲ့လို့ ထုသားပေသားကျနေခဲ့ပြီး၊ မနာတတ်တော့တာတော့ မဟုတ်ဘူး၊ အပြင်းထန်းဆုံး နာကျင်ခဲ့ ပြီးသားမို့ နောက်ထပ် ဘယ်နာကျင်မှုများကိုမှ မမှုတော့တဲ့သဘောပါ။ ထုံပေနေခဲ့ပါပြီ၊ ငါ့သမီးနှလုံးသားက နုနုဖူးဖူးကလေး၊ ထိရက်တို့ရက်စရာ မရှိအောင်ကို နုနယ်လွန်းတာ ဒီဒဏ်ရာကို ဘယ်လိုလုပ်ပြီး ခံနိုင်မှာတဲ့လဲ၊ မဖြစ်နိုင်တာ၊ အဓိပ္ပာယ်မှ မရှိတာကို မေ့လိုက်ပါ သမီးရယ်၊ အခု ခဏ

အသည်းကွဲတာဟာ ဘဝတစ်လျှောက်လုံး စက္ကန့်နဲ့အမျှ နာကျင်နေရတာ ထက်စာရင်တော့ အများကြီး သက်သာပါသေးတယ်”

ပန်း ကြီးကြီး၏ မျက်နှာကို စိုးရိမ်တကြီး မော့ကြည့်မိသည်။ လောကဓံ၏ ရိုက်ချက်ပြင်းပြင်းတွေကြောင့် ထုသားပေသား ကျနေခဲ့သော အမျိုးသမီးကြီးတစ်ယောက်၏ ပြတ်သားသော မျက်နှာထားကို မြင်ရပါသည်။ သူမဘယ်တော့ မှ ပန်းကို ကိုကို နှင့် သဘောတူပေးစားမှာ မဟုတ်ကြောင်း ထိုမျက်နှာက အတိအကျ ဖော်ပြနေခဲ့ပါသည်။

သူရင်ထဲမှာ ခပ်တုံးတုံးဓားတစ်လက် စိုက်ဝင်နေသလို ပဲ ခံစားရသည်။ မဖြစ်နိုင်ပါ ...။ ချစ်သူတွေ ဖြစ်နေခဲ့ပြီတဲ့။ ဒီကလေးမကို သူ တကယ်ပဲ ချစ်တယ်လို့ ဖွင့်ပြောခဲ့မိသလား။ ဘယ်တုန်းကများ ပြောလိုက်မိတာပါလိမ့်။ သူ မယုံနိုင်ပါ။ မှတ်လည်း မမှတ်မိပါ။ သူ့မှတ်ဉာဏ်တွေထဲမှာ ဗလာသက်သက်ဖြစ်နေသည်။ သူ့ရင်ထဲနှလုံးထဲရဲ့ အနက်ရှိုင်းဆုံး တစ်နေရာမှာ အလုံခြုံဆုံး သိမ်းဆည်းလျှို့ဝှက်ထားခဲ့သော အမြုတေတစ်ခုနှင့် တူလှသည့် ထိုခံစားမှုကိုတော့ သူ့မှတ်ဉာဏ်တွေက မမေ့နိုင်သေးပါ။ သူ့မျက်စိအောက်မှာ အရွယ်ရောက် လူလားမြောက်ခဲ့သော်၊ သူ ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးခဲ့သော ဒီချာတိတ်မကလေး အပေါ်မှာ သူ စေတနာတွေ မျှော်လင့်ထက်သန်မှုတွေ ဖြစ်စေချင်စိတ် ပြင်းပြမှုတွေ နှင့် လေးလေးနက်နက်ရှိ လွန်းခဲ့တာတော့ သေချာသည်။ ကိုယ်စိုက်ပျိုးယုယခဲ့သော ကိုယ့်ပျိုးပင်ကလေးကို ခက်လက်ဖြာဝေ စိမ်းစိုလန်းဆန်းနေသော သစ်ပင်ကြီးတစ်ပင်အဖြစ်သာ ဖားဖားဝေဝေ မြင့်မြင့်မားမား ရှင်သန်စေချင်ခဲ့ သည်။ ဒီအပင်ရဲ့ အရိပ်အောက်မှာ သူ ပြန်ခိုလှုံဖို့၊ ဒီအပင်ကလေးကို လောင်းရိပ်မိသွားအောင် အညွှန့်ချိုးဖို့ဆိုတာ သူ့ စိတ်ကူးထဲမှာတောင် မတော်တဆ မတွေးထားခဲ့ပါ။ ထိုမိန်းကလေးကို သူ့နှလုံးသား၏ နက်နက်ရှိုင်းရှိုင်း တစ်နေရာက နေ ချစ်မြတ်နိုးမိကောင်းချစ်မြတ်နိုးမိမည်။ သို့သော် အဲဒီ အချစ်ကို ဘယ်တော့မှ

လူသိရှင်ကြားမဖြစ်စေရ…..။ သူစိုက်ပျိုးခဲ့ သော သစ်သီးသည် သူကိုယ်တိုင်အတွက်တော့ မစားသင့်သော အသီးဖြစ်သည်။ ထို့ကြောင့် ထိုမိန်းကလေးသည် သူ့အတွက် တော့ မချစ်သင့်သော အချစ်ဖြစ်သည်။

" ကိုကို….."

သူ့အတွေးတွေပင် မဆုံးသေး……။ တံခါးဖွဖွ ခေါက်သံနှင့်အတူ အခန်းထဲသို့ သူမဝင်လာခဲ့သည်။ နုနယ်ဖူးစင်စွာ လှပလွန်းသော မျက်နှာကလေး။ ဒီမျက်နှာကလေးကို မြင်ရတိုင်း သူ့အသက်ရှူခြင်းတွေ တဒင်္ဂတော့ ရပ်တန့်သွားတတ်မြဲပါ။ အသက်ရှူမှားလောက်အောင် လှတယ်ဆိုတာ ဒါမျိုးပဲလား မသိပါ။ သူ့အပေါ် အသေးစိတ်ကစပြီး အရိပ်တကြည့်ကြည့် ဂရုစိုက်နိုင်လွန်းသော မိန်းကလေး။ အသက်အရွယ်နှင့် မလိုက်အောင် အလိုက်သိတတ်လွန်းသူကလေးမို့လည်း သူပိုပြီ ချစ်မိသည်ထင်ပါရဲ့…..။

"ဘာလဲ….. မင်း ငါ့အခန်းထဲကို စွတ်စွတ်ပြီး ဝင်မလာနဲ့တော့ကွာ၊ အနေအထိုင် ဆင်ခြင်ကြရင် ကောင်းမယ်၊ မင်းနဲ့ငါ ချစ်သူတွေ မဟုတ်ဘူး"

သူခပ်တင်းတင်းပြောမိကာ သူမကို အမှတ်မထင် ဝေ့ခနဲ ခိုးကြည့်လိုက်မိသည်။ သူမ မျက်ဝန်းကလေးတွေမှာ ဆေးနှင့် နွားနို့ပူပူတစ်ခွက်… ပြီးတော့ စတစ်ကာကလေးတွေ….။

"ဆေးသောက်လိုက်ဦး ကိုကို၊ အဝတ်အစားလဲလိုက်ဦးလေ၊ မျက်နှာသစ်…. သွားတိုက်လိုက်ဦး"

သူမက သူ့စကားကို မတုန့်ပြန်ဘဲ သူမပြောချင်တာတွေပဲ ပြောပြီး သူမလုပ်နေကျအတိုင်း စတစ်ကာကလေးတွေ သူမြင်သာသမျှ နေရာအနှံ့မှာ လိုက်ကပ်လျက်ရှိသည်။ သူလည်း သူမကို ဒီ့ထက်ပိုပြီး နှစ်ရက်နိုင်သော အင်အားမရှိ။ ဆေးနှင့် နွားနို့ခွက်ကို အရင်သောက်လိုက်သည်။ ဖန်ခွက်မှာ ကပ်ထားသော ပန်းဆီရောင် စတစ်ကာကလေးပေါ်မှာ "ကိုကို့ကို ချစ်တယ်" ဟူသော

စာတန်းကလေးကြောင့် သူ့ရင်ထဲ ရှိန်းခနဲ ဖိုသွားမိသည်။ သူမက သူ့အတွက် အဝတ်အစား တွေ ထုတ်ပေးနေသော စတစ်ကာလေးတွေ ကပ်နေပြန်သည်။

သူ ရေချိုးခန်းထဲ ဝင်လာခဲ့ကာ သူမပြင်ဆင်ပေးထားသော သွားပွတ်တံကို ကိုင်ပြီး သွားတိုက်မျက်နှာသစ်တော့ မျက်နှာချင်းဆိုင်မှန်ပေါ်မှာ ကပ်ထားသော "ကိုကို့ကို ချစ်တယ်"ဟူသော စတစ်ကာကလေး။ သူ့နှလုံးသွေးတို့ ပူနွေးမြန်ဆန် လာရပြန်သည်။ ဒီကလေးမနဲ့တော့ မလွယ်ပါလားကွာ ...။

သူ အခန်းထဲ ပြန်ဝင်လာချိန်မှာ သူမ မရှိတော့။ အဝတ်အစားလဲဖို့ ကုတင်ပေါ်မှာ အဆင်သင့် တင်ပေးထားခဲ့တာကို သူ လဲဝတ်လိုက်တော့ အကျႌရင်ဘတ်မှာ ကပ်ထားသော "ကိုကို့ကို ချစ်တယ်"ဟူသော စတစ်ကာကလေးကို ခွာဖို့၊ မခွာဖို့ သူ အတော်လေး စဉ်းစားတွေဝေနေမိရင်း နောက်ဆုံးတော့ သူူ မခွာရက်တော့ဘဲ အိပ်ရာပေါ်တက်လှဲလိုက်မိသည်။ ခေါင်းအုံးပေါ်မှာ ခေါင်းချမိတော့ တောင့်တောင့်တောင့် ခုလုကလေးမို့ မျက်နှာခွာကာ ကြည့်မိတော့ "ကိုကို့ကို ချစ်တယ်" ဆို တဲ့ စတစ်ကာကလေး။ ဘုရား ဘုရား ... ဒီကောင်မလေး ရူးများနေပြီလား။ အခုမှ သတိထားမိတာက ကုတင် မွေ့ရာပေါ်မှာ လည်း "ကိုကို့ကို ချစ်တယ်" ဆိုသော စတစ်ကာကလေးတွေ အနှံ့အပြားကပ်ထားခဲ့သည်။ ဒီကောင်မလေးနဲ့တော့ ကြာရင် ခက်တော့မည်ထင်ပါရဲ့ ...။

*

## အခန်း(၁၁)

ပန်းနှင့် ကိုကို အပြင်ကပြန်လာချိန်မှာ ဧည့်ခန်းထဲမှာ ဧည့်သည်တွေ ရောက်နေကြသည်။

“ဟော ... ပြန်လာကြပါပြီ သားနဲ့သမီး၊ အေမီရေ ဟောဒါ ငါ့ရဲ့ သားအကြီးလေ ... ရှယ်ရည်တဲ့၊ ဟော ဒါလေးက ငါ ပြောပြောနေတဲ့ မွေးစားသမီးလေးပေ့ါ၊ အခု သူနာပြုသင်တန်းအောင်ထားပြီးသား၊ သားနဲ့ သမီး ဒါ မေမေ့ သူငယ်ချင်း ... အချစ်ဆုံး သူငယ်ချင်းပေ့ါ၊ သူတို့က အင်္ဂလန်ရောက်နေတာ ကြာလှပြီ၊ ဆယ့်ငါးနှစ်ကျော်ပြီနော် အေမီ၊ e-mail အဆက်အသွယ်လောက်ပဲရှိတာ၊ ဒါက အေမီသားလေး၊ ဟိုမှာပဲ ကျောင်းတက်ပြီး အခုတော့ ဆရာဝန်တောင် ဖြစ်နေပြီတဲ့၊ သားက G.P လုပ်နေတာနော်”

“ဟုတ်ကဲ့ခင်ဗျ ... ကျွန်တော် နရသူပါ”

“အေမီတို့က ဒီတစ်ခါ မြန်မာပြည်ပြန်လာတာ ရည်ရွယ်ချက်နဲ့ သမီးရဲ့၊ ဒီမှာ အေးဆေးနေကြဦးမှာ၊ ဒါကြောင့် ထမင်းဖိတ်ကျွေးရင်း သမီးတို့ လူငယ်ချင်းလည်း ခင်မင်ရင်းနှီးအောင်လို့ ...”

မေမေ့စကားကြောင့် ပန်းရင်ထဲ ထိတ်ခနဲဖြစ်သွားမိ၏ ။ မေမေပြောပုံဆိုပုံက အဓိပ္ပါယ်ပါပါရှိလိုက်တာ။ ပြီးတော့ သိပ်ပြီး ရုပ်ရှင်ဆန်လွန်းနေသလိုပဲ ...။

“ဟဲ့ ...ညည်းသမီးလေးက အချောအလှကလေးပါလား”

“အမလေး ပြောမနေနဲ့ ... ချောကလည်းချော၊ လိမ်ကလည်း လိမ္မာ၊ အလိုက်လည်း အရမ်းသိ၊ သူက ဆရာဝန်ဖြစ် ချင်တာ အေမီရေ၊ ရတ်တရက်ကြီး သားက ချက်ချင်းကောက်ဖြစ်သလို ထ,ဖြစ်တော့ သူ့အစ်ကိုကို ပြုစုဖို့ဆိုပြီး နာ့(စ်)သင်တန်းပဲ ယူလိုက်တာ၊ အသက်ကလေးက ခုမှ ဆယ့်ရှစ်နှစ်ရှိသေးတာ၊ သူကြိုးစားရင် အများကြီး ဖြစ်နိုင်သေးတာ နော် ... သူက အရမ်းတော်တာ အေမီရဲ့”

“ဟယ် ... သမီး ဆရာဝန်ဖြစ်ချင်လို့ကတော့ အန်တီတို့နဲ့သာ U.Kကိုလိုက်ခဲ့၊ ဟိုကျရင် ကျောင်းပြန်တက်ပြီး စာမေးပွဲ ပြန်ဖြေလို့ရတယ်၊ ကိုယ်တက်ချင်တဲ့လိုင်းကို မီဖို့ အမှတ်ပြည့်အောင်သာ ကြိုးစား ... တက်လို့ရတယ်၊ ဆေးကျောင်းတက်ခွင့် ရအောင် ကြိုးစားပေါ့”

“ဟင် ...။ အန်တီအေမီ ပြောနေပုံကလည်း ပိုင်ပိုင်နိုင်နိုင်ကြီး ရှိလိုက်တာ။ ဘာကို ဆိုလိုနေမှန်းမသိ။ အဓိပ္ပါယ် ပါပါကြီးလိုပင်။ သိမ်မွေ့ရည်မွန်သော မျက်နှာထားနှင့် “နရသူ”ဆိုသောသူကလည်း ပန်းကို စူးစူးနစ်နစ် စိုက်ကြည့်နေသော အကြည့်တွေထဲမှာ တစ်စုံတစ်ရာတွေ ပါဝင်နေသလို။ ကိုကိုကတော့ ရောဂါစဖြစ်ပြီးကတည်းက သိသိသာသာပဲ စကားနည်း သွားခဲ့ကာ ဘာမှ သိပ်ပြောလေ့မရှိတော့ပါ။ အရင်ကဆို ပန်းနှင့်ပတ်သက်သမျှ စွက်စွက်ဖက်ဖက် ရှိလှကာ နေရာတကာ သူပါတတ်သော ကိုကိုက အခုဆို ဘယ်အရာမှ သူနဲ့မဆိုင်တော့သလို၊ မပတ်သက်တော့သလို စိတ်ဝင်တစားကို မရှိတော့တာပါ၊ ပန်းရင်ထဲမှာတော့ တစ်ခုခုကို စိုးထိတ်ခံစားမိသော ပူလောင်မှုတစ်မျိုးကို ခံစားနေရပြီ။ ကြီးကြီးမှာ ဘယ်လိုရည်ရွယ်ချက် အစီအစဉ်တွေ ရှိနေခဲ့ပြီလဲ။

ကြီးကြီးနှင့် အန်တီအေမီကတော့ ငယ်သူငယ်ချင်းတွေလည်း ဖြစ်တော့ ရွှန်းရွှန်းဝေအောင် စကားတွေပြောနေကြတာ ဖက်လှဲတကင်းရှိလှသည်။ နရသူကတော့ ပန်းနှင့် စကားလက်ဆုံကျဖို့ ကြိုးစားလျက်ရှိသည်။

“ပန်း ဆယ်တန်းအောင်တော့ All Dထွက်တာဆို၊ ဆရာဝန်လိုင်းမီရက်သားနဲ့ ဘာလို့ သူနာပြုပဲ တက်ခဲ့တာလဲ”

တဲ့ ...။ ပန်းက ခပ်ဖွဖွပြုံးလျက် ကိုကို့ဆီ ရွှန်းရွှန်းစားစား ကြည့်မိသည်။

“ဘာလို့လဲဆိုတော့ ကိုကို့ကို ပြုစုချင်လို့ပါ၊ ကိုကိုက ပန်း ဆယ်တန်းအောင်ပြီးစမှာပဲ Early Onset Alzheimer's စ ဖြစ်တာလေ”

“ဩော် … စိတ်မကောင်းပါဘူးဗျာ၊ ခုနက အန်တီရွှေရည်ပြောပြထားလို့ သိရပါတယ်၊ ဆရာဝန်တစ်ယောက်ဆိုတော့ အရမ်းနှမျောဖို့ကောင်းတယ်နော်၊ ဒါပေမယ့် ဘာတတ်နိုင်မလဲလေ၊ ရှောင်လွှဲလို့မှမရတာ ၊ ရင်ဆိုင်ရမှာပဲပေါ၊ ပန်း ဆရာဝန်ဖြစ်ချင်စိတ် ထက်သန်တုန်းပဲဆိုရင် ဘယ်တော့မှ နောက်မကျပါဘူး၊ အင်္ဂလန်မှာ GCSE A Level ပြန်ဖြေပြီး ဆေးကျောင်းတက်ခွင့်ရအောင် ပြန်ကြိုးစားလို့ရပါတယ်”

“ကျွန်မ အင်္ဂလန်ထိသွားဖို့ အိပ်မက်တောင် မမက်ထားပါဘူးရှင် …”

“ဘယ်ပြောလို့ရမလဲ ပန်းရဲ့၊ ပန်းရဲ့ ကံကြမ္မာက ဘယ်လိုရှိမှန်းမှ မသိတာ၊ လူတစ်ယောက်ရဲ့ ကံဆိုတာ ကြိုမမြင်နိုင်ဘူးလေ”

သူက ထိုစကားကို ပြောချိန်မှာ အဓိပ္ပါယ်ပါသော အပြုံးတစ်မျိုးလည်း ပြုံးလိုက်ချင်ပါသေးသည်။ ကိုကို့ကို အရင်ကလို စကားဝိုင်းထဲ ဝင်ပါစေချင်ပေမယ့် ကိုကိုက တစ်ခွန်းမှ မဟ။ ညွှန့်သည်တွေနှင့်အတူ ထမင်းလက်ဆုံစားပြီး ညွှန့်သည်က ပြန်သွားချိန်မှာ ကြီးကြီးက ပန်းနှင့် နှစ်ယောက်တည်းတွေ့ကာ စကားပြောခဲ့သည်။

“ပွင့်ပွင့်လင်းလင်းနဲ့ အရှင်းဆုံးပြောရရင်တော့ သမီးကို နရသူနဲ့ လက်ထပ်ပေးချင်တယ် သမီး၊ အေမီတို့ မြန်မာပြည် ကို အခုက ပြန်လာတဲ့ရည်ရွယ်ချက်က သူ့သားအတွက် သင့်တော်မယ့် မြန်မာမိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ပေးဖို့ ပြန်လာတာ …၊ နရသူကလည်း ဟိုက မိန်းကလေးတွေကို မယူချင်ဘူး၊ မြန်မာမိန်းကလေးကိုပဲ လက်ထပ်ယူချင်တာတဲ့ သမီး၊ မေမေနဲ့ကလည်း ငယ်သူငယ်ချင်းတွေ ဖြစ်နေတော့ ဘာပြောစရာလိုသေးလဲ သမီးရယ်၊ အတိုင်းထက် အလွန်ပေ့ါ။ ဒီနေ့ သမီးကို သူတို့ လာကြည့်ကြတာ၊ ပြန်ခါနီး အေမီကတော့ ပြောသွားခဲ့ပြီးသား၊ သမီးကို အရမ်းသဘောကျတယ်တဲ့၊ သမီးအတွက် ဘယ်လောက်ကံကောင်းလိုက်သလဲ”

"ဘာကို ကံကောင်းရမှာလဲ မေမေ၊ ပန်း မသိတဲ့ ယောကျ်ားတစ်ယောက်ကို ပန်းက ယူရမှာလား၊ မယူနိုင်ပါဘူး မေမေရယ် ပန်း ကိုကိုကလွဲပြီး ဘယ်သူ့ကိုမှ လက်မထပ်ချင်ဘူး"

"တော်စမ်း ပန်း၊ ကိုကို့ကို ဆွဲမထည့်နဲ့၊ မဖြစ်နိုင်ပါဘူးလို့ ဘယ်နှစ်ခါပြောရမလဲ၊ သမီး သေချာပြန်စဉ်းစားစမ်း၊ သမီးကို မေမေတို့ ခေါ်လာခဲ့တုန်းက သမီးပြောခဲ့တဲ့ စကား သမီးမေ့သွားပြီလား? သမီး ပညာတတ်ကြီး ဖြစ်ချင်ပါတယ်ဆို၊ ဆရာဝန်မကြီး ဖြစ်ချင်ပါတယ်ဆို လူဆိုတာ ကိုယ့်ရှေ့မှာ ပေါ်လာတဲ့ အခွင့်အလမ်းကိုမှ ဖမ်းမဆုပ်တတ်ရင် ဘယ်တော့မှ အောင်မြင်မှာ မဟုတ်ဘူး နားလည်လား၊ နှလုံးသားကို ရှေ့တန်းတင်ပြီး အချစ်သူရဲကောင်းဘွဲ့လာပေးမှာ မဟုတ်ဘူး၊ အရေးကြီးတာ ကိုယ့်ဘဝ တိုးတက်မြင့်မားအောင်မြင်ဖို့ပဲ ... ဒါပဲ"

"ပန်းဘဝကို ကိုယ်မသိတဲ့ လူတစ်ယောက်လက်ထဲ စတေးပစ်လိုက်ပြီးမှ တိုးတက်အောင်မြင်မယ်ဆိုရင်လည်း နေပါစေတော့ မေမေ၊ ပန်း မအောင်မြင်ချင်တော့ဘူး၊ ပန်းချစ်တဲ့ လူတစ်ယောက်ရဲ့အနားမှာ နောက်ဆုံးအချိန်ထိ ပန်းကို သူ လိုအပ်နေသေးသရွေ့ ပြုစုစောင့်ရှောက်ပေးခွင့်ပဲ ပန်း လိုချင်တယ်"

"ခွင့်မပြုနိုင်ဘူး ပန်း ... ပန်းကို သားနဲ့ ဘယ်လိုမှ လက်ထပ်မပေးနိုင်ဘူး၊ မဖြစ်နိုင်ဘူး၊ ပန်းကို မေမေ ကိုယ့်သမီး ကလေးလို ချစ်လို့ မိန်းမသားချင်း ကိုယ်ချင်းစာလို့ ပြောနေတာ၊ ပန်း ရွေးဖို့ နှစ်လမ်းပဲရှိတယ်၊ မေမေတို့ကို တကယ် ကျေးဇူး သိတတ်တယ်၊ ကျေးဇူးဆပ်ချင်တယ်ဆိုရင် မေမေ့ စကားကို အသာတကြည် လိုက်နာပေးဖို့ပဲ၊ ဒုတိယလမ်းကတော့ မေမေ စီစဉ်တာကို လက်မခံနိုင်ဘူးဆိုရင် ပန်းအတွက် မေမေတို့ တာဝန်ယူပြီး ပညာသင်ပေးခဲ့ပြီးပြီ၊ ပန်းလည်း သူနာပြုအလုပ်နဲ့ အသက်မွေးဝမ်းကျောင်း အလုပ်တစ်ခုတော့ လုပ်လို့ရနေပြီ၊ ပန်းကို ဒီအိမ်မှာ ဆက်ပြီး လက်ခံမထားနိုင်တော့ဘူး ပန်း၊

ကိုယ့်ရွာကိုယ်ပြန်ချင်လည်း ပြန်၊ ပန်းသဘောပဲ ...”

မေမေက စကားကုန်ပြောလိုက်ပြီ။ ပန်းကို ထွက်ပေါက်မဲ့အောင် ချောင်ပိတ်လိုက်သလိုမျိုး၊ နာကျင်မွန်းကြပ်သော ဝေဒနာတစ်မျိုးကို နင့်မောစွာ ခံစားရပါသည်။ နှလုံးသားကို ဆုပ်ညှစ်ခြေမွထားသလိုမျိုး တင်းကြပ်ဆို့နစ်နေတာပါ။

“ပန်းကို အချိန်ပေးပါဦး မေမေ၊ ပန်း စဉ်းစားပါရစေဦး”

ပန်း ရှိုက်သံကလေးဖြင့် ပြောလိုက်မိပါသည်။

ထိုညက ပန်း အိပ်လို့မပျော်နိုင်ပါ။ ဝေဒနာတစ်မျိုးက ရင်ကို နှိပ်စက်ညှင်းပန်းလျက်ရှိသည်။ အိပ်မရပေမယ့် အတူတူ ဝရန်တာမှာ ထွက်ပြီး လေညင်းကလေးခံဖို့ ပန်း ဝရန်တာဆီသို့ ထွက်လာခဲ့မိသည်။ အချိန်က ညဆယ့်တစ်နာရီ ကျော်ပြီမို့ တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်လို့။ ပန်း ရင်ထဲမှာသာ မငြိမ်သက်နိုင် လောင်မြိုက်မွန်းကြပ်လို့ ...။ လရောင်သဲ့သဲ့ ဖြာဆင်းနေသော လသာဆောင်မှာ ပန်းထက် အရင်ကြိုပြီး ရပ်နေနှင့်သော အရိပ်တစ်ရိပ်က ပန်းကို ရုတ်တရက် အသက်ပင် မရှူနိုင်အောင် ဖမ်းစားခဲ့သည်။ ညဝတ်အကျႌနှင့် ကောင်းကင်ဆီ ငြိမ်သက်စွာ မော့ကြည့်နေသော လူတစ်ယောက်ကို။ ကိုကို ...။ ကိုကို ဘာလို့ မအိပ်သေးတာလဲ ??? ... ကိုကို ဘာတွေများ တွေးနေသလဲ ...?။

ပန်းသည် ခြေသံဖွဖွကလေး နင်းလျှောက်သွားကာ လှိုက်မောငိုချင်လာသော စိတ်နှလုံးဖြင့် ကိုကို့နောက်ကျော တည့်တည့်မှာ ရပ်လိုက်ပြီး ကိုကို့ကျောပြင်မှာ ပါးအပ်လိုက်မိကာ ကိုကို့ခါးကို သိုင်းဖက်ထားလိုက်မိသည်။ အံ့ဩစရာ ကောင်းတာက ကိုကိုက ရုန်းဖယ်သွားခြင်းမရှိဘဲ ပန်းရဲ့ သိုင်းဖက်ထားသော လက်အစုံကို ပြန်လည်ထိတွေ့ကိုင်တွယ်ထား ခြင်းပဲ ဖြစ်သည်။ ပန်း စကားမပြောနိုင်။ မျက်ရည်တချို့က ကိုကို့ကျောပြင်ဆီမှာ စွန်းထင်းသွားခဲ့သည်။ ကိုကို သက်ပြင်းဖွဖွ

ရှိုက်လိုက်တာကို ခံစားမိပါသည်။

“ဟို ကောင်လေးကို လက်ထပ်လိုက်ပါ ညီမလေး ...”

“ရှင် ...”

ကိုကို့အသံက တိုးဖွဲ့ညင်သာလွန်းနေပေမယ့် ပန်းကြားရလောက်အောင်တော့ လုံလောက်ပါသည်။ ဘုရားရေ ...။ ကိုကို ဒါတွေ သိနေတယ် !။

“ဟိုကောင်လေးကို လက်ထပ်လိုက်လို့ ပြောနေတာ မကြားဘူးလား ... သူ့ကိုယူပြီး အင်္ဂလန်ကို လိုက်သွား၊ စာမေးပွဲ ဆက်ဖြေ၊ ကျောင်းဆက်တက်၊ ဆရာဝန်ဖြစ်အောင် ကြိုးစား၊ ညည်း ဆရာဝန်ဖြစ်ချင်တာ မဟုတ်လား ?”

ကိုကို့အသံက အသိကလေးတစ်ချက် ပြန်ဝင်လာသလို ခါတိုင်းလို ပိုင်ပိုင်နင်းနင်း ရှိသည်။

“ဒါပေမယ့် ပန်းမှ သူ့ကို မချစ်တာ၊ ကိုကို့ကိုပဲ ချစ်တာ၊ ကိုကို့နားမှာပဲ နေချင်တာလေ”

“တော်စမ်းပါ၊ အရူးထမနေနဲ့၊ အချစ်ဆိုတာ အလကား၊ ငါ့ကို လာချစ်မနေနဲ့၊ ညည်းကိုယ် ညည်းပဲ ချစ်စမ်းပါ၊ ညည်း ကို ဆရာဝန်ဖြစ်စေချင်တယ်၊ ငါက ဘာမှ လုပ်ပေးနိုင်တော့မှာ မဟုတ်ဘူး၊ ဘဝမှာ ဒါပြီးရင် ဒါဖြစ်ရမယ်လို့ တရားသေ တွက်ထားလို့ မရဘူး၊ အချိုးအကွေ့တွေ ... အပြောင်းအလဲတွေ ... အနိမ့်အမြင့်တွေကို ရင်ဆိုင်ရမှာပဲ၊ အရေးကြီးတာက အခွင့်အရေးကို လက်လွတ်မခံဖို့ပဲ၊ ညည်း လိမ္မာသင့်တယ်”

ကိုကို့စကားသံတွေက ပြတ်သားရင့်ကျက်လို့ပါလား။ ကိုကို့ ရင်ထဲမှာ ဘာတွေများ ရှိနေမလဲ။ ပန်း သိချင်လိုက် တာ ...။

“ကိုကိုက တကယ်ပဲ ပန်း သူ့ကို လက်ထပ်စေချင်တာလား ဟင်”

“အင်း … ”

ကိုကို့ရဲ့ “အင်း” က သက်ပြင်းချက်သံနှင့် ပိုတူနေပါသည်။ “ပန်း သူ့ကို လက်ထက်ပြီး ဟိုကိုလိုက်သွားရင် ကိုကို့ကို အနီးကပ် ဘယ်သူပြုစုပေးမလဲ၊ ကိုကို မေ့တတ်တာတွေကို ဘယ်သူ သတိပေးမလဲ၊ ကိုကို့ရဲ့ ဝေယျာဝစ္စတွေ ဘယ်သူလုပ်ပေးမလဲ၊ ကိုကို့ကို ပန်း ဘယ်တော့မှ ပြန်တွေ့ခွင့်ရတော့မှာလဲဟင်”

ပန်းရဲ့ မေးခွန်းတွေမှာ ရှိုက်သံတွေ ဖြာနေခဲ့ပါသည်။

“ပူမနေနဲ့၊ ဒီလိုပဲ ဖြစ်သွားလိမ့်မယ်၊ မေမေ ရှိသားပဲ”

ကိုကိုက တိုတိုပြတ်ပြတ်ဖြေသည်။

“ပန်း ကိုကို နဲ့ မခွဲနိုင်ဘူး၊ ကိုကိုနဲ့ခွဲရရင် ပန်း ရင်ကွဲလိမ့်မယ်”

ကိုကို ဘာများပြောမလဲ .. ဟု ပန်း နားစွင့်ထားသော်လည်း ကိုကိုက ဘာမှဆက်မပြောတော့ဘဲ ငြိမ်သက်နေပြန်သည်။

သူ့ရင်ထဲမှာ သူ မက်မက်မောမော တန်ဖိုးထားနေမိသော အရာတစ်ခုကို လက်လွှတ်ဆုံးရှုံးလိုက်ရသော နာကျင် လွမ်းဆွတ်မှုတစ်မျိုးကို ခံစားနေရသည်။ အဲဒါ ဘာလဲ သူမသိ။ ဆက်ပြီးတော့လည်း အဖြေမရှာချင်။ အခု ဒီအတွေးကို စဉ်းစားနေရင်းကနေ ဖျတ်ခနဲနေမေ့သွားကာ သူ ဘာကို တွေးနေတာပါလိမ့် … ဟု ပြန်တွေးရတာ သူ့အဖို့ အတော်ခက်သည်။ ပြန်မမှတ်မိတော့ …။ စောစောက သူပြောခဲ့မိသော စကားတွေကို သူပြန်မမှတ်မိတော့။ သူ့ရင်ထဲမှာ တစ်ခုခုအတွက်တော့ ကြေကွဲဆို့နစ်နေသည်။ အဲဒါ ဘာကြောင့် မှန်းလည်း သူမသိ …။

လေဆိပ်ဘက်ကို ဘယ်လိုသွားရသလဲ …
လမ်းတွေကို သူ တကယ်မမှတ်မိတော့ ပါလား …
တက္ကစီငှားရမလား …………..

သူ့မှာ ပိုက်ဆံလည်းမပါ .................
ဖိနပ်ပင် ပါမလာခဲ့ ..................
ကားတွေ သွားနေသော လမ်းကြောင်းအတိုင်း သူ ဆက်ပြေး
လာခဲ့မိသည် ....
လမ်းဆုံးလမ်းခွတစ်ခုရောက်လျှင် သူဘယ်ဘက်သွားမလဲ
ဆိုတာ မသိတော့ ..........

*

# အခန်း(၁၂)

“Signature Garden” ထဲတွင် ပန်းနှင့် နရသူ နှစ်ယောက်တည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ငြိမ်သက်နေမိကြသည်။ မေမေ့စကားကို နားထောင်ပါ့မယ် ... ဟု ပန်း ခေါင်းညိတ်လိုက်ပြီးကတည်းက မေမေတို့ လူကြီးချင်းလည်း စကားတွေပြောဆိုညှိနှိုင်းလျက်ရှိကာ ပန်းနှင့် နရသူကိုလည်း လူငယ်ချင်း ရင်းနှီးမှုရအောင် ဟိုဟိုဒီဒီ လိုက်ပို့စေခဲ့သည်။ ပန်း လေ့လာရသလောက်တော့ နရသူသည် ယဉ်ကျေးသိမ့်မွေ့သော၊ ပေါင်းသင်းဆက်ဆံရေး ပြေပြစ်ကျွမ်းကျင်သော ပညာတတ်ယောကျ်ားတစ်ယောက်ဖြစ်သည်။ မိန်းကလေးတစ်ယောက်၏ အထာကိုလည်း နပ်သော လူရည်လည်သူတစ်ယောက်ပါပင်။ ပန်းကိုလည်း အရိပ်တကြည့်ကြည့် နှင့် ဂရုတစိုက်ရှိလွန်းလှသည်။

“ပန်း ချစ်သူတွေဘာတွေ ထားဖူးလားဟင်”

တဲ့။ သူကပဲ စ, မေးခဲ့သည်။ ပန်းက ငိုချင်ရက်လက်တို့ ဖြစ်သွားခဲ့တော့သည်။ သူကို ဒီခေါင်းစဉ်ရောက်အောင် ဆွဲခေါ်ချင် နေခဲ့တာကိုး။

“ရှင်ရော ... အချစ်ဆိုတာကို ဘယ်လိုနားလည်ထားလဲ ကိုနရသူ”

“ကျွန်တော်ကတော့ အချစ်တွေဘာတွေကို သိပ်လည်း နားမလည်ပါဘူး၊ ဒါပေမယ့် သူစိမ်းနှစ်ယောက် တစ်ယောက်ကို တစ်ယောက် ချစ်ကြဖို့ဆိုတာ ထူးဆန်းနက်နဲတဲ့ ဆက်သွယ်မှု တစ်ခုတော့ ရှိရလိမ့်မယ်၊ ကျွန်တော့်အတွက်တော့ အချစ်ဆိုတဲ့ ခံစားမှုနဲ့ တန်ဖိုးကို ရှင် တကယ် မသိသေးပါဘူး၊ ကျွန်မအတွက်တော့ အချစ်ကို နားမလည်နိုင်သေးခင်ကတော့ အချစ်ဆိုတာ ကိုယ်စိတ်ချမ်းသာ ပျော်ရွှင်ဖို့ အတွက် သူတစ်ပါးကို ချစ်တာလို့ ထင်ခဲ့တယ်၊ အချစ်ကို နားလည်လာချိန်ကျတော့ အချစ်ဆိုတာ ကိုယ်ချစ်တဲ့သူ စိတ်ချမ်းသာပျော်ရွှင်ဖို့ အတွက် သူတစ်ပါးကို ချစ်တာလို့ ထင်ခဲ့တယ်၊ အချစ်ကို နားလည်လာချိန်ကတော့ အချစ်ဆိုတာ

ကိုယ်ချစ်တဲ့သူ စိတ်ချမ်းသာ ပျော်ရွှင်ဖို့အတွက် ကိုယ့်ဘဝကို ပေးဆပ်ပြီးသား ဖြစ်နေနှင့်ခဲ့ပြီ”

ပန်းအတွက်တော့ အချစ်ဆိုတာ ဘယ်လောက်ထိ စွမ်းလှသလဲဆိုရင် ကိုကို့ကို ရည်ညွှန်းပြီး အချစ်အကြောင်း ပြောမိနေချိန်မှာတောင် ပန်းမျက်ဝန်းတွေမှာ မျက်ရည်တို့ဖြင့် စိုလက်နေခဲ့သည်။ နရသူက ပန်းကို ထူးဆန်းသော သတ္တဝါတစ်ကောင်လို ငေးကြည့်နေခဲ့သည်။

“ကျွန်မလေ .. လူတစ်ယောက်ကို ကျွန်မဘဝတစ်ခုလုံး ပေးဆပ်ရဲတဲ့အထိ ချစ်မိတယ်၊ သူ့အတွက် ဘာမဆို ကျွန်မ လုပ်ပေးနိုင်တယ်၊ သူ စိတ်ချမ်းသာပျော်ရွှင်ဖို့အတွက် ဘာမဆို… ဘာမဆို ကျွန်မ ပေးဆပ်နိုင်တယ်”

“ပန်း … ကျွန်တော်ကတော့ ပန်းပြောသလောက် လုပ်ပေးနိုင်မှာ မဟုတ်ဘူး၊ ဒါပေမယ့် ကျွန်တော့်မှာ သေချာတာတစ်ခုက ပန်းကိုမြင်လိုက်ရတဲ့နေ့ကစပြီး ဒီမိန်းကလေးဟာ My girl ပဲဆိုတာ သေချာသိလိုက်သလိုပဲ၊ အရမ်းလည်းပျော်သွားတယ်၊ စွဲစွဲလန်းလန်းလည်း တကယ်ဖြစ်တယ်၊ အချိန်တိုတိုကလေးပေမယ့် အဲဒီ လို တစ်ခုခုကို သေချာသိဖို့ဆိုတာ အချိန်နဲ့မှ မဆိုင်တာ၊ ဟောဒီလို လက်ဖျောက်တစ်ချက်အတီးမှာ သိလိုက်သလိုမျိုးလေ၊ ပန်းကို ကိုယ် လက်ထပ်ချင်တဲ့စိတ် ချက်ချင်းပဲပေါ်လာတာ… ကိုယ် တကယ်ပြောတာပါ၊ ယူကေမှာ ကိုယ် မိန်းကလေးတစ်ယောက် နှစ်ယောက်လောက် ရည်းစားထားခဲ့ဖူးတယ်၊ အဲဒီ လို လက်ထပ်ချင်စိတ် လုံးဝ ဖြစ်မလာဘူး၊ ကိုယ် အကြာကြီးတွဲနေခဲ့တာပဲ၊ ယူချင်စိတ်ကို မဖြစ်တာ၊ ပန်းကိုကျတော့ မတူဘူး၊ တကယ်.. တဒင်္ဂလေးပဲ၊ ကိုယ် သေချာပေါက်ပြောနိုင်တယ်၊ ပန်းကို ကိုယ် ချစ်နိုင်တယ်၊ အတူနေတာကြာလာရင် အချစ်ကို ကိုယ်တို့ ဖန်တီးနိုင်လိမ့်မယ်လို့ ယုံကြည်တယ်…”

သူ့စကားတွေက ပန်းရင်ကို မတိုးပါ။ ပန်းဖြစ်နေသော ရောဂါကတခြား၊ သူပေးသော ဆေးက တခြားလို ဖြစ်နေသည်။ ပန်းအတွက်တော့ သူပြောသလို

ဘယ်တော့မှ မဖြစ်နိုင်ဘူးဆိုတာ သေချာနေသည်။ ကိုကို့ကိုပဲ သတိရနေမှာ... နောက်ဆံတင်းနေမှာ၊ လွမ်းဆွတ်တမ်းတနေမိမှာ။ ဒီလူတစ်ယောက်ကို လက်ထပ်လျှင် ကိုယ့်ဘဝမြင့်မားတိုးတက်လာမယ်ဆိုတာ အပေးအယူဆန်ဆန် အတွေးအခေါ်မျိုးနှင့် လက်ထပ်ရမှာလောက် ရှက်စရာကောင်းတာ မရှိတော့ပါ။ ဒါပေမယ့် ပန်းမှာ ရွေးစရာလမ်း မရှိ။ ကိုကိုကိုယ်တိုင်ကလည်း ပန်းကို ဒီလိုလုပ်ဖို့ ဆုံးဖြတ်ပေးခဲ့သည်။ ပန်းဘဝက တွယ်ရာမဲ့လွန်းလိုက်တာ...။

ထိုရက်ပိုင်းတွေမှာ ပန်းရင်ထဲတွင် နှလုံးသား ပျောက်ဆုံးနေသလိုပဲ ခံစားရသည်။ အစစအရာရာ မေမေ စီစဉ်တဲ့အတိုင်း နာခံခေါင်းညိတ်ပေးထားလိုက်သည်။ မင်္ဂလာပွဲကိုတော့ ခမ်းခမ်းနားနားကြီး မလုပ်လိုပါ... ဟု ငြင်းခဲ့ရုံမှအပ ကျန်တာအားလုံး မေမေ့အစီအစဉ်တွေချည်းပါ။ နေ့ကောင်းရက်မြတ်ရွေးချယ်ပြီး အိမ်မှာပဲ လက်မှတ်ထိုးပွဲ ကလေးလုပ်ကာ ညဘက်ခြံထဲမှာ ဒင်နာကလေးလုပ်ဖို့ စီစဉ်ထားသည်။ ပန်းကို တစ်ခါတည်းခေါ်သွားနိုင်ဖို့လည်း နရသူကိုယ်တိုင် အားတက်သရော စီစဉ်လျက်ရှိသည်။ လိုအပ်သော စာရွက်စာတမ်းတွေအားလုံး ယူကေကို လှမ်းမှာကာ Fax ဖြင့် ချက်ချင်းပြန်ပို့သဖြင့် အစစ အဆင်ပြေသည်။ ပန်းအတွက် passport ကိစ္စတွေ အမြန်ဆုံးရအောင် မေမေကိုယ်တိုင် လိုက်လုပ်ပေးသည်။

လက်ထပ်ပြီးတာနှင့် သံရုံးမှာ ဗီဇာလျှောက်ရသည်။ မှီခိုဗီဇာဖြင့် လိုက်ရမှာမို့ ဘာအခက်အခဲမှ မရှိ၊ အဆင်ပြေသည်။ လေယာဉ်လက်မှတ်လည်း အခက်အခဲမရှိပါ။ အဲဒါတွေ ပန်း ဘာမှ လုပ်စရာမလို။ အဲဒါတွေ ပန်း ဘာမှ လုပ်စရာမလို။ နရသူကိုယ်တိုင်ပဲ တက်တက်ကြွကြွ စီစဉ်သွားတာ ဖြစ်သည်။ ဒီရက်ပိုင်းတွေအတွင်းမှာ ပန်း ဂရုတစိုက် စောင့်ကြည့်နေ မိခဲ့တာက ကိုကို့ အမူအရာတွေပဲ ဖြစ်သည်။ ကြည့်လိုက်ရင် တစ်ခုခုကို အမြဲတွေးနေသလို ဟိုးအဝေးကြီးကို ငေးငိုင်ကြည့်နေတတ်သည်။ စကားလည်း သိပ်မပြောတော့။ တစ်ခါတစ်ရံ ပန်းကို တစ်ခါမှ မမြင်ဖူးသူ သူစိမ်းတစ်ယောက်လို အကြာကြီး

တွေငေးကြည့်နေတတ်သည်။

“ပန်း လက်ထပ်တာ ကိုကို သဘောတူရဲ့လားဟင်”

လို့ အမှတ်မထင်မေးမိတော့…

“ဘာပြောနေလို့လဲ…”

တဲ့။ ခပ်ဆတ်ဆတ် ပြန်ဖြေသည်။

“ပန်းက အဝေးကြီးကို လိုက်သွားရတော့မှာလေ၊ ကိုကိုနဲ့ ဘယ်တော့ပြန်တွေ့ရလဲဆိုတာ မသေချာဘူး၊ ပြန်တွေ့တဲ့အခါ ကိုကို မမှတ်မိတော့မှာကိုပဲ စိုးတာ”

“အင်း… မပြောတတ်ဘူးလေ၊ မှတ်မိချင်မှ မှတ်မိတော့မှာပေ့ါ”

“ကိုကို ပန်းကို လွမ်းနေမှာလားဟင်”

“တစ်ခါတစ်လေပေ့ါ… ဥပမာ ဘာပြီးရင် ဘာလုပ်ရမယ်မှန်း မသိတဲ့အခါ”

ကိုကို့အဖြေက နာကျင်စရာကောင်းလိုက်တာ။ ကိုကို့အတွက် သတိပေးသော စတစ်ကာလေးတွေကို အခုတော့ ကိုကို့အခန်းရဲ့ နေရာအနှံ့အပြားမှာ ပန်းက စူပါဂလူးဖြင့် အသေကပ်ထားပေးခဲ့ပြီ။ ပြီးတော့ ပန်းကိုယ်တိုင် တီထွင်လိုက်သော အချိန်ဇယားနာရီကလေးတစ်ခု ဆွဲထားပေးခဲ့သည်။ ကိုကို တစ်နေ့တာ လုပ်ရမည့် အလုပ်တွေကို CD ပြားတစ်ချပ်မှာ စနစ်တကျ အကွက်ချပြီး ရေးပေးထားတာ နာရီလက်တံကလေးတွေ တပ်ပေးထားခဲ့ခြင်းဖြစ်သည်။ ဘယ်နှနာရီမှာ ဘာလုပ်ရမယ်ဆိုသော အချိန်ဇယားပေ့ါလေ…။

“ကိုကို့ကို ပန်း ဟိုကနေ အမြဲဖုန်းလှမ်းဆက်မယ်၊ ကိုနရသူက စီစဉ်ပေးမယ်တဲ့၊ Skype နဲ့ဆိုရင် vedio call လုပ်လို့ရတယ်၊ ကိုကို့ကို လှမ်းပြီး

သတိပေးနိုင်တယ်လေ သိလား”

ကိုကိုက ခေါင်းညိတ်ရုံသာ ညိတ်ပြပါသည်။ စိတ်ဝင်တစားမရှိ။

“ကိုယ့်ဘာသာကိုယ် ဆရာဝန်ဖြစ်အောင်သာလုပ်... ညည်း ဆရာဝန်ဖြစ်ရမယ်...”

ဟုသာ ပြောတတ်သည်။

ကိုကိုနှင့်မေမေ့ကို ထိုင်ကန်တော့ချိန်မှာ ပန်း ရင်တစ်ခုလုံး ဟာလာဟင်းလင်း ပွင့်ထွက်ကုန်သလို မခံမရပ်နိုင်အောင် နာကျင်ထိခိုက်ရလေသည်။ ပန်း တစ်ကိုယ်လုံး တုန်ရီနေခဲ့သည်..။ ကိုကို့မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်လာကာ ထိုမျက်ရည်တွေကို မျက်နှာလွှဲကာ သုတ်ပစ်၏ ။ မေမေကတော့ ခပ်တိုးတိုး ရှိုက်ပါသည်။

“ကြိုးစားပါ သမီးရယ်၊ သမီးကို မေမေယုံတယ်၊ သမီးက လိမ္မာပြီးသားမို့ အထူး ဆုံးမသွန်သင်ဖို့ မလိုတော့ပါဘူး၊ ကိုယ့်ခင်ပွန်းအပေါ်မှာလည်း အလိုက်တသိနဲ့ ဝတ္တရားကျေပွန်ပါစေနော်၊ အန်တီအေမီ့ကိုလည်း ဂရုစိုက်ပါ... ကြားလား”

ဒေါ်ရွှေရည်မေ့ ရင်ထဲမှာ ငိုချင်ပြင်းပြစိတ်တွေက လှိုင်းထန်လျက်ရှိသည်။ သားနှင့် သမီးရဲ့ သံယောဇဉ်ချစ်ခြင်း မေတ္တာတွေကို သိသိကြီးနှင့် ဖွတ်မိုတ်ခွဲခွာပစ်လိုက်ရတာ ကို ရင်ထဲမှာ နာကျင်လွန်းလှသည်။ ဒါပေမယ့် ဒီနည်းလမ်းကလွဲပြီး တခြားနည်းလမ်းမရှိပါ။ မျက်စိရှေ့မှာ နေ့စဉ်နှင့်အမျှ ကိုယ်ချစ်မြတ်နိုးလွန်းရသော၊ ဘဝတစ်ခုလုံး ပေးဆပ်မြှုပ်နှံထားမိသော ကိုယ့်ရဲ့ ချစ်သူဆီက မေ့လျော့ခြင်းတွေ မမှတ်မိတော့ခြင်းတွေကို နှလုံးသားတွေ ပဲ့ကြွေမတတ် နာကျင်ခံစား မြင်တွေ့နေရတာ ထက်စာရင် အဝေးကြီးမှာ တစ်ချိန်ချိန် မေ့မေ့ပျောက်ပျောက် ဖြစ်သွားကြမှာက ပို မသက်သာနိုင်ဘူးလား။ လောကမှာ မိန်းမသားတွေအတွက်

နှလုံးသားကို အထိခိုက်ဆုံးသော၊ အပြင်းထန်ဆုံးသော ရိုက်ချက်ဟာ ကိုယ့်ချစ်သူရဲ့ မေ့လျော့မမှတ်မိတော့ခြင်း၊ သူစိမ်းဆန်ဆန် အဆက်ဆံခံရခြင်းပဲ ဖြစ်သည်။ အဲဒီ ခံစားမှုကို ရွှေရည့်ဘဝတစ်လျှောက်လုံး ခံစားခဲ့ရခြင်းဖြစ်သည်။ ထိုခံစားချက်မျိုး ပန်းသတင်းရင်ထဲ မကူးစက်ချင်တော့။

သားရင်ထဲက ခံစားမှုကို မိခင်တစ်ယောက်ပီပီ ရွှေရည် ကူးစက်မျှဝေခံစားနိုင်ပါသည်။ သားရဲ့နှလုံးသားတွေ ကွဲကြေနာကျင်နေတာကို ရွှေရည် ခံစားမိသည်။ ထို့အတူပင် ပန်းသတင်းကို သမီးကလေးတစ်ယောက်လို ချစ်ခင်သံယောဇဉ် တွယ်ခဲ့ပြီးသားမို့ သမီးတစ်ယောက်အနေနဲ့ရော၊ မိန်းမသားချင်း စာနာနားလည်မှုနှင့်ပါ ပန်းရင်ထဲက ကြေကွဲနာကျင်မှုကို ခံစားမိလေသည်။

"အေး အေး… ငါ့ညီမလေး အစစအရာရာ အဆင်ပြေပါစေကွာ"

သူ့ဆုပေးသံက ခပ်တိုးတိုးနှင့် ခပ်အက်အက်ဖြစ်နေခဲ့သည်။ သူ့ရင်ထဲတစ်ခုလုံး ပေါက်ကွဲပွင့် ထွက်မတတ် တင်းကြပ်ဆို့ပိတ်လျက်ရှိသည်။ ကလေးတစ်ယောက်လို သူ ပြင်းပြင်းပြပြ ရှိုက်ငိုချင်နေမိတာ ဘာကြောင့်မှန်း သူ မသိချေ။ ကိုယ်တန်ဖိုးထား မက်မောလွန်းသော ရတနာတစ်ခုကို တစ်ပါးသူလက်ထဲ ထည့်ပေးလိုက်ရသည့် ဆုံးရှုံးနာကျင်ခြင်းနှင့် နှမြောကြေကွဲခြင်းကို သူနင့်နင့်နဲနဲ ခံစားနေရသည်။ သူ့နှုတ်ခမ်းတွေ ဘာကြောင့် ဤမျှ ဆွံ့အ, ပိတ်ဆို့သွားခဲ့ရတာ ပါလိမ့်။ ပြောချင်လွန်းသော စကားတစ်ခွန်းကို မျှော်လင့်တကြီး ရှိလွန်းနေသူကလေးကို သူ ဘာကြောင့် ပြောမပြနိုင်ခဲ့တာပါလိမ့်။ သူမအပေါ် သိပ်ရက်စက်လွန်းရာများကျနေပြီလား။ ဒါပေမယ့် ဘဝမှာ တစ်ခါတစ်ရံ ကိုယ်သိပ်ဖြစ်ချင်လွန်းသော ဆန္ဒတွေကို ချိုးနှိမ်ခြေမွပြီးတော့မှ ကိုယ်ချစ်မြတ်နိုး၊ တန်ဖိုးထားလွန်းသော သူမ၏ ဘဝကလေး မနစ်မွန်း။ မထိခိုက်အောင် ကာကွယ်ပေး ရတတ်ပါသည်။ ခုချိန်မှာ ရှိနေသေးသော သူမအပေါ် ထားရှိသည့် မေတ္တာစေတနာ၊ ချစ်ခြင်း သံယောဇဉ်နှင့် စွဲလန်းမြတ်နိုး ခြင်းတွေဟာ နောင်ငါးနှစ်၊ ဆယ်နှစ်လောက်ဆို သူ့မှတ်ဉာဏ်တွေထဲမှာ၊ သူ့နှလုံးသားထဲမှာ စွဲစွဲထင်ထင်

ကျန်ရှိနေသေးဖို့ မသေချာတော့ပါ။ ဒါကို သူသာလျှင် အသိဆုံး …။ သူ အဆင်ပြေ စိတ်ချမ်းသာပျော်ရွှင်စေဖို့ သက်သက်နှင့် သူမ၏ ဘဝကလေးကို မစတေးစေလိုပါ။ ထိုမိန်းကလေးသည် တစ်ချိန်ချိန်မှာ ကမ္ဘာတစ်ခု၏ တစ်နေရာရာမှာ အလင်းလက်ဆုံး တောက်ပနေမည့် ကြယ်တစ်ပွင့်ဖြစ်ရမည် …။

“ပန်းတို့ ခဏနေရင် လေဆိပ်ဆင်းရတော့မှာ၊ ကိုကို လိုက်ပို့ဦးမလားဟင် …”

ပန်းက မျှော်လင့်တကြီးမေးမိသည်။ ကိုကိုက ခေါင်းကို ခပ်သွက်သွက်ခါယမ်းပြပါသည်။

“မပို့ချင်ဘူး၊ ကိုယ့်ဘဝနဲ့ကိုယ် ဆက်လျှောက်တော့၊ အားအားရှိ ဖုန်းလည်းခေါ်မနေနဲ့၊ ကိုကို့ကို သတိရရင် စာကိုပဲ ဖိကြိုးစား၊ ဆရာဝန်ဖြစ်တော့မှ ပြန်လာခဲ့”

သူက ဒါပဲပြောမိသည်။ ဆက်ပြီးပြောချင်စိတ်လည်း မရှိတော့။ ပန်းက သူ့မျက်နှာကိုသာ အရိပ်တကြည့်ကြည့်။ သူရှောင်ဖယ်ဖယ်လုပ်နေလိုက်သည်။ ကိုယ့်အခန်းထဲ ပြန်ဝင်လာပြီး TV ဖွင့်ထားတာ TV ကိုပဲ သည်းသည်းမည်းမည်း စူးစိုက်ကာကြည့်နေခဲ့မိသည်။ တကယ်တော့ TV က ဘာတွေလွှင့်လို့ ဘာတွေပြနေမှန်းပင် သူ အာရုံမရှိ။ မကြာခဏ ဝေ့သီဝဲကျလာတတ်သော မျက်ရည်စက် တချို့ကို ခိုးကြိတ်တို့ သုတ်ပစ်နေမိသည်။

ညီမလေး … သူမ သွားတော့မယ်။ သူ့ကို ခွဲသွားတော့မယ်။ ဒီမျက်နှာကလေးကို သူ ဘယ်တော့မှ ထပ်ပြီး တွေ့မြင်ရမယ်ဆိုတာ မသေချာတော့ပါ။ ပြန်တွေ့သည့်တိုင်အောင် သူ သူမကို မှတ်မိနိုင်စွမ်းရှိပါဦးတော့မလား။ အဲဒီ အချိန်ဆို သူရဲ့မှတ်ဉာဏ်တွေ ဘယ်လောက်ထိ ပျက်စီးချွတ်ယွင်းနေလောက်ပြီလဲ …။

သူ လေသာဆောင်မှာရပ်ကာ တွေးချင်ရာတွေး၊

ငေးချင်ရာငေးနေမိသည်မှာ ဘယ်လောက်ကြာသွားသည် မသိ။ ခြံထဲမှာ နှုတ်ဆက်စကားသံတွေ၊ ကားပေါ်ပစ္စည်းတွေ တင်နေသံတွေ၊ ကားတံခါးပိတ်သံတွေ သူ ကြားနေရသည်။ သူ့မျက်ဝန်းတွေ ရုတ်တရက် မှိုင်းညို့လာသည်။ မျက်ရည်တွေ မျက်ဝန်းအိမ်ထဲပြည့်လျှံကာ ပါးပြင်ပေါ်အထိ စီးကျလာသည် ကို သူခံစားမိသည်။ ဒီတစ်ခါတော့ သူ မသုတ်မိတော့ချေ။

“ညီမလေးရယ် … မင်းကို ငါ ချစ်တယ်၊ မင်းကို ငါ ချစ်တယ်ဆိုတာ မင်းဘဝကလေး မြင့်မားဖို့ အောင်မြင်စွာ ချစ်တာ၊ ငါ့အတွက် ဘာမှမပါတဲ့ အချစ်မျိုးဆိုတာ မင်း နားလည်ဖို့ မလိုပါဘူး၊ တချို့အချစ်တွေက ပေါင်းစည်းမှ အဓိပ္ပာယ် ပြည့်စုံသွားတာ မဟုတ်ဘူး၊ ခွဲခွာလိုက်မှ ဒီအချစ်က ပြည့်စုံသွားတာမျိုးပါ၊ ဒါတွေကို နားလည်ဖို့ မင်း အခု ငယ်ပါသေးတယ် …”

သူ တတွတ်တွတ်၊ တဖွဖွ ရေရွတ်နေမိသည်။ ဟော … သူတို့ သွားကြပြီ။ ကားထွက်သံကြားရပြီ။ ကားရှေ့ခန်းမှာ နရသူ၊ နောက်ခန်းမှာ မေမေ၊ အန်တီအေမိနဲ့ ညီမလေး။ ပေါ်တီကိုကနေ ထွက်လာပြီး ခြံထဲကို ဖြတ်မောင်းစဉ်မှာ လည်ပင်းကလေး လိမ်ကာ အိမ်အပေါ်ထပ်ဆီ မော့ကြည့်လျက်ရှိသော ပန်း၏ မျက်ဝန်းကလေးတွေက သူ့ကိုမြင်တော့ ချက်ချင်းလက်ဖြာသွားကာ လက်ပြလေသည်။ သူ လက်ပြန်ပြဖို့ လက်ကို ရွယ်လိုက်ပြီးမှ လက်သီးတွေ ဆုပ်ကိုင်ကာ လက်မပြမိအောင် ချုပ်ထိန်းလိုက်ပါသည်။ သူ့ရင်ထဲမှာ ကွဲရှနာကျင်နေသော စူးစူးနစ်နစ် ဝေဒနာကြောင့် သူ အံတစ်ချက် ကြိတ်မိသည်။ ကားကလေး ခြံထဲကနေ ပျောက်ကွယ်ထားတဲ့အထိ သူ ရပ်နေဆဲ။ ပန်းရဲ့ ဦးခေါင်းကလေးက လုံးဝ ပြန်လှည့် မသွားခဲ့မိတာကို သူ့မျက်စိထဲက မထွက်တော့။ ကားကလေး သူ့မြင်ကွင်းထဲကနေ ပျောက်ကွယ်သွားပြီးဆိုမှ သူ့ကို တစ်စုံ တစ်ရာက နှိုးဆော်တိုက်တွန်းလိုက်သလို သူ အိမ်ပေါ်ထပ်ကနေ ဒရောသောပါး ပြေးဆင်းလာခဲ့မိသည်။ ဧည့်ခန်းတစ်ခုလုံး တိတ်ဆိတ်နေပြီ။ လူတစ်ယောက်မှ မရှိ။ သူခြံထဲအထိ ဆက်ပြေးဆင်းခဲ့သည်။ ခြံတံခါးကို တွန်းဖွင့်ကာ လမ်းသွယ်လေး

အတိုင်း သူ ဆက်ပြေးဆင်းလာခဲ့မိပါသည်။ သူ့ ရင်တစ်ခုလုံး ဝုန်းဒိုင်းကြဲပြောင်းဆန်လို့။ လမ်းသွယ်ကနေ လမ်းမကြီးပေါ်သို့ ရောက်လာခဲ့ပြီ။ သူတို့ ကားကလေး ဘယ်ဘက်ကို ထွက်သွားခဲ့ပါသလဲ။ သူ မမြင်ရတော့။ ကားနံပါတ်ကို သူ မမှတ်မိ။ ကားအဖြူရောင်တွေမှ အများကြီး။ လေဆိပ်ဘက်ကို ဘယ်လိုသွားရသလဲ၊ လမ်းတွေကို သူ တကယ်မမှတ်မိတော့ပါလား။ တက္ကစီငှားရမလား။ သူ့မှာ ပိုက်ဆံလည်းမပါ၊ ဖိနပ်ပင် ပါမလာခဲ့။ ကားတွေသွားနေသော လမ်းကြောင်းအတိုင်း သူ ဆက်ပြေးလာခဲ့မိသည်။ လမ်းဆုံလမ်းခွတစ်ခုရောက်လျှင် သူ ဘက်ဘယ်ဆင်းသွားရမလဲဆိုတော့ မသိတော့။ ထင်မြင်ရာ အတိုင်း စွတ်ရွတ်ဆက်ပြေးနေမိသည်။ ရင်တစ်ခုလုံး လှိုင်းထန်ကာ မောဟိုက်တုန်ယင်လာတဲ့အထိ သူ မရပ်မနား ဆက်ပြေး မိပါသည်။ သူ့ကိုယ်သူ ရူးသွားသလိုလည်း ခံစားမိသည်။

ဘယ်ဘက်မှာ ရှိနေမယ်မှန်း မသိသော လေဆိပ်သို့ မရောက်မချင်း ပြေးနိုင်သလောက် သူ ဆက်ပြေးနေဦးမည်။ နောက်ဆုံး အမော့ဆို့ကာ လဲကျသွားရင် သွားပါစေတော့။ ညီမလေးရဲ့ မျက်နှာကလေးကို နောက်ဆုံး အခွင့်အရေး အဖြစ်တော့ တစ်ကြိမ်လောက် သူ မြင်တွေ့ချင်နေခဲ့သည်။

“ညီမလေးရေ … မင်းကို ငါ သိပ်ချစ်လွန်းလို့ ငါ့ရင် အကွဲခံပြီး စွန့်လွှတ်လိုက်တာပါ”

သူပြေးနေရင်း အဲဒီ စကားကိုပဲ ထပ်တလဲလဲ တဖွဖွ ရွတ်ဆိုနေခဲ့မိလေသည်။ သူရင်ထဲမှာ နောင်တမပါသော နာကျင် ခြင်းတွေ အပြည့်အသိပ် …။

*

## အခန်း(၁၃)

“နောက်'၇'နှစ် ကြာသောအခါ ...”

ပထမဆုံးအကြိမ် မြန်မာပြည်ကို ခြေချမိချိန်တွင် ပန်းရင်တစ်ခုလုံး ရုတ်တရက်ချက်ချင်း အုံ့အုံ့ပျပျ လွမ်းလွမ်း ဆွတ်ဆွတ်ကြီး ခံစားလိုက်ရတာ ဆို့ဆို့ကျင်ကျင် နာကျင်မှုနှင့် စိတ်လှုပ်ရှား ရင်ခုန်မှုတို့ဖြင့် နှလုံးသားတစ်ခုလုံး ဖြောင်းဆန် အောင် လှုပ်ခါလာခဲ့သည်။ မျက်ဝန်းတွင် မျက်ရည်တို့ ချက်ချင်း စွတ်စို ပြည့်ဝိုင်းလာသောပန်းကို ခင်ပွန်းဖြစ်သူက ပခုံး ကလေး ပွေ့ဖက်ပွတ်သပ်ပေးကာ နှစ်သိမ့်ပေးသည်။ ကြင်နာယုယတတ်လွန်းသော၊ ဂရုတစိုက် ရှိတတ်လွန်းသော၊ နှစ်သိမ့်အားပေးတတ်လွန်းသော၊ ပန်းအတွက် စိတ်ဓာတ်ပိုင်းဆိုင်ရာရော၊ ဘဝတိုးတက်ရာလမ်းကြောင်းမှာပါ ကြီးမားစွာ ထောက်ပံ့မြှင့်တင့်ပေးတတ်လွန်းသော ခင်ပွန်းတစ်ယောက်ကို ရခဲ့သည့်အတွက် ပန်း အလွန်ကံကောင်းခဲ့ပါသည်။ သူ့ရဲ့ ဦးဆောင်ညွှန်ပြမှုအောက်တွင် ပန်း၏ ကြိုးစားအားထုတ်မှုတို့ ခရီးရောက်ခဲ့ရသည်။ ၇နှစ်လုံးလုံး ပန်း နေ့နေ့ညည မနားတမ်း ကြိုးစားခဲ့ရသည်။ ဆရာဝန်တစ်ယောက်ဖြစ်ဖို့ဆိုတာ တော်ရုံတန်ရုံ ဖွဲ့သတ္တိမျိုး ကြိုးစားအားထုတ်မှုမျိုးနှင့် မဖြစ်နိုင်ပါ။ ပန်းကိုယ်တိုင်က ဆရာဝန်ဖြစ်အောင် လုပ်မယ် ... ဟူသော ပန်းတိုင်အတိုင်း ဖွဲ့နပဲကြီးစွာ စွမ်းစွမ်းတမံ ကြိုးစားခဲ့လွန်း၍ ဆေးကျောင်းတက်ခွင့်ရခဲ့ကာ ဆရာဝန်ဖြစ်လာခဲ့ခြင်း ဖြစ်သည်။ အခုတော့ F1 ဟုခေါ်သော Foundation 1 ဆရာဝန် ပေါက်စ,ကလေးဖြစ်ခဲ့ပြီ။ ခွင့်ရက်တွေကို စုထားပြီး မြန်မာပြည်ပြန်ဖို့ကိုသာ စိတ်ဇောထက်သန်လွန်းနေသော ပန်းကို နရသူ ကိုယ်တိုင် ပြန်လိုက်ပို့ပေးခဲ့ခြင်းလည်း ဖြစ်သည်။

လေဆိပ်မှာ လာကြိုနေသော မေမေ့ကို အားပါးတရ ပြေးဖက်ထားမိသည်မှာ အကြာကြီး။ တော်တော်နှင့် ပြန်မလွှတ် မိ။ တင်းတင်းကြပ်ကြပ်ကြီး ဖက်ထားမိရင်း ကလေးတစ်ယောက်လို မျက်ရည်တွေ

ကျမိလေသည်။

“ကိုကိုရော မေမေ … ကိုကိုရော …”

“အိမ်မှာ ကျန်ရစ်ခဲ့တယ် သမီးရဲ့၊ သူ မလိုက်ချင်ဘူးတဲ့”

၇ နှစ်အတွင်းမှာ ကိုကို့မှတ်ဉာဏ်တွေ သိသိသာသာပင် လျော့ပါးလို့သွားခဲ့ပြီ။ အင်္ဂလန်ကနေ ပန်း ဖုန်းဆက်တဲ့အခါ ဖြစ်စေ၊ Skype ဖြင့် video call လုပ်သည့်အခါဖြစ်စေ၊ ကိုကိုနှင့် စကားပြောလျှင် ပန်းကချည်း ကရားရေလွှတ် တတွတ်တွတ် ပြောရသူ၊ မှာရသူ ဖြစ်သည်။ ကိုကိုက စကားတစ်ခွန်းမှ ပြန်ပြောတတ်တာ မဟုတ်။ စိတ်မရှည်လျှင် ထ,ရင် ထထွက်သွားချင် သွားတတ်သေးသည်။ တစ်ခါတစ်လေ စကားမပြောချင်ဘူး … ဟု ငြင်းဆန်ကာ ရှောင်ချင်ရှောင်နေတတ်ပြန်သည် …။

“ကိုကို နေကောင်းရဲ့လား မေမေရယ်၊ ပန်း တွေ့ချင်လှပြီ”

“တွေ့ရမှာပေါ့ သမီးရယ်၊ စိတ်အေးအေးထားပါဦး”

ပန်းတို့ မြန်မာပြည်ကနေ အင်္ဂလန်ကို ထွက်သွားသောနေ့က မေမေ့ကား လေဆိပ်ကနေအပြန် ပလက်ဖောင်း ဟိုဘက်မှာ တစ်ယောက်တည်းပြေးနေသော ကိုကို့ကို တွေ့လိုက်စဉ် မေမေ လန့်ဖျပ်ရှော့(ခ်)ရကာ ရင်ကွဲပက်လက်ဖြစ်ခဲ့ဖူး တာကို တော်တော်လေးကြာမှ ပန်းကို ပြန်ပြောပြခဲ့တာကို ပန်း ခုချိန်ထိ မမေ့တော့ပါ။ ကိုကို့ရင်ထဲမှာ ကိုကိုပြောမပြတဲ့ သံယောဇဉ် တွယ်တာခြင်းတွေ အမြစ်တွယ် ရှင်သန်ဆဲပဲဆိုတာကို ပန်း အကြွင်းမဲ့ ယုံကြည်ထားခဲ့ပါသည်။

အိမ်သို့ ရောက်ရောက်ချင်း ကားတောင် သေချာမရပ်သေးခင် ပန်း ကမန်းကတန်းဆင်းခဲ့သည်။

“ကိုကိုရေ ကိုကို…”

ကိုကို့အခန်းထဲသို့ တန်း၍ ဝင်လာခဲ့မိသည်။ ပန်းကပ်ပေးထားခဲ့သော

စတစ်ကာလေးတွေ နံရံအနှံ့မှာရှိတုန်း။ ကိုကိုကဆိုဖာတစ်ခုတွင် ထိုင်ကာ အဝေးကြီးဆီ ငေးကြည့်နေသည်။ ကိုကို့အတွက် သူနာပြုဆရာမတစ်ယောက် နံဘေးမှာ နေ့နေ့ညည အမြဲထားထားရပါပြီ။ မေမေ့ကိုပင် ကိုကို မမှတ်မိတော့ပါတဲ့။ နေ့စဉ် ကိုကို့တာဝန်တွေကို သူနာပြုလေးတွေကပဲ လုပ်ကိုင်ပေးရသည်တဲ့။

"ကိုကို ပန်း ပြန်ရောက်လာပြီ၊ ပန်းကို မှတ်မိရဲ့လားဟင်"

ပန်းက ကိုကို့ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်ရင်း အငမ်းမရ မေးလိုက်မိသည်။ ပန်းကို လှမ်းကြည့်လိုက်တော့ မျက်လုံးတွေက တောက်ပထက်သန်မှုတွေ ပျောက်ဆုံးလို့ ပါ။ ထိုမျက်ဝန်းတွေဆီက သူစိမ်းတစ်ယောက်ကို ကြည့်သလို ကြည့်လိုက်သော အကြည့်စိမ်းတစ်ချက်က ပန်းရဲ့နှလုံးသားကို ဓားချွန်ချွန်ဖြင့် ထိုးစိုက်ကာ မွှေနှောက်ဖွရှပစ်လိုက်သလိုပင် အသည်းခိုက်နာကျင်သွားခဲ့ရပါသည်။

"မမှတ်မိဘူး ... ဘယ်သူလဲ?"

"ပန်းလေ ကိုကိုရယ်၊ ကိုကို့ညီမလေးလေ၊ ကိုကိုက ဆရာဝန်ဖြစ်အောင် လုပ်ဆိုလို့ ပန်းကြိုးစားခဲ့ရတာ ၊ အခု ပန်း ဆရာဝန်ဖြစ်ခဲ့ပါပြီ ကိုကို၊ ကိုကို့ကို လွမ်းလွန်းလို့ ပန်း ပြန်လာတာပါ"

"အေး ... ကိုယ်လည်း အိမ်ပြန်တော့မယ်၊ ဘယ်နှနာရီ ရှိပြီ"

ကိုကိုက ဖျတ်ခနဲ ထ,ရပ်ကာ အခန်းထဲကနေ ထွက်ဖို့ ပြင်လိုက်သဖြင့် သူနာပြုလေးက ထ,လိုက်ဖို့ ကြိုးစားသည်ကို ပန်း မျက်ရိပ်ပြကာ တားမြစ်လိုက်ပါသည်။

"ပန်း လိုက်ပို့ပေးမယ်နော် ကိုကို ..."

ဟုဆိုပြီး ကိုကို့လက်တစ်ဖက်ကို ဆွဲကိုင်ထားလိုက်သည်။ ကိုကိုက ရုန်းမထွက်ပါ။ အသာတကြည်ပင် လက်ချင်းတွဲ ၍ ဆင်းလာခဲ့သည်။

ခုနှစ်နှစ်အတွင်းမှာ ရောဂါ၏ ဖိစီးနှိပ်စက်မှုဒဏ်ဖြင့် ကိုကို အတော်ရုပ်ကျသွားခဲ့ပြီ။ ဟိုးအရင်က ထက်မြတ်တော်လွန်းသော လူတစ်ယောက်နှင့် အခု မျှော်လင့်ချက်တွေ၊ မှတ်ဉာဏ်တွေ ပျောက်ကွယ်သွားခဲ့သော လူတစ်ယောက်သည် တခြားစီ တစ်ယောက်စီ ဖြစ်နေသည်။

ဧည့်ခန်းထဲမှာ မေမေနှင့် နရသူက စကားကောင်းနေရင်းကနေ ပန်းတို့ကို လှမ်းကြည့်သည်။ ပန်းက မျက်ရိပ်ကလေး သာ ပြခဲ့ကာ ကိုကိုနှင့် ဆက်လျှောက်လာခဲ့သည်။

"ဖိနပ်စီးဦးလေ ကိုကို ..."

ပန်းက ကိုကို့ဖိနပ်လေးကို ကိုကို့ရှေ့မှာ ချပေးတော့ အသာအယာပင် စီးလိုက်သည်။ ကိုကို့လက်ကလေးကို ခုလိုကိုင်ထားခွင့်ရတာ ကို ပန်း ဘယ်လိုနှစ်ခြိုက်မိမှန်းမသိ။ ငယ်ငယ်တုန်းက စည်းကမ်းအလွန်တင်းကြပ်ခဲ့သော ကိုကို့ကို အရှိန်အဝါကြီးတစ်ခုဖြင့် ပန်း အမြဲ ချစ်ကြောက်ရိုသေခဲ့ရပါသည်။ ခုတော့လည်း အဲဒီ ကိုကိုဟာ သူ မဟုတ်တော့သလို ကလေးလေး တစ်ယောက်လိုပင်။

လက်ချင်းတွဲရက်သားကလေး ခြံထဲမှာ ဆက်လျှောက်နေကြသည်။ ကိုကိုက တံခါးဖွင့်ပြီး အပြင်သို့ ဆက်ထွက်တာ ကို ပန်း မတားရက်သဖြင့် ဆက်လျှောက်ခဲ့မိကြသည်။

"ကိုကို့မှာ သိပ်ချစ်ရတဲ့ ညီမလေးတစ်ယောက် ရှိဖူးလားဟင် ? ..."

ဟု ပန်းက ဖွဲ့မလျှော့ဘဲ ဆက်မေးလိုက်မိသည်။ ကိုကိုက ခေါင်းညိတ်ပြပါသည်။ ဘာပဲဖြစ်ဖြစ် ပန်း အရမ်းပျော်သွား မိတာတော့ အမှန်ပါ။ ပန်းကို ကိုကိုမှတ်မိသည်ဖြစ်စေ၊ မမှတ်မိတော့သည်ဖြစ်စေ ကိုကို့ရင်ဘတ်၏ ဘယ်ဘက်တစ်နေရာ တွင် ပန်း နေထိုင်ခွင့်ရဖူးခဲ့သည်ဆိုလျှင်ပင် ပန်း ကျေနပ်နှစ်သိမ့်လိုက်နိုင်ပါသည်။ အချစ်ဆိုသော အရာက တစ်ခါတစ်ရံ တော့

ဖွင့်ဟဝန်ခံပြလိုက်ခြင်းထက် နှလုံးသားထဲမှာ အနက်ရှိုင်းဆုံး လုံခြုံစွာ သိမ်းဆည်းသိုဝှက်ထားခဲ့မယ်ဆိုလျှင်တောင် ပို၍ အဖိုးအနဂ္ဃထိုက်တန်နေပါသေးသည်။

စိတ္တသုခ၊ ကာယသုခဖြင့် ပြည့်စုံနိုင်ကြပါစေ . . .

မေတ္တာအားဖြင့် . . .

*

# ပြီး